## ကိုယ်ဖွားဘုရား အားထားသူများအကြောင်း

အမျှော်ဝင်သမားများမည်သည် မျှော်သလိုမမြင်
ကော်တင်မှာချည်းပင်။
အထင်ကြီးသမားမည်သည်လည်း ထင်သလောက်ကြီးမလာ
ခပ်ခွာ ခွာမှာချည်းပင်။
အလောင်းတော်ဥကား ... အဖော်အလျော်
မခံရတော့ခြင်းများကြောင့် မျက်စိတံခါး၊ နားတံခါးမှသည်
ပြင်၊ တွင်း တံခါးအားလုံးပင် အငြိမ်းရသွားတော့၏။
တံခါး အသွားမရှိ ကာယဝိဝေက ဆိုသည်ကား ငြိမ်ဆိတ်၏။
ကိုယ်ထားငြိမ် စိတ္တဝိဝေက ဆိုသည်ကပါ ငြိမ်ဖို့ပင်။
ကိုယ်ထား စိတ်ငြိမ်သော် ဥပဓိဝိဝေက နိဗ္ဗာန်ကား
ကြိုဆိုလျက်ကပင်။ ။

ကိုယ်ဖွားဘုရား အားထားသူများအကြောင်း ■ မဟာဗောဓိမြိုင်ဆရာတော်

ကျမ်းစာအမှတ် (၁၇)
အတွဲ - ၅/၆

အနန္တကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသည့်



# ကိုယ်ဖွားဘုရားအားထားသူများ အကြောင်း

( သိဒ္ဓတ္ထ နိဗ္ဗာန ကထာ )

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၄

KoKo Latt(ShweMahar) မိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။

နမော တေ ဗုဒ္ဓ ဝီရတ္ထု

လေခက္ခန္ဓကထာ

ကျမ်းစာအမှတ်-၁၇၊  အတွဲ-၅/၆

အနန္တကျေးဇူးတော်ရှင်
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
ရေးသားစီရင်အပ်သော

# ကိုယ်ပွားဘုရား အားထားသူများ အကြောင်း

(သိဒ္ဓတ္ထ နိမ္မာန ကထာ)

# မာတိကာ


○ ကျမ်းဦးနိဒါန်း ၁
○ ရုပ်နာမ်စုံ အပုံလိုက် တည်နေလျှင် သက်ရှိ ၃
○ ကိုယ်ပွားတော်အစ ဘုရင်ဗိမ္ဗိသာရ က ၉
○ ကောလဟလနှင့်အပြိုင် သာသနာပိုင်များ ပေါ်ထွန်းနေနှင့်ကြ ၁၇
○ အလောင်းကိုပင် တောင်းမလို့ ဟန်ပြင် ၂၂
○ တပည့်ကစွာ ဆရာကသေး ၃၈
○ သေချာပေါက်မို့ သေချာနေသူများ ရောက်လာ ၄၃
○ ကျင့်ခရီး နည်းသေးလို့ များလေလား ၄၉
○ သေချာမပေါက် သေချာတို့ သပိတ်မှောက် ၅၅
○ ချိန်နေသူ လွဲ၊ မချိန်သူများ တစ်,စွဲမည် ၆၃
○ သိစေချင်ရာ ဒါ ၇၁
○ ဘုရားနှင့်မတူ နူတတ်သည် ၇၈
○ ဘုရားနှင့် ကိုယ်ပွား အပြန်အလှန် လေးစားကြပုံများ ၈၃
○ ဘုရားထားခဲ့သော အပွားများ ၉၃
○ ကိုယ်ပွားအရာ အာဏာဖြင့် နှင်းအပ်ခြင်း ၁၀၂
○ မျက်ကွယ်ခြားမှ ထားခဲ့သော အပွားများ ၁၀၈
○ ယနေ့တိုင်ပွင့်နေသော ထိုဘုရား ၁၁၄
○ ဥဒ္ဒိဿတို့၏ အထက်က ဥဒ္ဒိဿများ ၁၃၄
○ ဘုရားပုံ ဆံဖျားမှ ဖဝါးအထိ လေ့လာနိုင်ပါသည် ၁၄၀
○ လူတို့လက်နက် ယုံကြည်ချက် ၁၄၉
○ သမ္မာအတွက် ယုံကြည်ချက် ၁၅၅
○ ယုံမှအစွမ်းထက်သော ထိုလေးမျိုး ၁၅၈
○ သဒ္ဒါမချို့ ကူးတို့တက်ကြ ၁၆၆
○ ဖုန်းနံပါတ် လှည့်ပေးပါ ၁၇၁
○ သင့်အား အမေးထားချင်၏ ၁၇၆
○ ကျမ်းပြီးနိဂုံး ၁၇၈

KoKo Latt(ShweMahar) ဗီသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## ကျမ်းဦးနိဒါန်း

**ဗုဒ္ဓဿစ ပမာဏာယံ၊ ရူပကံ နိမ္မိတံ ကတံ၊**
**သရဏံ ဗုဒ္ဓ မေဝါတိ၊ သမေတိ ဘဇ ဖလကံ။ ။**

**ယော** - သူတော်ကောင်းအစားစား အကြင်ဗုဒ္ဓဝါဒီများ သည်ကား၊
**ဗုဒ္ဓဿ** - သက်တော်ရှိ ဘုရားရှင်နှင့်၊
**ပမာဏံစ** - အလားတူပင်လျှင်၊
**နိမ္မိတံ** - ကိုယ်ပွားစင်စစ် ရုပ်စဉ် နာမ်ကိန်းဖြစ်သော၊
**ရူပကံ** - စိတ်အာရုံပြု ရုပ်တော်စုကို၊
**ကတံ** - ပြုစုစီရင် ရှိဦးတင်လျက်က၊
**အယံ** - ဤသည်ကား၊



**ဗုဒ္ဓမေဝ** - သက်ရှိလျှင်ဖြစ် ဘုရားရှင် အစစ်ပေတကား။
**ဣတိ** - ဤသို့၊
**သရဏံစ** - သက်ရှိအမှတ် အဖန်ဖန် အထပ်ထပ် အောက်မေ့ လတ်သော် လည်းကောင်း၊
**ဘဇံစ** - ဆွမ်း၊ ပန်း၊ ရေချမ်း လှူဒါန်းပုံသေ ရိုသေပျပ်ဝပ် မှန်ဆည်းကပ်သော် လည်းကောင်း၊
**ဗုဒ္ဓမေဝ** - သက်ရှိဘုရား ဖြစ်ငြား သူ့ရှေ့ သွားရောက် တွေ့ခွင့်ရ အလားပင်။
**ဖလကံ** - အကျိုးလက်ပြည့် ကိုယ်တိုင်မိကား၊
**သမေတိ** - ညီမျှစေသည်တကား။

♦ ♦ ♦

KoKo Latt(ShweMahar) ဓိသားစုမှ ဓမ္မဒါနကုသိုလ်ပြု ပူဇော်သည်။



## ရုပ်နာမ်စုံ အပုံလိုက် တည်နေလျှင် သက်ရှိ

လောကတွင် သက်ရှိ သက်မဲ့ အားလုံး ရုပ်ပုံ ရုပ်စုကား ရှိကြရမြဲပင်။ ရုပ်စုပင် အပုံလိုက် မရှိက တစ်ဖက် ကြည့်စရာလည်း မရှိ၊ သိစရာလည်း မရှိ ခံစား မှတ်သား စေတနာထားဖြင့် ခွဲခြားပြတတ်စရာလည်းမရှိ ဖြစ်တော့ရာ အားလုံးတို့နှင့် ဆက်ဆံခွင့်ပင် မရှိပြီ။ သို့ကြောင့် ရုပ်စုကား သက်သေအရာချ ပြသထားရစမြဲ။

သို့တစေလည်း ထို ရုပ်ပုံ နာမ်စုံ မကိန်းဝင်က အလျှင်ဝင်ရှင်စရာ အကြောင်းခံ ကင်းရော့မည်။ ဘဝင်စဉ် နှင်စရာ အကြောင်းခံလည်း ကင်းရော့မည်။ ညဉ်ရှင်ဝင် ဆင်ခြင်စရာ အကြောင်းခံလည်း ကင်းတော့သည်။

အကယ်တိတိ ရုပ်အစုံ နာမ်ဟုန် အကုန် ကိန်းဝင်ခဲ့လျှင်ကား အကြည့်တာဝန်က ကြည့်စရာတွေ့ ကြည့်ပေးလိုက်ခြင်း။



အသိတာဝန်က သိစရာရှိ သိပေးလိုက်ခြင်း။ ထို့နောက် ခံစားလှည့်ကျက ခံစားစရာရှိ ခံစားသိဖြင့်ပင် အသိ ပို့ပေးနေတော့ခြင်း။ မှတ်သားလှည့်ကျက မှတ်သားစရာရှိ မှတ်သားသိဖြင့်ပင် အသိ ပို့ပေးနေတော့ခြင်း။ စေတနာထား လှည့်ကျများက စေတနာထားစရာရှိ စေတနာထား အသိဖြင့်ပင် အသိ ပို့ပေးနေတော့ခြင်း။ နောက်ဆုံး ဆုံးဖြတ်လှည့်ကျကလည်း ဆုံးဖြတ်စရာရှိ ဆုံးဖြတ်သိဖြင့်ပင် ဆုံးဖြတ်ပေးလိုက်တော့ခြင်း။

လောကတွင်း ကွင်းဆင်းအလုပ် ဤသို့ပင် လုပ်ပိုင်ခွင့်ရှိလာစေ၏။ ရုပ်ဖြစ်စဉ် အလျှင် အရှင်ထားခြင်း ဘဝင်ကစားခြင်း ညဉ်ရှင်ဝင်စားခြင်း အကြောင်းခံများကြောင့်တည်း။

ထိုသို့ ဖြစ်လာသောအခါ တစ်ဦးကို အကြောင်းခံထားတစ်ဦးက အကျိုးမွေးဖွားပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်ဆံခွင့်များ ရလာစေ၏။ တစ်ဦးက အာရုံခံ နေရာဝင် ကျန်တစ်ဦးက အာရုံစဉ် ဆင်ခြင် ခံစားပေးခြင်းဖြင့်လည်း လောကဓံစုံ အာရုံဘုံ တည်ဆောက်ပေးနိုင်လာကြ၏။

ခန္ဓာသည် သူ့အစုနှင့်သူ နေရာယူပေးနေခြင်းကြောင့်တည်း။ အာယတနသည် သူ့တံခါးနှင့် သူ့ဖဝါး အကြောင်းခံထားပေးနေခြင်းကြောင့်တည်း။ ဓာတ်များသည် သူ့သတ္တိနှင့် သူ့အစွမ်း အထမ်းစုံ ထမ်းပေးနေခြင်းကြောင့်တည်း။ သစ္စာများသည် သူ့အဖြစ်နှင့် သူ့သနစ် စနစ်တကျ လှစ်ပြပေးနေခြင်း

ကြောင့်တည်း။ ဤသည်မှာ ရုပ်စုံ နာမ်စုံချင်း အရင်းအနှီး ခင်းကျင်းပုံစကားများ ဖြစ်၏။

ယနေ့ ဘုရားနှင့် သားသမီးများကား ထိုနှင့်တူ၍ တစ်မူထူးခြားသော အနေအထားတည်း။ ဘုရားကား ရုပ်လည်းမကြွင်း နာမ်မချဉ်း ဓာတ်မျှ တင်းလင်းရှိသော နိဗ္ဗာန်ဘုံမှာ။ သားသမီးများကား အချို့ လူ့ဘုံ၊ အချို့ နတ်ဘုံ၊ အချို့ ဗြဟ္မာဘုံများမှာ။ ဆုံနိုင်စရာ အကြောင်းမရှိ၊ ဆက်ဆံခွင့် ရနိုင်စရာ အပေါက်အလမ်းကလည်း နတ္ထိ။ ထိုစဉ် ဘုရားနှင့်သား ဆက်ဆံနိုင်စရာ အကြောင်းခံများအဖြစ် ဓာတ် ဓာတ်ချင်းများက သက်သေခံအလား အစားဝင်ရောက်လာကြပြီ။

(က) လွှင့်ထုတ်အားရှိသော မြန်မာ့အသံနှင့် ဖမ်းအားရှိသော ရေဒီယိုများပမာ။

(ခ) တွန်းပို့အား ကြီးမားသော ရုပ်လွှင့်၊ သံလွှင့်များနှင့် ဖွင့်ခံအားရှိသော တီဗွီများပမာ။

ဘုရားရှင်၌ရှိသော ဓမ္မာယတန - ဓမ္မဓာတ်အားများသည် အကြောင်းခံအဖြစ်ဖြင့် ထင်ရှားဆဲ။ သားသမီးများ၌ရှိသော မနာယတန - မနောဓာတ်အားများလည်း အကြောင်းခံအဖြစ် ထင်ရှားဆဲ။ ထိုအကြောင်းခံ အကြောင်းခံချင်း အာရုံခံ လမ်းထား အသွားချင်းတူ၊ အားချင်းတူ ဖြစ်နေတော့လျှင် အကျိုးပြကား . . . ထိုသား၊ သမီးများရှိ မနောဝိညာဏ်၌ ဓမ္မဓာတ်သား



ဘုရားပုံသွင် လိုင်းရိပ်ကား အကုန်ဝင်တော့သည်သာ။

ရှင်တော်ဂေါတမသာ ပရိနိဗ္ဗာန် ဝင်စံကြွသွား၏။ ဘုရားကား မသေသေးပါ။ သားတို့၊ သမီးတို့ဘက်ကသာ ရုပ်စုံ နာမ်စုံဖြင့် အာရုံယူတတ်ကြလျှင် ဘုရားရှင်သည်လည်း ရုပ်ပုံ နာမ်ပုံအတိုင်း လိုင်းချင်းယှဉ် အလျှင်ဝင်လာပါသေးသည်။

သမထဖြင့် ဘုရားဂုဏ် (ပုံတွင် ဂုဏ်လျှင်ကပ်၍) အာရုံယူရင်းက သက်ရှိဘုရားနှင့် ပက်ပင်းတွေ့ တွေ့ကြရခြင်း၊ ဘုရားစကား နားဆတ်ဆတ်ကြားဖြင့် နာခံမှတ်သားခွင့် ရခြင်းများ ယနေ့ ကိုယ်တွေ့ ဖြစ်ရပ်ရှင်များ မဆိတ်သုဉ်းသေး။

ထိုသို့ ဘုရားနှင့်သား အာရုံယူ အာရုံထား အပေးအယူ ဆက်ဆံခွင့်ရရာ အကြား၌ကား ဗုဒ္ဓဝါဒီတိုင်း ဘုရားရှင်နှင့် ချွတ်စွပ်တူ၊ ပုံတူ ကိုယ်ပွားတော်များ ထုလုပ်ထားလျက်က အားကိုးအားထားပြု အာရုံဝင်သည်အထိ ရှုလေ့ရှိကြ၏။

ယင်းမှာ တစ်မြို့နှင့် တစ်မြို့ အလှမ်းဝေးချင်း သတင်းဆက်သွယ်ရာများ၌ လည်းကောင်း၊ တစ်ပြည်နှင့် တစ်ပြည် အလှမ်းဝေးချင်း သတင်းဆက်သွယ်ရာများ၌ လည်းကောင်း၊ တစ်တိုက်နှင့် တစ်တိုက် အလှမ်းဝေချင်း သတင်းဆက်သွယ်ရာများ၌ လည်းကောင်း ကြားခံ တယ်လီဖုန်းသည် ရှိ၏။ ထိုတယ်လီဖုန်း၌ ဆက်သွယ်စရာ၏ သင်္ကေတနှိုး နံပါတ် ဂဏန်းများလည်း ပါရှိ၏။ ထိုဂဏန်းသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံခွင့်ရရန် နှိုးဆော်ပေး၊

ခေါ်ပေးသော ကြား,တမန်တည်း။ ဖုန်းအိမ်ကား တစ်ဦးနှင့် တစ်ဦး သူ့အိမ် ကိုယ့်အိမ်များမှနေ နှစ်ကိုယ်တူ ချိန်းတွေ့ရန် ကြားခို,အိမ်တည်း။

ထိုစဉ် တစ်ဦးချင်း နှီးနှောခွင့် မရမီ တယ်လီဖုန်း နံပါတ်များ ၌သာ စိတ်နားခိုပြီး၊ နှစ်ဦးသား နှီးနှောမိကြလျှင်ကား သူ့အသံ ကိုယ့်အသံတို့အကြား စိတ်ကစားနေကြပြီပမာ. . . ဗုဒ္ဓဝါဒီတို့ အမြတ်တနိုး ကိုးကွယ်ထားသော ထိုရုပ်တု ကိုယ်ပွားတော်များကလည်း အစ ပထမ အာရုံယူစရာ ကြားခံကိရိယာ တစ်ခုမျှပင် ဖြစ်၏။

ယနေ့ ဤတိုင်း ဤပြည်တရိုး ဝါဒအမျိုးမျိုးတို့ ထိုးနှဲ့ ဝင်ရောက်လာချိန် အချို့ဝါဒခြားများက နင်တို့ ဗုဒ္ဓဘာသာက ရုပ်တု ဘုရားလုပ် ကိုးကွယ်နေကြတာ။ ငါတို့ ဘာသာက ဘုရားကို ဘုရားအဖြစ် ကိုးကွယ်နေကြတာ။ ဤသို့လည်း စွပ်စွဲပုတ်ခတ်ကြ၏။ အချို့ဝါဒခြားများက “ယူတို့က အမင်္ဂလာကို မင်္ဂလာထင်ပြီး အိမ်ဦးစင် တင်ထားကြတာ၊ အိုင်တို့ကျတော့ ကောင်းကင်ဘုံ အာရုံပြုလိုက်ရုံနဲ့ ကိုးကွယ်ခွင့်ရတာ။” ဤသို့လည်း ဝေဖန် နှိုင်းယှဉ်ပြလေ့ရှိကြ၏။

ထိုစဉ် ရုပ်တုတော်အကြောင်း ကောင်းကောင်း မသိရှာကြသော ဗုဒ္ဓဝါဒီများကား ပါးစပ်အဟောင်းသား ဘာဆို ဘာမျှ ပြန်လည် ချေပစရာစကား ထွက်မလာကြတော့ပြီ။



ဤစာစဉ်ကား ကိုယ်ပွားတော် ဖြစ်ပေါ်လာပုံ နောက်ခံ ရာဇဝင်ကြောင်းများနှင့် ကိုယ်ပွားတော် ချဉ်းကပ်လုပ်ကျွေးခြင်းဖြင့် မိမိလိုရာအကျိုး ပြီးစီးပုံများ ပြောဆိုရာ စကားများပင်။

သို့ကြောင့် ဤစာစဉ် ကြည့်မိ၊ ရှုမိကြသော သူတော်ကောင်းအစားစား ဗုဒ္ဓဝါဒီများသည် ကိုယ်ပွားရုပ်တုတော် ကြားခံနေရာထား၍ တကယ့်သက်ရှိ ရှင်တော်မြတ်ဘုရား၏ ထံမှောက် အရောက်သွားနိုင်ကြပါစေ။

**မဟာဗောဓိမြိုင်ဆရာတော်**

၁၃၆၅-ခုနှစ် ပြာသိုလပြည့်ကျော် ၁၄-ရက်နေ့။

## ကိုယ်ပွားတော်အစ ဘုရင်ဗိမ္ဗိသာရ က

ဘုရားပွင့်ချိန်ဆဲဆဲ၏ ကာလအတွင်းမှာပင် ရာဇဂြိုဟ်ပြည် ဝယ် ဗိမ္ဗိသာရဆိုသော ဘုရင် ပေါ်ထွန်းနေချေပြီ။ ထိုစဉ်က အရိယတိုက် (အာရှတိုက်)အတွင်းဝယ် ကောလဟာလ သတင်း များကလည်း ပျံ့နှံ့နေချိန်ဖြစ်၏။ ယင်းကား . . .

“လောကမှာ ဗုဒ္ဓ . . . အမှန်ခင်းကို ကိုယ်တိုင် ထိုးထွင်း လင်း လင်း ရှင်းရှင်းကြီး အသိပိုင်၊ အမြင်ပိုင်၊ တရားပိုင် ဘုရား အထင် အရှား ပွင့်ပေါ်တော့မည်” ဟူ၍တည်း။ ထိုသတင်းဖြန့်စကား ကို . . .

၁။ **လောကပါလနတ်**- လောကခေါ် လူအပေါင်းအား ထိန်း ကျောင်း စောင့်ရှောက်ပေးနေသော သူများကလည်း နှိုး ဆော်သောအား စကား ပျံ့နှံ့ပေးနေကြ၏။



၂။ **သမ္မာဒေဝနတ်**- သမ္မာဒိဋ္ဌိ မဂ္ဂင်ယာဉ်ဖြင့် သောတာပတ္တိ မဂ်အထိ ဝင်ရောက်ပြီးသော သူများကလည်း နှိုးဆော် သောအား စကားနားထွင်း သွင်းပေးနေကြ၏။

၃။ **သာသနာစောင့်နတ်**- သာသနာ တစ်ခုနှင့် တစ်ခုတို့ အကြား သူတော်ကောင်းတရား အစဉ်အဆက် ပြတ်ခြား မသွားစေရန် ထိန်းသိမ်းထားသူများကလည်း နှိုးဆော် သောအား စကားနားဖောက် မနောကြားအထိ လမ်း ပေါက်စေကြ၏။

ထိုနှိုးဆော်ခြင်းများသည် ဒုလ္လဘခေါ် အလွန်ပြီး အလွန် ရခဲလှသော ဘုရားပွင့်ရာခေတ် အသိမရှိလိုက်သဖြင့် မေ့မေ့ ကြီးနှင့် ကျန်နေရစ်ခဲ့ကြမည် စိုးသောကြောင့် . . .။

ဤ၌ ဘုရား ဖြစ်ရန်ခေတ် အနည်းငယ် လှစ်ပြလိုသေး၏။ ဘုရားဖြစ်ဖို့ အလားအလာရှိသူမှာ သူ့လို ငါ့လိုမျိုးထဲက မဟုတ် ကြပါ။

(က) သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရားနှင့် ပက်ပင်း လည်း တွေ့မည်။

(ခ) ထို သက်ရှိထင်ရှား၏ တရား ပက်ပင်းလည်း နာကြားခွင့် ရမည်။

ထိုစဉ် သည်ဘုရား သည်တရားဖြင့်ပင် ချက်ချင်းပြီး နိဗ္ဗာန် ဝင်လိုစိတ် ရှိနေသော် ဂါထာများတွင် အများအားဖြင့် တစ်ဂါထာ

လျှင် အက္ခရာပေါင်း သုံးဆယ့်နှစ်လုံး၊ တစ်ပါဒတွင်ကား အက္ခရာပေါင်း ရှစ်လုံးကျစီဖြင့် ပါဒပေါင်း လေးခု ရှိချေရာ. . .

၁။ သုံးပါဒ အဆုံး နှစ်ဆယ့်လေးလုံး မြောက်လာသည်နှင့်. . .

(က) ရဟန္တာအဖြစ်သို့လည်း ရောက်တော့မည့်သူ၊

(ခ) ပဋိသမ္ဘိဒါပတ္တ-အတ္ထ၊ဓမ္မ၊ပဋိဘာန၊နိရုတ္တိ (ဓမ္မတစ်ခုစီ တစ်ခုစီ၌ အကျိုးကိုလည်း ထိုးထွင်းသိ၊ အကြောင်းကိုလည်း ထိုးထွင်းသိ၊ ထိုအသိများကလည်း ခဏချက်ချင်း ထင်းကနဲကြီးသိ၊ ထုတ်ဆို ကိုးကားစရာကိုလည်း ထိုးထွင်းသိ) ထိုအသိ လေးမျိုးတို့ပါ ပူးတွဲပါရှိနိုင်မည့်သူ။

ဤလို လူစားမျိုးက ဘုရားအဖြစ် ကျင့်မည်ဆိုလျှင်ပင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်နိုင်မှ သမ္မာသမ္ဗုဒ္ဓဘုရား (ဆရာကူမပါ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်သာ အမှန်တရားများအပေါ် ထိုးထွင်းသိ အသိပိုင်ဘုရား)အဖြစ်သို့ ရောက်ရှိရပါသည်။ သာဝကနေရာနှင့် ဘုရားနေရာ မည်မျှ ကွာခြားနေပါသနည်း။

၂။ တစ်ဖန် ထိုသို့ နာကြားနေစဉ်မှာပင်. . .

လေးပါဒလုံး ဆုံးလျှင် ဆုံးချင်း ဒင်းကနဲသော ထွင်းသိဖြင့် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ် ဧကန်ရမည့် လူစားက တစ်ကိုယ်ချင်း လက်ငင်းကို မယူ၊ မိမိနောက်၌ ရှိကြသေးသူ မိမိ၏ နောက်လိုက်များကိုပါ လက်ကူလိုလှသဖြင့် ဘုရားဆု ထတဲ့ပန်ပြီး ကျင့်ပွားလေက. . .



ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိ ကျင့်ဖြည့်ပေးရ၏။ လက်တွင်းလာ အက္ခရာရှစ်လုံး ကွာရုံလေးဖြင့် အဘယ်မျှ ခရီးဖင့်သနည်း။

၃။ တစ်ဖန် ထိုလောက်ပင် ဉာဏ်အလျင် အဝင်မပါ၊ ထို တစ်ဂါထာလုံး ဆုံးပြီးနောက်မှ စဉ်းစားဉာဏ် အကူအထောက်ကြောင့် အဓိပ္ပာယ်ပေါက် ငေါက်ကနဲကြီး ထိုးထွင်း အရဟတ္တမဂ် ဖိုလ် ဉာဏ်အလင်း ဧကန် လက်ငင်းရမည့် လူစားက လက်ရှိအပေါ် အာရုံမကျ ဘုရားအသရေတော် အာရုံကျပြီး ဘုရားဆုကြီး ထ,ပန်ဆင်လေက. . .

တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိ ဖြည့်ပြီးမှ ရတော့၏။ အပြေးသိနှင့် အတွေးသိ နှစ်ပါးလည်း ဘယ်လောက်အထိ ခရီးကွာခြားသွားသနည်း။

* ဆရာဖြစ်နှင့် တပည့်ခေတ်ကား တံတားဆောက်သူနှင့် လျှောက်သူပမာ။
* ဆရာထက်နှင့် ဆရာညံ့ကား တံတားတိုနှင့် တံတားရှည်ပမာ။

ဤလို ငါတို့က ရေးပြသဖြင့် ဘုရားဖြစ်လိုသော အတွေးစ ဘေးချ မထားလေနှင့်။ ဤနေရာ ဘုရားလက်ထက်တော် ကာလက ဖြစ်စဉ်လေး တစ်ခု သာကေပြုလို၏။

အခါတစ်ပါး . . .

ဘုရားရှင်သည် နောက်ပါအများနှင့် မြို့လမ်းကြား ခရီးကြွသွားရာတွင် လမ်းဘေး တစ်နေရာဝယ် နွံဗွက်ပုပ်အိုင် အတွင်း ဆင်းလူးရင်း မြူးနေသော ဝက်သိုးတစ်ကောင်ကို တွေ့ တော်မူရာ ဘုရားရှင် ပြုံးတော်မူ၏။ ထိုအခါ ပြုံးတော်မူခြင်း အကြောင်း နောက်ပါးရှိ ညီတော်အာနန္ဒာက မေးလျှောက်၏။

"အာနန္ဒာ. . .

ဤသူသည် ငါဘုရား နုစဉ်ကာလတုန်းက ငါဘုရားနှင့် တရားကျင့်ဖက် ဖြစ်ခဲ့ဖူး၏။ ထိုအခါ ငါဘုရားကား ဘုရား ဆုပန်၏။ သူ့အားလည်း ဘုရားဆုပန်ရန် ငါဘုရား တိုက်တွန်း မိ၏။ ထိုစဉ်. . .

ခင်ဗျားကတော့ ဆုံးစမမြင် ဘယ်တော့ ဘုရားဖြစ်မည်ကို မမြင်ပါဘဲလျက်က ရဲရဲတင်းတင်း ဘုရားဆု ပန်ရဲသူ။ သို့ကြောင့် ခင်ဗျားကိုတော့ ချီးကျူးပါ၏။ ကျုပ်ကတော့ဖြင့် ခင်ဗျားလို မရရာငင်၊ မမြင်ရာ ဝင်မျှော်မနေတော့ဘူး။ သာဝကဆုနှင့်ပဲ ကြုံရာဘုရား ခေါ်ရာထဲ တွဲလိုက်သွားတော့မည်။

ထိုသူကား ဤသို့လျှင် ငါ့အား ပြန်လည် ပြောကြားခဲ့သေး ၏။ ယခုသော်ကား ဆုံးစ မမြင်သမားက အဆုံးထဲဝင်၊ အစကို လည်း ဖျင်မှု ပြီးစီးခဲ့ချေပြီ။ ကြုံရာမျှော် အဖော်ရှာနေသူကား ယခု သင့်အမြင်ပင် မဟုတ်လော။"



ထိုဖြစ်ရပ်ကို လေ့လာသော် ဆုပန်ထက် အကျင့်က အဓိက ဆိုသည်မှာ ထင်ရှား၏။ လက်ကြားလိုက်ထက် တန်းစိုက်က ပို၍ ခရီးရောက်သည်မှာလည်း ထင်ရှား၏။

သို့ကြောင့်. . . ငါတို့ ဤလို ရေးပြခြင်းကြောင့် အာရုံယူ စနောင့်စနင်း မဖြစ်စေလို။ ဤ၌ သိစေလိုသည်မှာ ဗုဒ္ဓုပ္ပါဒ နဝမခေတ် အမည်ပေါက်သော ဘုရားရှင် ဖြစ်ထွန်းပွင့်ပေါ်ချိန် အလွန်ကြုံခဲ၊ တွေ့ခဲဘိခြင်းဆိုသော အရာပင်။

သို့ကြောင့် ထိုဘုရား ပွင့်ပေါ်လာချိန်၏ နှစ် ထောင် သောင်းလောက်ကပင် ကြိုတင်၍. . .

* လောကခေါ် လူစောင့် နတ်များကလည်း ကြွေးကြော်ရင်း သတင်းလွှင့်ကြလေ၏။
* သမ္မာခေါ် ဖြူစင်နတ်များကလည်း နှိုးဆော်ရင်း သတင်း လွှင့်ကြလေ၏။
* သာသနာခေါ် အဆုံးမတော်စောင့် နတ်များကလည်း အကျိုးအပြစ်ကိုပြ အသိပေးကြ၏။

ထိုစဉ်က လူသားများကား ဘုရားဆိုသောစကား အဆန်း ပြားဆုံး နားကြား ဖြစ်နေကြတော့ပြီ။ သို့တိုင်လည်း ဘုရားသွေး ပါသူများလောက်ကသာ။

လောကဝယ်. . . နတ်ဆိုင်းသံကြား နတ်သွေးပါသူများ ကား မက,ရ မနေနိုင်ကြချေ။ သည့်အတူ မျောက်ဆိုင်းတီး

မျောက်သွေးပါသူ က,ပြီးပင်။ ဘီလူးဆိုင်းတီး ဘီလူးသွေးပါကြီးများ ထခုန်ပြီ။ သွေးသည် ဝါသနာ အနုသယပိုးများ ခိုကိုးရာ လှောင်ကန်အရာဝင် တစ်မျိုးဖြစ်ချေရာ. . .

ဆိုင်ရာတံခါးများမှ ဆိုင်ရာဖဝါးများ အဝင် ဘဝင်လေအလျင် ထက်အောက်ကူး သွေးများကိုနှုး ထိုသွေးလည်း အနုသယပိုးနှင့်အတူ မြူးတော့သည်။

ဤမှာလည်း ယခုကာလ လူသားများကဲ့သို့ လူ့ဘဝနှင့် သာသနာ နှစ်ဖြာအခိုက် ကြုံလှည့်ဆိုက်နေတုန်း . . .

၁။ ဗုဒ္ဓဝါဒီအဖြစ်ဖြင့် ဘုရား အဆုံးအမ သက်ဝင်ယုံကြည်နေကြသူများလည်း ဖြစ်ကြမည်။

၂။ သာသနာတည်ကြောင်း ပရိက္ခရာလေးကြောင်းတို့ဖြင့် စုဆောင်းသူများလည်း ဖြစ်ကြမည်။

၃။ ဘုရားစကား စာပေနှင့် ဆရာသမားများထံမှလည်း နာကြားခွင့် ရထားသူများ ဖြစ်ကြမည်။

၄။ ထိုဘုရားစကား အကြားသိ၊ အတွေးသိများဖြင့်လည်း နာခံမှတ်သားဖူးပြီး ရှိကြမည်။

ဤသူများ ဘုရားသံကြား အလကားမနေသာ။ ထိုအချက်တို့နှင့် ကင်းဝေးသူများကား အသံ အသာထား ဘုရားထီးတည်း အနားအနီးကနေ ကပ်ကြွသွားသော်မှ ဘုရား ဘုရားမှန်း သိကြလိမ့်မည် မဟုတ်ချေ။



ထို ဘုရားသံကြား သွားရည်ယိုသူများတွင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းလည်း တစ်ပါးအပါအဝင်ပင်။ မဇ္ဈိမတိုက်ရှိ ဘုရားသွေးပါသူ အများအပြားတို့လည်း ဘုရားဆိုသောအသံ ကြိုတင် ကြားနေကြရပြီ ဖြစ်သဖြင့် ဘုရားအပွင့်နားစွင့်နေကြပြီ။

♦ ♦ ♦

## ကောလဟာလနှင့်အပြိုင် သာသနာပိုင်များ ပေါ်ထွန်းနေနှင့်ကြ

ပွဲမှန်သမျှ. . . တစ်ဖက်က အကြည့် ဝါသနာပါသူရှိလျှင် တစ်ဖက်မှာလည်း အက ဝါသနာပါသူများ ရှိကြသည်။

သည့်ပမာ. . . လူအများ ဘုရားထူး ဖူးတွေ့လိုကြစဉ် တစ်ဖက်ကလည်း ဘုရားအရာ ဝါသနာပါလေသူများ စိတ်ကူးဖြင့် ဖူးဖွင့် ဘုရားအဖြစ် ကြိုတင် ပွင့်နှင့်နေကြပြီ။

မကြားဖူး၊ မတွေ့ထိဖူးသေးသော သဘာဝတရား ထိုးထွင်းသိမပါ စိတ်ကူးဖြင့် ဝါကြည့်နေသူများတည်း။ ထိုသူများကား ပုရာဏ ကဿပ၊ မက္ခလိ ဂေါသာလ၊ အဇိတ၊ ပကုဓ၊ နိဂဏ္ဌ နာဋပုတ္တ၊ သိဥ္စယ(သာရိပုတ္တရာတို့၏ဆရာ သိဥ္စည်း)တို့တည်း။



ထိုမျှမကသေး လမ်းကြုံ ရေစတ်ကြောင့် ဖြတ်ထိုးဇာတ်ခင်းကြသော ဗာဟီရ ဒါရုစီ စသူများကပါ ဘုရားအဖြစ်ဖြင့် ဘုရားခေတ် လှစ်ပြနေကြသည်။

ထိုစဉ်က လူသားများကလည်း . . . ဆန်းသော အသွင်မြင် ဒါဘုရားထင်၏ဖြင့် ချဉ်းကပ် ပူဇော် နေနှင့်ကြ၏။ ဆန်းသောအသံကြား ဒါဘုရားပဲဖြင့် စကားနာခံ အသံမှတ်သားနေနှင့်ကြ၏။

ထိုစဉ်က ဗာဟီရနှင့် ဘုရားမျှော် သာဓကလေးတစ်ခု. . . ဗာဟီရဆိုသူမှာ သာမည မဟုတ်ပါ။ တစ်ချိန်က ကဿပဘုရားရှင်၏ သာသနာ ကွယ်ပကာနီးတွင် သာသနာ့ဝန်ထမ်းများတွင် အညစ်များကသာစွာ အဖြူများ ရှောင်ရှားနေရချိန်ဖြစ်သဖြင့် သီတင်းသုံးဖော် ၇-ဦး လူသူရှိရာများက ကျော် တောင်ပေါ်တက် အသက်အသေခံ ကျင့်ကြသူများထဲ တစ်ပါး အပါအဝင် ဖြစ်ခဲ့ဖူးသူပင်။

သူသည် ယခုဘဝ မဇ္ဈိမမှတစ်ပါး တခြားသော တိုင်းခြားပြည်ခြားတွင် လူအဖြစ် ရလာပြီး သင်္ဘောသားအဖြစ်ဖြင့် အသက်ရှင် နေရသူ ဖြစ်သည်။ တစ်နေ့ သင်္ဘောဖြင့် ကုန်များ အပြည့် တင်ကာ မဇ္ဈိမတိုက်ဘက်ဆီသို့ လှော်ခတ်ထွက်ခဲ့ကြရာ လမ်းတွင် မုန်တိုင်းမိသဖြင့် သင်္ဘောကားပျက် လူ လက်ပစ်ကူး ပင်လယ်မှ ကုန်းပေါ်သို့ လူးတက်ခဲ့ရာ ရေထဲမှာပင် အဝတ်များ

ကျွတ်ကျနေရစ်ခဲ့ကြပြီ။

သို့နှင့် ကုန်းပေါ်အရောက်. . .

မိမိ ကိုယ်ခန္ဓာအားလည်း ပျဉ်ချပ်ငယ်အစုံ ကြိုးဖြင့်သီ ပုဆိုးတစ်ထည် အဖြစ်ဖြင့် ဝတ်ပေးလိုက်သည်။ မိမိလက်မှာလည်း နတ်စင်မှာရှိသော ခွက်တစ်ခု ယူငင်၍ အကိုင်ခိုင်းလိုက်သည်။ ထိုမှနောက် ရွာရှိရာလောက် စနည်းထောက်၍ ခြေထောက်များကိုလည်း အရောက်သွားခိုင်းလိုက်သည်။

ထိုစဉ် ရွာထဲပင်မရောက် ရွာပေါက်နှင့် တစ်ခေါ်လောက်ရောက်သည်ဆိုလျှင်ပင် တွေ့သမျှ လူအများ ဒါဘုရားပဲ အမှတ်ဖြင့် ချဉ်းကပ် ရိုသေကြတော့သည်။ ဗာဟီရ ဒါရုစိ (တိုင်းခြားသားဖြစ်နေသဖြင့် ဗာဟီရ၊ ပျဉ်ချပ် ပုဆိုး ဝတ်ဆင်ထားသဖြင့် ဒါရုစိ)ကလည်း ဝမ်းအဟာ ဆာဆာရှိသည်နှင့် ဘုရားအဖြစ် ဝန်ခံ ကျွေးမွေးလှူဒါန်းကြသမျှလည်း လက်မလှန်၊ ခဏပန်းလန်းဆန်းစွာ ပွင့်ထွန်းနေချေပြီ။

ထိုအခါ "ယိုသူမရှက် မြင်သူရှက်" စကားပမာ. . .

တစ်ခါက ကဿပ ဘုရားရှင် ကွယ်ပကာနီး တောင်ထိပ်တွင် သီတင်းသုံးဖော် ၇-ဦးအဖြစ် တက်ရောက် အားထုတ်ဖူးခဲ့ရာတွင် တစ်ပါး အပါဝင်ဖြစ်သူက ဗြဟ္မာ့ပြည်ကနေ ဗာဟီရ၏ အခြေနေကို လှမ်းမြင်ချေရာ ကိုယ်ထင်ပြ ကြွလာခဲ့ရပြီ။ ဗာဟီရ တစ်ဦးတည်း နေထိုင်ရာ တောအတွင်း တစ်ကိုယ်ချင်း ပြောခွင့်



ဆိုခွင့် ယူရပြီ။

"ဗာဟီရ. . . စဉ်းစားပါလော့။

တစ်ချိန်က သင်ရော ငါပါ တောင်ထိပ်မှာတက် တရားမရအသက် အသေခံကြစတမ်းဖြင့် ရဟန်း ၇-ပါး တရားအားထုတ်ခဲ့ကြတယ်။

အဲ . . . အကြီးဆုံး ရဟန်းက တစ်ညချမ်းဖြင့် ရဟန်းကိစ္စပြီးစီးသွားတော့တယ်။ အဲ. . . သည်ရဟန်းကပင် ဈာန်အဘိညာဉ်ဖြင့် ဆွမ်းခံ ကျွေးမွေးရာ သင်ရော ငါပါ သင်ခံကျွေးသောဆွမ်း ငါတို့မစား ငါတို့ ကိုယ်တိုင် ခံနိုင်မှ စားမယ်ဖြင့် ပယ်ခဲ့ကြတယ်။ ထိုစဉ်က သည်လို ပယ်နိုင်ခဲ့ပါလျက်က ယခု ဘာ့ကြောင့် ဆွမ်းအရေးဖြင့် ဘုရားပဲ ကြွေးကြော်နေရဘိသနည်း။"

ဗာဟီရ၏ မိတ်ဆွေ ကျင့်ဖက် ဖြစ်ခဲ့ဖူးသော ဗြဟ္မာမင်းကြီးသည် ဤသို့မေးခွန်း မေးပြီးနောက် ဘုရားပွင့်ရာ အရောက်ညွှန်ပို့လိုက်၏။ ဗာဟီရလည်း ဘုရားအသံ ကြားသည်နှင့် အားရဝမ်းသာစွာ မနားတမ်း ဘုရားမှန်း၍ လှမ်းတော့သည်။

ဤသည်မှာ ဘုရားပွင့်ကာနီးနှင့် ပွင့်စတုန်းက ဖြစ်ရပ်ကလေး တစ်ခုတည်း။

ဗိမ္ဗိသာရကား ဘုရင်ဖြစ်သဖြင့် အချင့်တွင် အချိန်ထောက်သူတို့လောက်တော့ မဆိုးဝါး။ သို့တစေလည်း ဘုရားကိုကား

အမျှော်ထား တမ်းတခြင်းက အားကောင်းဆဲ။

♦ ♦ ♦



## အလောင်းကိုပင် တောင်းမလို့ ဟန်ပြင်

ဘုရားရှင်၏ အလောင်းတော်ဘဝက ဖြစ်စဉ် ပုံကြမ်းများမှာ. . . ယသော်ရောမိဖုရား အမျှုပြုသော မိဖုရားပေါင်း သောင်းခြောက်ထောင်တို့ဖြင့် နန်းစည်းစိမ် ခံစား စံစားနေတော်မူ၏။

ထိုစဉ်. . .

ကိုယ်ထား နန်းတော်ကား နွေ၊ မိုး၊ ဆောင်း အတွက် သုံးမျိုး သုံးတိုက်။

ဖဝါးလှမ်း ဥယျာဉ်သို့လည်း နွေ၊ မိုး၊ ဆောင်း အတွက် သုံးကြိမ်ထွက်။

မိမိ သူတစ်ပါး ဘဝများကလည်း ငယ်၊ လတ်၊ ကြီး ဖြင့် သုံးခုဆက်။

နေခွင့်ရ ကာလများကလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

သုံးချိန်စက်။

သို့ဖြင့် နွေတွင်းဝယ် နွေတိုက်ထဲသို့ဝင် မိဖုရားများနှင့် နွေကိုယ် နွေကိုယ်ချင်း နှီးနှောကြ၊ ပျော်ကြပြီး နွေမှ မိုးအကူး ဥယျာဉ်တော်သို့ ရှုစားရန် တစ်ခါ ထွက်ခဲ့ပြီ။

ထိုအခါ. . .

ဆောင်းနှင့်နွေ အကြားက ဖွားသစ်လာသော အညွန့် ကလေးများ နွေတစ်လျှောက်လုံးလုံး နေနှင့်နွေခိုးတို့၏ အထိုး ကြောင့် အအိုလွမ်း နွမ်းနေသည်ကိုလည်း ရှုစားရသည်။ ထိုအထဲ မိုးရေကလည်း ဆီးကြို၍ ချိုးနေသောကြောင့် အပျိုမှသက် အပြိုဘက် ငဲ့ထွက်နေသည်များကိုပါ ရှုစားခွင့်ရစေသည်။ တစ် ဆက်တည်းပင် အိုမင်းရင့်ရော်နေသော သူအိုတစ်ဦးကိုလည်း ထူးထူးခြားခြား ရှုစားလိုက်ရပြန်သည်။

သို့ကြောင့်. . .

"မောင်မင်း ဒါက ဘာလဲ။" ရထားထိန်းအား မကြုံဖူးသဖြင့် မေးကြည့်ရ၏။

"ဒါက သူအိုပါ အရှင်မြတ်။" ရထားထိန်းကလည်း ကြုံဖူး သည်အတိုင်း ဖြေ၏။

ထို အိုလာနေသော ဥယျာဉ်တော်၊ ထို အိုလာနေသော လူသား . . . ထိုနှစ်ပါး အလောင်းတော်အတွက် ကြည့်မှန်အဖြစ် ရသွားပြီ။ တစ်ဖက်သို့ လှည့်တပ်ထားသော မျက်လုံးများ



ရောင်ပြန်ဖြင့် မိမိထံ ပြန်မြင်စေခြင်းများ။

အော်. . . ငါသည်ကား အိုခြင်းတရားမှ မလွတ်သေး။ ရှေ့ကြိုတွေး စိတ်မအေး။ အော်. . . ငါသည်ကား တစ်နွေဝင် တစ်ခွင်ပျက် အအိုဘက် ဆက်ခဲ့ပြီ။ လက်ရှိကြည့် စိတ်မအေး။

ထိုမှနောက် မိမိကံအကြောင်းတွင်း မိဘနှစ်ပါးတို့၏ ဆောင်းခြင်းဖြင့် ဖွားသစ်ခဲ့ရသော မိမိ၏ နုပျိုနေသော ကလေး အရွယ်နှင့် ကာလသားအရွယ်အား ကိလေသာ သံယောဇဉ် နွေခိုး ထိုးသဖြင့် သွေးပြို စိတ်ညှိုး အိမ်ထောင်သည်ဘဝ၏ ဆိုးကျိုးကိုပါ အတွေးမိလာစေ၏။

နောက်တစ်ဖန် မိုးမှ ဆောင်း အကူးတွင်လည်း မိုးတွင်းက မိုးတိုက်ထဲဝင် မိဖုရားများနှင့် မိုးကိုယ် မိုးကိုယ်ချင်းရင်း အာရုံ ခံစားပွဲ ခင်းကျင်းခဲ့ကြပြီးနောက် ဥယျာဉ်တော် တစ်ခေါက် ရောက်ပြန်၏။

ထိုစဉ်တွင်ကား . . .

တစ်မိုးတွင်းလုံးလုံး အပူနှိုက် အအိုက်လိုက်၍ တိုက်ခိုက်ခံ ရခြင်းကြောင့် နွေမှ အအိုပါလာသော အညာများ အနာဘက် ခရီးမြားကွက် ပြထားသည်ကိုလည်း ရှုစားခွင့် ရစေခဲ့သည်။ အညာမှာ အနာဖက်ကြောင့် အရွက်များပါ အရင့်ဘက်ဆန် ဝါဖန်ဖန် ဖြစ်လာနေသည်များကိုလည်း ရှုစားခွင့် ရစေပြန် ခဲ့သည်။

ထိုစဉ်မှာပင်. . . ထူးထူးခြားခြား သူနာတစ်ဦးအား ဉယျာဉ်ဝတွင် တွေ့ရပြန်ရာ အအိုသွင် မမြင်ဖူး၊ မကြားဖူးသေးသော အလောင်းမင်းသား အမေးစကား သားရပြန်ပြီ။

“မောင်မင်း ဒါကကော ဘာလဲ။”

“မှန်လှပါ။ ဒါက အိုရာမှထွက်၊ အနာဘက်ဆက်လာသော သူနာပါ အရှင်မြတ်။” ထိုစဉ် ထို နာနေသောဉယျာဉ်၊ ထို နာနေသော လူနာ ထိုနှစ်ဖြာကား အလောင်းတော်အတွက် ကြည့်မှန်အလား ဖြစ်သွားခဲ့ရပြီ။

ပါရမီခံ ကံများက ဉာဏ်သံလျက်ဓားအဖြစ် အပ်နှင်းနေခြင်းများပင်။ သို့ကြောင့် တစ်ဖက်ရှိ အနာများကို ထောက်၍ မိမိသို့ ပြန်ခေါက်လှည့် ကြည့်ရှုပြန်ရာ မိမိမှာလည်း . . .

အပျိုတွင် အအိုဖက် ယိုကွက်များပင် မှန်မှန်ဆင်းသက်မလာပြီတကား။

အအိုမှာ အနာစွက် သာယာကွက်များပင် မှန်မှန်မဆက်ချင်ပြီတကား။

သို့ကြောင့် ကိုယ်တွင် မအို စိတ်ပါပင် အိုလာစေတော့သည်။ တစ်ဖန် အိုရုံမျှမက ကိုယ်ရော စိတ်ပါ အနာဘဝ ရသွားစေကြပြီ။

နောက်တစ်ခါ ဆောင်းမှ နွေ ပြန်အကူး အအေးမှ အနွေးသို့ အကူးတွင်လည်း ပထမ ဆောင်းလေးလလုံးလုံး ဆောင်း



တိုက်မှာ မိဖုရားများနှင့် အပျော်လိုက် ပိုက်ကြ၏။ ထို့နောက် ရာသီကုန်ဆုံး တစ်ရာသီကို မသုံးမီ ဉယျာဉ်တော်ဝင် အာရုံသစ်ကို ပြုစီရင်၏။

ထိုစဉ်လည်း . . .

တစ်ဆောင်းလုံး အမှုန်းခံထားကြရသဖြင့် ချုံးချုံးကျသို့ ခရီးလွန်နေသော ပင်အိုများ . . . ထိုပင်အိုဖျားမှ ကြွေကျ ပျက်စီးနေနှင့်ကြသော ရွက်ခြောက်များက အအေးနှင့် ပူခင်းတို့ လက်တွင်း ခြောက်ကပ်ကပ်ဖြင့် ပျက်ယွင်းနေသည်များ ရှုစားခွင့်ရစေခဲ့ပြန်၏။

ထိုအခါ. . . “မနှစ်က နွေနှင့်လု၍ နုလာသော အရွက်များ တစ်နွေခို အို၍ သွားခဲ့ပြီ။ တစ်ဖန် နွေပြို၍ အိုလာနေသော ရွက်ရင့်များ မိုးအန္တရာကြောင့် နာခဲ့ရပြန်ပြီ။ ယခုသော် မိုးန္တာ၍ နာနေသော ရွက်ဝါများ ဆောင်းကစား၍ ကြွေသွားကြပြီကော။ ”

ထိုသို့ တွေးတောရင်း ဉယျာဉ်တော်အပေါက် ရထားအရောက်တွင်ကား ထူးထူးခြားခြား လူသေအလောင်းတစ်လောင်းအား ရှုစားလိုက်ရပြန်ရာ တစ်ခါဖူးမျှ သေသူအား မတွေ့ဖူး၊ မကြုံဖူးသေးသော အလောင်းတော်အား စကားဖြစ်စေခဲ့ပြီ။

“မောင်မင်း . . . ဒါက ဘယ်လို ဖြစ်သွားတာလဲ။”

“မှန်လှပါ။ နုရာမှ အို၊ အိုရာမှာ အနာရ၊ အနာမှ အသေသို့

ပြောင်းရခြင်းပါ အရှင်မြတ်။”

“ရော်. . . ကျွတ်ကျွတ်. . . ကျွတ်ကျွတ် လူဆို သည်လိုပဲလား မောင်မင်းရဲ့။” အလောင်းတော်သည် ထိတ်လန့်သော အမူရာဖြင့် မေးတော်မူ၏။

ထိုအခါ “မှန်လှပါ ။ လူတွင်သာမက သက်ရှိအားလုံးလည်း သည်ခရီးထဲ သည်သွားနည်းကားအတိုင်း အို၊ နာ၊ သေဘ၀ မလွတ်ကြပါ ဘုရား။ သည်မျှမကသေးပါ သက်မဲ့များလည်း အို၊ နာ၊ သေ ကာလ လွတ်ရိုး မရှိကြပါဘုရား။”

“ဘာကြောင့်တုန်း မောင်မင်းရဲ့။”

“မှန်လှပါ၊ အရွယ်သည် အတိုး၊ ဥတုသည် အထိုး၊ ကာလသည် သူခိုး၊ ကိလေသာ သံယောဇဉ်များက သွေးထိုးသမားဖြစ်နေလို့ပါ ဘုရား။”

“ရှင်းစမ်းပါဦး မောင်မင်းရဲ့။”

“မှန်လှပါ၊ အရွယ်မှန်သမျှတို့သည် အချိန်နှင့်စက်၍ ရှေ့သို့သာ တိုးမြဲ၊ နောက်ဆုတ် ကျန်ရစ်ခဲ့သည်၊ တွေ့ပြီး ရပ်နေသည် မရှိရိုး အမှန်ပါဘုရား။”

“ဥတုကကော။”

“မှန်လှပါ၊ ဥတုကလည်းပဲ ခန္ဓာဟူသရွေ့ ပူ၊ အိုက်၊ အေး အငွေ့ပြေး အခိုးများဖြင့် ထိုးကျင့် အို၊ နာ၊ သေ လမ်း အခန်း ဖွင့်ပေးနေ၍ပါဘုရား။”



“ကာလ ဆိုတာကကော။”

“ကာလဆိုသော အချိန်အခါများကလည်း ဆောင်းတွင်းသို့ ခန္ဓာသွင်းထားချိန် ဆောင်းကာလများက ခန္ဓာအား ခိုးစားနေကြပြီး ဆောင်းခန္ဓာ ဆောင်းမှာပင် အပျောက် ဖျောက်ကြပါသည်။ သို့ကြောင့် ဆောင်းဖြစ်ဘဝ နွေကာလသို့ ရောက်ခွင့်မရစေကြပါ။”

“သည့်အတူ နွေဝင်ခန္ဓာများ နွေကပင် ခိုးစား၊ မိုးဝင်ခန္ဓာများ မိုးကပင် ခိုးစားနေကြရာ ခန္ဓာရှင်များ လွန်ခဲ့ပြီ၊ ရောက်ဆဲ၊ ရောက်ဦးမည် ဟူ၍ အချိန်ကိုသာ ရေတွက်နေကြရပြီး ခန္ဓာကား ခန္ဓာစား မကျန်ကြတော့ပါဘုရား။”

“အလို. . . ကာလက လူကို ဝါးမျိုသတဲ့လား။”

“မှန်လှပါ၊ သတိဖြင့် ကာလကိုမမျို၊ ကာလအမျိုခံရသည်ချည်းပါ ဘုရား။”

ထိုစဉ် အလောင်းတော်၏စိတ် ဦးခေါင်း ပိဿာလေးဖြင့် ဖိကြိတ်ခံလိုက်ရချေပြီ။ အရွယ် ပြန်သယ်ခွင့် မရတော့ခြင်း၊ ဥတုကြားတိုး ဥတုအထိုးခံနေရတော့ခြင်း၊ ဥတုအထိုးကြား ကာလကလည်း ခိုးစားနေတော့ခြင်းများ၊ အတွေးဉာဏ် အတွင်းစင်းစင်းမိ မြင်သိနေရခြင်းကြောင့်တည်း။

ထို့နောက် ငြိမ်နေရာမှ ပြန်လည်လှုပ်ရှားလာပြန်၏။

“အင်း ကိလေသာ သံယောဇဉ်များကကော ဘယ်လို သွေး

ထိုးနေတာလဲ မောင်မင်းရဲ့။”

“မှန်လှပါ၊ ကိလေသာသံယောဇဉ်မည်သည် အာရုံချင်း ချိန်း၍ သိမ်းပွဲလုပ်ရန် အချင်းချင်းတို့၏စိတ် အဆင်းချင်းပြ၍ လည်း သွေးထိုးပေးနေကြပါ၏။ အချင်းချင်းတို့၏စိတ် အသံ ချင်းတော့၍လည်း သွေးထိုးပေးနေကြပါ၏။”

“သည့်အတူ အနံ့ အနံ့ချင်း၊ အရသာ အရသာချင်း၊ အ တွေ့ အတွေ့ချင်း၊ သဘော သဘောချင်း ဆုံကြစဉ်များမှာ လည်း ကြိုက်နေလျှင် အကောင်းမြင်ဖြင့် သွေးထိုး၊ အပေါ် ယံကြော အပြောဖြင့် သွေးနိုးစေကြပါသည်။ မကြိုက်ခဲ့လျှင် အဆိုးမြင်ဖြင့် သွေးထိုး၊ အပေါ်ယံကြော အပြောဖြင့် သွေးနိုးစေ ကြပါသည်။ သက်ရှိ သတ္တဝါမှန်သမျှ ကိလေသာသံယောဇဉ် တို့၏ သွေးထိုးခြင်းနှင့် တွေ့ပြီးမှ အချင်းချင်း ပျော်မွေ့ကြရ သည်ချည်းပါဘုရား။”

ထို ရထားထိန်း၏ ဤနားတော် လျှောက်ထားချက်များ ကြောင့် အလောင်းတော်ကား ကိုယ်၊ စိတ် နှစ်ထွေ ကြက်သေ သေခဲ့ရပြီ။

စင်စစ် ဥယျာဉ်တော် ထွက်လာခြင်း၏ ရည်ရွယ်ချက်ကား တစ်ရာသီ ခံစားရာမှ အာရုံရိုး၍ စိတ်အခိုးသေသွားသည်များ ဥယျာဉ်တော်နေ ပန်းကလေးများကို ရှုစား၍ စိတ်အခိုး တစ်မျိုး လန်း အာရုံနွမ်း အဆန်းဖြစ်ရန် ဖြစ်သော်လည်း လက်တွေ့ကား



ထိုသို့ဖြစ်မလာပြီ။ ထိုသို့ ဖြစ်မလာရုံနှင့်ဆို တော်သေး၏။ ယခုသော် ဥယျာဉ်တော် ဝင်ရာတွင်. . . .

နိမိတ်ထင် အမြင်များကလည်း သွေးထိုး။

စိတ်အစဉ် ပါရမီဉာဉ်များကလည်း သွေးနိုးထ။

သို့ကြောင့် စိတ်တော်များ ညှိုးလျှစေခဲ့ပြီ။ ထိုမှ ပြန်လာကတည်း က ရန်သူ ရန်သူချင်း ယှဉ်မိက သတိမချ စိတ်နှစ်ခွ ဖြစ်ပုံမျိုး ပမာ. . .။

* အအိုလွတ်၍ ထမ်းပိုး ကျွတ်စေသောနေရာ ဘယ်မှာများ ရှိပါလေမလဲ တွေး၏။

* အနာလွတ်၍ ထမ်းပိုး ကျွတ်စေသောနေရာ ဘယ်မှာများ ရှိပါလေမလဲ တွေး၏။

* အသေလွတ်၍ ထမ်းပိုး ချွတ်ခွင့်ရနေရာ ဘယ်ဟာများ ဖြစ်လေမလဲ တွေး၏။

သို့ဖြင့်ပင် နွေရာသီ စံနန်း မိဖုရား၊ မောင်းမမိဿံများနှင့် စံမြန်းနေရ၏။ ထိုစဉ် အတွေ့ကလည်း အတွေ့အတိုင်း ဝေ့ပြ ၏။ အတွေးကလည်း အတွေးအတိုင်း အရေးပြ၏။ အလောင်း တော်ကား အတွေ့နှင့် အတွေးကြား စိတ်ကစားနေတော့သည်။ အလောင်းတော်ကား အတွေ့နှင့် ကိုယ်ကပေါင်း စိတ်ကား အတွေးများနှင့် သွားပေါင်းနေတော့သည်။

* နွေသည် ပူ၏။ သို့ကြောင့် သွေးကိုဆူ၍ လူကိုနွမ်းစေ၏။

* အာရုံသည် မြူ၏။ သို့ကြောင့် စိတ်အေးပူ၍ သွေးပါဆူစေ၏။
* ကိလေသာသည် ချူ၏။ သို့ကြောင့် အကြွေးယူ၍ လူကိုပေါင်သုံး၏။

ယနေ့သည်ကား တစ်နွေကုန်၍ မိုးဘက်သို့ ရာသီများ ခုန်ဝင်လာခဲ့ပြီ။

ထိုစဉ် အလောင်းတော် နောက်ဆုံးအကြိမ်အဖြစ် ဥယျာဉ်တော်သို့ ဝင်ခဲ့ပြီ။ သည်တစ်ချီတွင်ကား ဥယျာဉ်တော်တစ်ခွင်လုံး နွေအခိုးဖြင့် ထိုးတက်လာသော အပင်များကိုလည်း သတိပြုမိ၏။ မိုးအကျကြောင့် ပေါက်သစ်စ အပင်များ ထလာသည်ကိုလည်း သတိပြုမိ၏။ နွေနှင့် မိုးတို့၏ အနှိုးကြောင့် အပွင့်မျိုးများ ပွင့်၍ အသီးမျိုးများလည်း သီးလာနေကြသည်ကိုလည်း သတိပြုမိ၏။

“အော်. . . ဥတုကထိုး၊ အရွယ်တိုး ဆိုတာ ဒါလေပဲလား” တွေး၏။

“အော်. . . ဥတုလည်းနိုး၊ အရွယ်နိုး ဆိုတာလည်း ဒါလေပဲလား” စဉ်းစား၏။

စဉ်းစားရင်းကပင် ယခင်က သတိမပြုမိခဲ့သော ယခု၏ မြင်ကွင်းကို ကြည့်လျက်က ပီတိအားများ ဖြန့်ကျက်လာ၏။ အားရသည်နှင့် ဥယျာဉ်တော်မှ ထွက်ခဲ့ကြ၏။ ထိုစဉ် ထူးထူး



ခြားခြား မမြင်ဖူးသေးသော ရဟန်းတစ်ပါး ဥယျာဉ်ဝမှာပင် တွေ့ပြန်ရာ. . .

“ဒါကကော ဘာတဲ့လဲ မောင်မင်း။” မေးယူရ၏။

“ မှန်လှပါ၊ အို၊ နာ၊ သေ ဝဋ်မှ အကျွတ်ရှန်းရန် ပြင်နေသော ရဟန်းပါဘုရား။”

“နို့ သူက ဘာကိုကျင့်၍ ဘာဖြင့် ဝဋ်ကျွတ်စေမှာတဲ့လဲ မောင်မင်းရဲ့။”

“မှန်လှပါ. . . ဤရဟန်းမြတ်သည် အာရုံခင်း လူချင်းချိန်း၍ ကျင့်သောအကျင့်ယုတ်ကို တော်လှန်သောအကျင့် သူကျင့်နေသောကြောင့် **ပဗ္ဗဇိုတ** အမည်ရပါသည်ဘုရား။”

“အာရုံယူ စိတ်ထ ကိလေသာအဝဝ ငြိမ်းသော အကျင့်မြတ်ကို ကျင့်နေသောကြောင့်လည်း **သမဏ** အမည်ရနေပါသည် ဘုရား။”

“အချင်းချင်း ကြိုက်၊ မကြိုက်တို့ဖြင့် မညှင်းဆဲ တစ်ယောက်ထီးတည်းသော အကျင့်ဖြင့် အများအား ချီးမြှင့်နေသောကြောင့် **ဗြဟ္မဏ** ဟူ၍လည်း ခေါ်ပါသည်ဘုရား။”

သည်မှာပင် အလောင်းတော် မိမိသွားရန် လမ်းစပေါ်တော့သည်။

သို့ဖြင့်ပင်. . . တောထွက်ခဲ့ချေပြီ။ ယဋ္ဌိက ဗြဟ္မာလျှုဒါန်းသော ကြာသက်န်း ဝတ်ခွင့်ရခဲ့ပြီ။

တစ်နေ့. . . ဆွမ်းခံရင်းက ရာဇဂြိုဟ်မြို့တွင်း ချဉ်းနင်းမိတော့သည်။ ထိုအခါ ရာဇဂြိုဟ် မြို့သူ၊ မြို့သားများစွာသည် သည်လို အသွင်မျိုးကိုလည်း တစ်ခါဖူးမှ မမြင်ဖူးခဲ့ကြသေး။ သည်လို ကြည်လင်သော ရုပ်မျိုးကိုလည်း တစ်ခါဖူးမှ မကြုံခဲ့ဘူးကြသေး။

သို့ကြောင့် ဆွမ်း၊ ဆွမ်းဟင်းများကိုကား လောင်းလှူ၏။ ဘယ်သူ၊ ဘယ်ဝါ၊ ဘာ၊ ညာကိုကား အလျှင်း မသိကြရ။ သို့တိုင်လည်း မမေးရဲကြ။ ထိုစဉ် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရလည်း လေသာပြတင်းပေါက်မှနေ လမ်းသို့ လှမ်းမျှော်အကြည့် အလောင်းတော်ကလည်း လမ်းအတိုင်း ဖြတ်လျှောက်၊ အသွင်နှင့် အမြင်များ တိုးလျှိုပေါက် ဖောက်မိသွားချေရာ. . .

ဘုရင်ဗိမ္ဗိသာရလည်း လူလေပဲလား၊ နတ်ပဲလား ဝေခွဲရကြပ်သွား၏။ သို့နှင့် လိမ္မာပါးနပ်သောအမတ်အား လိုက်လံစုံစမ်းရန် အမိန့်ပေးစေလွှတ်၏။

အမတ်လိမ္မာသည်လည်း . . . အလောင်းတော် ကြွသွားရာနောက် မျက်ခြေမပြတ်စေသော သတိဖြင့် ထောက်လှမ်းရင်းက လိုက်ပါသွား၏။ ပဏ္ဍဝတောင်ခြေ အရောက်တွင်ကား အလောင်းတော်သည် တစ်ထောက်နား၏။ ဆွမ်းစားရန်ကိုပါ ပြင်ဆင်၏။

ထိုစဉ် . . . အများလှူသော ပြည်သူ့ဆွမ်းကား ကြမ်း



တမ်းလွန်းလှ၏။ အလောင်းတော်အဖို့ စားဖို့ နေနေသာသာ မြင်ပင် မမြင်ဖူးခဲ့ရာ စားရန်ပြင် ပျို့ချင်၊ အံချင်ဖြစ်လာပြီ။ လက်တော်မြှောက် လက်မောင်း၊ လက်ကောက် မမြှောက်ချင်ခဲ့ပြီ။

ထိုအခါ. . . အလောင်းတော် ဆင်ခြင်စိတ်ဝင်၏။ ဆင်ခြင်စိတ်နှင့်အတူ နှုတ်တော်ကလည်း ထုတ်ဆို၏။ ယင်းကား ကြုံလာသမျှ လောကဓံ သည်းခံနိုင်ရန်တည်း။

"အမောင်. . . သင်သည်ကား ဗောဓိသို့မှန်း၍ ရဟန်းပြုခဲ့သူလည်းဖြစ်၏။ ထီးနန်းနှင့်တကွ မင်းစည်းစိမ်စုံလည်း အကုန်စွန့်ခဲ့၏။ သို့စဉ်လျက်. . . ဘာ့ကြောင့် ဤဆွမ်းကြမ်း၏ ဒဏ် သည်းမခံနိုင်ရသလဲ။"

သည်သို့ နှုတ်မှထွက်၍ ရဲချက် တင်နေပါသည်ကို မလှမ်းမကမ်းမှနေ ဖမ်းယူ အာရုံပြုနေသော အမတ်လိမ္မာ ကြားသွားချေရာ. . .

"အော်. . . လူထဲက လူသား စစ်စစ်ပေပဲကိုး။"

ဤသို့လည်း မှတ်ချက်ချ၏။ အလောင်းတော်၏ အနားသို့လည်း တိုးကပ်သွား၏။ ထို့နောက် အလောင်းတော်၏ ဘဝကိုလည်း မေးမြန်း၏။ အကြောင်းစုံ အကုန်သိရလေသော အခါ နန်းတော်သို့ပြန် ဘုရင်ဗိမ္ဗိသာရအား သံတော်ဦး တင်ရာ ဘုရင်ဗိမ္ဗိသာရလည်း အားရဝမ်းသာစွာဖြင့်ပင် အဆောင်ယောင် အခမ်းနားနှင့်တကွ အလောင်းတော်ထံမှောက် အရောက်ကြွခဲ့ပြီ။

အလောင်းတော်ကား ပဏ္ဏဝတောင်ခြေ တောတွင်း သစ်တစ်ပင် အရင်း၌ ဆွမ်းစားဆဲ။ မင်းကြီးသည် အသင့်ပါလာသော ဆွမ်းခဲဖွယ် ဘုရင့်စားတော်ပွဲများကို လှူဒါန်းလျက်က ပြုစုလုပ်ကျွေး၏။ အလောင်းတော်၏ ရုပ်ရည် ရူပကာတော်ကိုလည်း လေ့လာ၏။ အလောင်းတော်၏ လှုပ်ရှားနေသမျှ အမူရာကိုလည်း အကဲခတ်၏။

ဘုရင်များ၏ ဘုရင်ထက် တင့်တယ်သော ရူပကာ ပေတကား။ ဘုရင်များ၏ ဘုရင်ထက် ယဉ်ကျေး သိမ်မွေ့လှစွာသော အမူရာ ပေတကား။ မင်းကြီး၏ အသိဉာဏ်တွင် ဤသို့ပင် ဉာဏ်အလင်း ပေါ်ထွက်လာခဲ့ပြီ။

အလောင်းတော် ဆွမ်းကိစ္စ ပြီးသည်နှင့် ရဟန်းပြုရခြင်းအကြောင်းကိုလည်း မေး၏။ တောဝင်ရခြင်းအကြောင်းကိုလည်း မေး၏။ အလောင်းတော်ကလည်း ဖြေကြား၏။

"မင်းကြီး . . .

ငါသည် မွေးဒုက္ခမှ ဆင်းသက်လာသော အိုခြင်းဒုက္ခကိုလည်း မြင်သိနေ၏။

ငါသည် မွေးဒုက္ခမှ အရင်းခံသော နာခြင်းဒုက္ခကိုလည်း တွေ့သိနေ၏။

ငါသည် မွေးဒုက္ခမှ အပိုဆောင်းပေးလိုက်သော သေခြင်းဒုက္ခကိုလည်း အမှန်သိနေ၏။"



"သို့ကြောင့် . . . ငါသည် မအိုတရား၊ မနာတရား၊ မသေတရား ရှာမှီးရန် ရဟန်းပြုခဲ့၏။ ရဟန်းပြုသည်မှစ၍ သေချင်းပေါင်း ရှင်ချင်းပေါင်းများကို စွန့်ခွာခဲ့ကာ ငါတောထွက်ခဲ့၏။"

"အို . . . အရှင်မြတ် . . .

အရှင်၏အရွယ်ကား ငယ်သေး၏။ နုပျိုလွန်းလှပါ၏။ ကိုယ်အင်္ဂါများကလည်း နူးညံ့လှပါ၏။ တောဆိုသည်မှာကား အသက်မွေး ကြမ်းတမ်းလှပါ၏။ သို့ကြောင့် တော၌ နေမည့်အစား အကျွန်ုပ်တိုင်းပြည်မှာပင်နေ အကျွန်ုပ်နန်းမှာပင် စံစားပါလော့။"

ဘုရင်ဗိမ္ဗိသာရသည် တောနှင့် အရှင် အဆင်အပြင် နှစ်ခင်း မဖွယ်ရာခြင်းနှင့်အတူ အလောင်းတော်အား နန်းအပ်၏။ အလောင်းတော်ကား ပယ်မြစ်တော်မူ၏။

"မင်းကြီး . . .

ငါသည်လည်း ကပ္ပိလဝတ်ပြည်ရှင် ဘုရင်တစ်ပါးပင် ဖြစ်ခဲ့၏။

* မင်းကိစ္စဖြင့် အို၊ နာ၊ သေ ကိစ္စက မလွတ်နိုင်ကြောင်းကို သိ၍ ရဟန်းပြုခဲ့၏။
* မင်းကိစ္စဖြင့် ဗောဓိဉာဏ် ဧကန်မရနိုင်ကြောင်း သိ၍လည်း ရဟန်းပြုခဲ့၏။
* တစ်ဖန် အို၊ နာ၊ သေ များကလည်း ဗောဓိဉာဏ် ရမှသာ

လွတ်နိုင်ကြောင်း သိ၍လည်း ရဟန်းပြုခဲ့၏။
ငါသည် ဗောဓိဉာဏ် မရသမျှ တောထဲမှာပင် နေတော့အံ့။"

ထိုအခါ ဘုရင်ဗိမ္ဗိသာရသည် အလောင်းတော်၌ ဗောဓိဉာဏ် ရနိုင်မည့် အဆင်းအင်္ဂါကိုလည်း မြင်နေသည်က တစ်ကြောင်းကြောင့် လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်း ဘုရားဘုရား ဆိုသောစကား ကြားကတည်းက ဖူးတွေ့လိုခြင်းဆန္ဒ အလွန်ပြင်းပြနေသည်က တစ်ကြောင်းတို့ကြောင့် လည်းကောင်း. . .

"သည်လိုဆို အရှင်. . . အကျွန်ုပ် ကတိ တစ်ခု တောင်းခံပါရစေ။ ယင်းကား အခြားမဟုတ်။ အရှင်မြတ် ဗောဓိဉာဏ် လက်ခံထား ဘုရားအဖြစ်သို့ ရောက်တော်မူပါလျှင် အကျွန်ုပ်တို့ တိုင်းပြည်သို့ ဦးစွာ ကြွရောက်ရန်ပင် ဖြစ်ပါသည်။"
အလောင်းတော်ကား ဆိတ်ဆိတ်နေခြင်းဖြင့် ဝန်ခံတော်မူလိုက်သည်။

သို့နှင့် အလောင်းတော်နှင့် ဘုရင်ဗိမ္ဗိသာရတို့ လမ်းခွဲလိုက်ကြသည်။ သို့နှင့်ပင် အလောင်းတော်လည်း တစ်တောဝင် တစ်တောင်တက် ဆရာအရှာ ထွက်ခဲ့ပြီ။

♦ ♦ ♦



## တပည့်ကစွာ ဆရာကသေး

အလောင်းတော်သည်. . .

ပဏ္ဍဝတောင်ခြေမှ ထွက်ခဲ့သည်ကစ၍ ဗောဓိလမ်း တန်းမတ်စွာ ညွှန်ပြနိုင်မည့် ဆရာကောင်းအား စုံစမ်းရှာဖွေ၏။

ထိုစဉ်. . . ဆရာ အမည်ခံသမားများနှင့် တွေ့ရ၏။ တွေ့တိုင်းလည်း ဆရာတင် သူ့ခွင်ရှိ ပညာကို ဆည်းပူး၏။

အချို့ကား အတွေးဖြင့် ခေါ်ယူထားသော စဉ်းစားဉာဏ်များချည်း ဖြစ်နေခဲ့၏။ လက်တွေ့ကျင့် စရဏမပါ အတွေးသိဝိဇ္ဇာတစ်ဖက်တည်းဖြင့် လမ်းလျှောက်နေသူများ။

အချို့ကား အကျင့်ကိုသာ ပြင်းထန်စွာကျင့်စေ၏။ သည်အကျင့်လိုက် ဘယ်သို့ ဆိုက်စေရမည်ဆိုသော အသိကား မပါလာ။ လက်တွေ့ကျင့် စရဏကားပါ၏။ ကိုယ်တွေ့သိ ဝိဇ္ဇာ

မပါ၊ ခြေတစ်ဖက်သွားသာ။

သို့နှင့် အာဠာရနှင့် ဥဒက ရသေ့တို့ထံ နောက်ဆုံး နည်းဝင်ခံရာ ရသေ့နှစ်ပါးစလုံးတို့ထံ၌ကား လက်တွေ့ကျင့်လည်း ရှိ၏။ ကိုယ်တွေ့သိလည်း ပါ၏။ သို့တိုင်လည်း ဘဝလမ်းမဆုံး သမထပြဟ္မာ့ဘဝသာ သူ လမ်းဆုံး။

အာဠာရကား အရူပတတိယစျာန်အထိ စရဏ ဝိဇ္ဇာ ဖဝါးနှစ်ဖက်တို့ဖြင့် အဆင့်တက်နည်း ညွှန်ပြနိုင်၏။ သူ့၌လည်း သည်မျှသာ ရှိ၏။

ဥဒကကား အရူပစတုတ္ထစျာန်အထိ စရဏ ဝိဇ္ဇာ ဖဝါးနှစ်လွှာတို့ဖြင့် အဆင့်တက်ပုံ လမ်းပြနိုင်၏။ ထို၏ရှေ့ သူ၌ လက်တွေ့ မရှိချေ။

ထိုအခါ. . . အလောင်းတော်သည် ဆရာ ရသေ့နှစ်ပါးနှင့် စကားဆို၏။

"ဆရာ. . . ဆရာတို့၏ အကျင့်ကား လမ်းမှန်ပါ၏။ သို့တစေလည်း လမ်းကား မဆုံးသေး။ လမ်းဆုံးဆိုသည်ကား အို၊ နာ၊ သေ သုံးမျိုးတို့မှ လွတ်ကင်းသော နေရာပင် ဖြစ်ပါ၏။ ဆရာတို့ အကျင့်ကား ရုပ်မဲ့ နာမ်ကြွင်း ပြဟ္မာ့ဘုံတွင်း ဆင်းရမည့် အကျင့် ဖြစ်နေပါ၏။ သည်ထက်မြင့် အကျင့်တစ်ဆင့် တိုးမြှင့်ပေးကြပါကုန်ဦးလော့။"

ထိုအခါ . . .



အာဠာရ ရသေ့ကလည်း သူ့၌ တတိယစျာန်မျှသော အကျင့်နှင့် အသိမျှသာ ရှိသေး၏။ သည့်ထက် ပိုမသိ။ သို့ကြောင့်. . . သူ့ရှိ တပည့်တစ်ဝက် ခွဲယူ၍ သည်မှာပင် ဆရာလုပ်ရန် အပ်နှံတော့လေ၏။

ဥဒက ရသေ့ကလည်း နည်းတူ။ သူ့၌ စတုတ္ထစျာန်မျှသော အကျင့်နှင့် အသိမျှသာ ရှိသေး၏။ သည့်ထက်သိ သူ့၌ မရှိချေသေး။ သို့ကြောင့် သူ့ရှိ တပည့်တစ်ဝက် ခွဲယူ၍ သူနှင့်အတူ ဆရာလုပ်ရန် အပ်နှံတော့၏။

အလောင်းတော်ကား . . .

ဗောဓိဉာဏ် လက်ခံရယူရေးသာ သူ့၌ အဓိက ဖြစ်ချေရာ ဆရာတို့ပေးသော အခွင့်ရေးများကိုလည်း ငြင်းပယ်၏။ ဆရာတို့ထံမှလည်း ခွင့်ပန် ထွက် ထွက်ခဲ့တော့၏။

အလောင်းတော်သည်. . . ထို့နောက် အာဠာရ၊ ဥဒက ရသေ့များထံမှ ထွက်ခွာလာခဲ့ပြီး ထိုစဉ်က ရသေ့အများအပြားတောဝင် စျာန်ကစားကြရာ ဥရုဝေလတောအတွင်း ချဉ်းကပ်လိုက်သည်။

ထို ဥရုဝေလတော၌ကား . . . ဥရုဝေလကဿပ၊ ဂယာကဿပ၊ နဒီကဿပ တို့ ညီနောင် ဦးစီးသော ရသေ့များလည်း ရှိကြ၏။ အဂ္ဂိဒတ္တ ဦးစီးသော ရသေ့များလည်း ရှိကြ၏။ အခြားလည်း များစွာ ရှိချေသေး၏။

ဥရုဝေလတောနှင့် ဂင်္ဂါကြောတစ်လျှောက်ကား အကျင့်ရှင်တို့ စီတန်း လမ်းလျှောက်နေသည့်ပမာ။

အလောင်းတော်၏ ဤ ဥရုဝေလတောသို့ လာခြင်းသည် ဆရာရှာရန်မဟုတ်၊ ဆရာလုပ်ရန်လည်းမဟုတ်။ ဆရာကား အာဠာရ၊ ဥဒက တို့ထက်စွာသောဆရာ လောကမှာ မပေါ်သေး။ ဆရာကား အာဠာရ၊ ဥဒက တို့ကဲ့သို့ အသိ၊ အကျင့် ဘက်စုံ ဖွင့်သမားကား လောကမှာ မပွင့်သေး။ သို့ကြောင့် ဆရာရှာရန် မလွယ်ကူပြီ။ ကိုယ်တိုင် ရှာကြံခြင်းမှတစ်ပါး အခြားမရှိပြီ။

ဥရုဝေလတောတွင်း၏ အကျင့်မြင်ကွင်းကား စုံလှ၏။ နှာခေါင်း အလုံပိတ်၍ ပြင်းပြင်းရှူသော အကျင့်မျိုးလည်း ရှိ၏။ အစာ မစား၊ မသောက်ဘဲ ကျင့်သော အကျင့်မျိုးလည်း ရှိ၏။ ကာမစိတ် ဖြစ်ပေါ်လာသော် သဲပုံ ပုံရခြင်းအကျင့်၊ နေလှမ်းပေးရခြင်းအကျင့်၊ ရေစိမ်ပေးရခြင်းအကျင့်မျိုးများလည်း ရှိ၏။ တောကိုးကွယ်ခြင်း၊ တောင်ပူဇော်ခြင်း၊ သစ်ပင်ပူဇော်ခြင်း အကျင့်မျိုးများလည်း ရှိ၏။ အလောင်းတော် မရောက်မီကပင် အချို့ကား ရှိနှင့်နေကြ၏။ အချို့ကား ရှေ့ဆင့် နောက်ဆင့် ရောက်လာကြ၏။

ထို အကျင့်မျိုးစုံတို့ကား အို၊ နာ၊ သေ ဒုက္ခမှ လွတ်ရန်များ မဟုတ်ကြပြီ။ ဒုက္ခအားလုံးတို့မှ အပြီးတိုင် အကျွတ်အလွတ် အကျင့်မျိုးများလည်း မဟုတ်ကြပြီ။ သို့ကြောင့် အလောင်းတော်



သည် ၎င်းတို့ထံ နည်းခံစရာ မလိုတော့။ အလောင်းတော်ထံရှိ သိနိုင်စွမ်းသောဉာဏ်အား ဆရာလုပ် ပြသရန် မည်သူ့ထံမျှ ဆရာဖြစ်ဉာဏ် မရှိကြပြီ။

သို့နှင့်. . . အလောင်းတော်သည် မိမိ၌ ရပြီးအကျင့်နှင့် ရပြီးဉာဏ်ကို စွန့်ခွာထား၍ အခြားဆရာတို့ ကျင့်သော အကျင့်အတိုင်းလည်းကောင်း၊ ယနေ့ အကျင့်လောက၌ နာမည်ရနေသော ကျင့်နည်းများအတိုင်း "မြေစမ်း ခရမ်းပျိုးနည်း"ကား အတိုင်း ကျင့်တော်မူ၏။ မထတော့ပြီဆို မထတော့ပြီ အတိုင်းပင် ရှိစေ၏။ မထိုင်တော့ပြီဆိုလည်း မထိုင်တော့ပြီအတိုင်းပင် ရှိစေ၏။

- ✳ အများပြင်းသလောက် ပြင်းစေ၍ အများထန်သလောက်လည်း ထန်စေ၏။
- ✳ အများတင်းမာသလို တင်းမာပြီး အများမာကြောသလိုလည်း မာကြော၏။

မင်းသွေး၌ရှိသော တင်းမာခြင်းများသည် ဒေါသနှင့် မာနတို့ အကြောင်းပါကြရာမှ ဖွားမြင်လာသော မခံချင်စိတ်ပင်ဖြစ်ရာ အလောင်းတော်၌လည်း ထိုစိတ်ထားနှင့် တစ်သားတည်းကျသာ။

♦ ♦ ♦

## သေချာပေါက်မှို့ သေချာနေသူများ ရောက်လာ

အလောင်းတော်မမွေးဖွားမီ နှစ် ထောင်သောင်းမှနေ အလောင်းတော် မွေးဖွားနေပြီတိုင် ထိုစဉ်က လူလောက နတ်လောက တို့ရှိ သတင်းထူးမှာ. . .

* “ဘုရားပွင့်တော့မတဲ့. . . ဘုရားပွင့်တော့မတဲ့. . . ဘုရားပွင့်တော့မတဲ့။
* ဘုရားဘွဲ့တော်က ဂေါတမ ဆိုပါကလားပဲ။
* သူ့လက်ထက် အမျိုးအနွယ်မှန်သမျှ အမြတ်ချည်း ဆိုပါကလားပဲ။”

ဤသတင်းများသာ အများထက်စွာ၏။ ကြာလေလေ တိုး၍ တိုး၍ ကျယ်လာလေလေသာ ဖြစ်၏။ ဗောဓိလျှာ ဘာ



သာသွေးပါသူ မှန်သမျှ မကြားရ မနေနိုင် သတင်းထူးများပင်။

ထိုအထဲ. . . ကပ္ပိလဝတ်ပြည်က ကောဏ္ဍည စသူ ပုဏ္ဏားပညာရှိများလည်း ပါနေ၏။ ထို ဗေဒပညာရှိများကား ဗေဒပညာဖြင့် အတပ် သိ သိနေသူများတည်း။

ဤသူကား ဘုရားစင်စစ် ဧကန်ဖြစ်မည့်သူတည်း။

ဤသူကား လူသုံးပါးတို့၏ အရှင်သခင် တရားမင်း ဘုရင်ဖြစ်မည့်သူတည်း။

ဤသို့ ဤပုံ ဗေဒပညာအားဖြင့်လည်း သိ၏။ လက္ခဏ အတတ်ဖြင့်လည်း သိ၏။ အာတပ္ပဏ အတတ်ဖြင့်လည်း သိ၏။ အပြန်အားဖြင့် တွက်ချက် အဖြေကား ဤအတိုင်းလျှင် ထွက်နေ၏။ လှန်တွက် အဖြေကား ဤအဖြေမှ အခြားသို့ လှန်မထွက်။ သို့ကြောင့်. . .

“အလောင်းတော်. . . တောထွက်တော်မူပြီတဲ့။”

ထိုသတင်း ကပ္ပိလဝတ် နေပြည်တော်အတွင်း တစ်နံနက်ခင်းအတွင်း ပျံ့နှံ့သွားပြီနှင့် အလောင်းတော်ပျောက်၏နောက် . . . ခြေရာကောက်၍ လိုက်ကြရန် ဗေဒပညာရှင်ပုဏ္ဏားများ ယတိပြတ် တိုင်ပင် ဆုံးဖြတ်ချက် ချထားလိုက်ကြပြီ။

ထိုပုဏ္ဏားများတွင် အလောင်းတော် မွေးပြီးစက နိမိတ်ဖတ်ရာတွင် အငယ်ဆုံး ကောဏ္ဍညက အကြီးဆုံးတည်း။ သူ့နောက်တွင်ကား နိမိတ်ဖတ်ကြားကြစဉ်က ကြီးသူများ၏သား

များ ဖြစ်ကြ၏။ အကြီးလေးယောက်တို့၏ကိုယ်စား ကိုယ်ပွားသားလေးယောက် တို့တည်း။

ပုဏ္ဏားကြီးလေးဦးကား ကြီးပြီ။ အပင်အိုသဖြင့် အသီးသီးရန် မလွယ်ကြပြီ။ ပုဏ္ဏားကြီးလေးဦးကား အရွယ်မငယ်ပြီ။ အသွားဆွေး သွေးတိုးမကြွယ် အရိုးမသယ်နိုင်ကြပြီ။

ထိုစဉ် . . . အလောင်းတော်ကလည်း ကပ္ပိလဝတ်မှ ရာဇဂြိုဟ်အထိ ခရီးပေါက်ပြီးနောက် ဥရုဝေလတော ရောက်ရှိလာပြီး အကျင့်လမ်း စမ်းတမ်း ရှာဖွေနေဆဲကာလပင် ရှိချေသေး၏။

ကောဏ္ဍည ဦးဆောင်သော ဝေဒပညာရှင် ငါးယောက်တို့ ရောက်လာကြသည်နှင့် အလောင်းတော်အား လုပ်ကျွေးပြုစုရန် ခွင့်ပန်ကြ၏။ အလောင်းတော်ကလည်း ခွင့်ပြု၏။

* ခွင့်ပြုခြင်းကား အကျင့်လမ်း အချိန်ပြည့် ထမ်းခွင့်ရရန်ကို။

* ခွင့်ပန်ခြင်းကား ဘုရားပွင့် သူများအလျင် ဖူးခွင့်ရရန်ကို။

ဘုရားသွေး အစွဲထဲ အကဲတို့၏ အကဲထက် လွန်ကဲကြသူများ တည်း။

ဤ၌ ဘုရားလက်ဦး ဖူးခွင့်ရ ပါရမီဖြည့်နည်း အကျဉ်း သိစေလိုသေး၏။

* အဦးလိုချင်လျှင် အဦးဖြင့်ပင် ကံပြင် ထားရမည်။

* ထူးလိုလျှင် အထူးဖြင့်ပင် ဉာဏ်ဝင်စားရသည်။



ထိုစဉ် သူများထက် လက်ဦးခရီးရောက်လိုသူသည် သူများအလျင် ခရီးထွက်၊ သူများထက်လည်း ခြေလှမ်းသွက်မှ လက်ဦးခွင့် ရဘိသို့။ မည်သည့်အရာမဆို သူများထက် ကံဦးများ အမြဲသာနေမှသာ ဦးပါသည်။ သူလိုကိုယ်လို ကံထားဖြင့်ကား သူ့လောက် ကိုယ့်လောက်သာ ကံအား လာပါမည်။

သည့်အတူ . . . မည်သည့် အရာမဆို သူများထက် ထူးလိုသူ သူများထက် အထူးကြိုးစားရပါသည်။ သူလို၊ ကိုယ်လိုဖြင့်ကား သူ့လောက်၊ ကိုယ့်လောက်သာ ဖြစ်လာမည်။ ထူးမည်ကား မဟုတ်ပါ။ သို့ကြောင့် ဘုရားဖူး လက်ဦးလိုသူများသည်လည်း **'ဦးကိုးဦး'** အထူးပြည့်ရသည်။ ယင်းတို့ကား . . .

၁။ **လက်ဦးမင်္ဂလာ** - သတို့သား၊ သတို့သမီးတို့၏ မင်္ဂလာဦး၌ လှူဒါန်းပါ ကျွေးမွေးပါ။

၂။ **အိမ်ဦးမင်္ဂလာ** - အိုးခွဲ၊ အိမ်ခွဲ၏ အိမ်သစ်တည် အိမ်သစ်တက်စ လှူဒါန်းပါ ကျွေးမွေးပါ။

၃။ **စီးပွားဦးမင်္ဂလာ** - ကိုယ်တိုင်စီးပွားရှာရာမှ လက်ဦးရပစ္စည်းကို လှူဒါန်းပါ ပေးကမ်းပါ။

၄။ **ကောက်ဦးပေါ်စ** - ကိုယ်တိုင်လုပ်လယ်ထဲမှ လက်ဦးရကောက်များကို လှူဒါန်းပါ ပေးကမ်းပါ။

၅။ **နယ်ဦးစ** - တလင်းထဲရောက် ကောက်ပြန့်မှ စပါးဦးများကို လှူဒါန်းပါ ပေးကမ်းပါ။

၆။ **ဆန်ဦးစ** - စပါးသစ် ဦးမှ ဆန်ဖြစ်ဦးများကို လှူဒါန်းပါ ကျွေးမွေးပါ။

၇။ **ဆွမ်းဦးစ** - ချက်ပြုတ်ရာ၏ ဦးပေါင်းခေါ် ဆွမ်းဦးကို လှူဒါန်းပါ ကျွေးမွေးပါ။

၈။ **သားဦးရစ** - သားဦးမွေးစ၏ ကင်ပွန်းတပ်မင်္ဂလာဆို လှူဒါန်းပါ ကျွေးမွေးပေးကမ်းပါ။

၉။ **ပုခက်တင်မင်္ဂလာ** - သားဦး ပုခက်တင်မင်္ဂလာ၌လည်း လှူဒါန်းပါ ကျွေးမွေး ပေးကမ်းပါ။

ဤကိုးမျိုးတို့သည် တရားဦးနာခွင့်၊ လက်ဦးဖူးခွင့်ရနိုင်သော ပါရမီဖြည့်နည်းများ ဆို၏။ အချို့လည်း စပါး၌ ကောက်ဦး၊ တလင်းဦး၊ နယ်ဦး၊ စပါးဦး၊ ဆန်ဦး၊ ဆွမ်းဦး၊ စားဦး စသည် ခွဲသေး၏။ သိပ်မကွာလှ။

* ဘုရားမည်သည် ဂုဏ်တော်ကိုးပါးဖြင့် မွှမ်းထုံထားသော ဉာဏ်တော်တည်း။
* ဘုရားဖူးခွင့်ရသည် ဦးကိုးဦးတို့ စွန့်လှူထားရာမှဖြစ်သော ဉာဏ်အမြင်တည်း။

သို့ကြောင့် ဘုရားရှင်ပွင့်စ အချိန်တွင်. . .

မုစ္စလိန္ဒာအိုင်တွင်းနေ နဂါးမင်းသည် သတ္တဝါထဲမှ လက်ဦး ဖူးခွင့်ရသမား။

မြန်မာပြည်မှ တဖုဿ ဘလ္လိက တို့သည် လူသားထဲက



လက်ဦး ဖူးခွင့်ရများ။

ဥပက တက္ကဒွန်း သည်လည်း လက်ဦးနောက်က တောက်လျှောက် ဖူးခွင့်ရသမား။

ပဉ္စဝဂ္ဂီငါးဦးတို့ကား လက်ဦးနောက်က လက်ဦး ဖူးခွင့်၊ နာခွင့်၊ ကျင့်ခွင့်ရများ။

ထိုသို့. . . လူအများတွင် ငါအလျင် ဖူးရသည့်ဂုဏ် စုံမက်ကြလေသဖြင့် ကောဏ္ဍည ဦးဆောင်သော ပုဏ္ဏားငါးယောက် အလောင်းတော်ထံမှောက် လုပ်ကျွေးရန် ရောက်လာခဲ့ကြ၏။

အလောင်းတော်ကလည်း တစ်မျိုးဖြင့် လမ်းရိုးမမြင် တစ်မျိုးပြင် ဝင်ကြည့်၏။ ပဉ္စဝဂ္ဂီတို့ကလည်း တစ်မျိုးအလိုရှိ ထို တစ်မျိုး အလိုဖြည့်ပေးကြ၏။ သို့နှင့် ကျင့်နည်းသာ စုံ၏။ အသိကား မြုံဆဲပင်။

ရက်၊ လ၊ နှစ်များသာ ပြုန်း၏။ အို၊ နာ၊ သေ တို့၏ မြစ်ပွားလမ်းစကား မဆုံးသေး။

♦ ♦ ♦

## ကျင့်ခရီး နည်းနေသေးလို့များလေလား

အလောင်းတော်သည် . . .

ကျင့်နည်းလည်းစုံ အို၊ နာ၊ သေတို့၏ မြစ်ပွားလမ်းစ,က လည်း မကုန်သေးကို ကြည့်၍ "ငါ့မှာ အကျင့်လိုသေး၍လေ လား" အတွေးပေါ်လာ၏။ "ငါ့မှာ ကိုယ့်ကိုယ်ကိုညှာ အနာမခံ သေး၍လေလား" ထပ်ဆင့်အတွေးများ ပေါ်လာပြန်၏။

သို့ကြောင့်. . . အကျင့်လမ်းကြောင်း တင်းရာမှ မာရာသို့ ပြောင်းလိုက်သည်။ အကျင့်ပေါ် အဓိဋ္ဌာန်ဆောင်း အပြင်းပေါ် အထန်လောင်း လိုက်ပြီ။

ထို့မှနောက် ထမင်း၊ ဟင်း၊ အချိုယမကာများအစား ပဲရောရာ ရက်တက်ရည် ၄၉-ဇွန်းမျှသာ။ ထိုမှနောက် အဓိဋ္ဌာန် ကုန်ဆုံးတိုင်း တစ်ဇွန်းကျစီလျှော့၍ အဓိဋ္ဌာန်တင်သုံးခြင်း၊



ပဲစေ့လွှတ် အရည်ချည်းပင် ၄၉-ဇွန်း ပထမအဓိဋ္ဌာန်တင်၊ ပြီးနောက် ကုန်ဆုံးသော် တစ်ဇွန်းကျစီပင် လျှော့၍ လျှော့၍ ထပ်ကျော့ အဓိဋ္ဌာန်တင်သုံးခြင်းများသည် နောက်ဆုံးရက်တက် ရည် တစ်ဇွန်းဖြင့် ၄၉-ရက်တိုင်အောင်အထိပင် တိုင်လာ၏။

သို့တစေလည်း အဓိဋ္ဌာန်သာ စေ့သွားသည်။ ပြည့်လာ သည်ကား မရှိချေ။ စေ့သွားခြင်းကား အချိန်နှင့် ရက် လများ၊ ပြည့်လိုခြင်းကား အို၊ နာ၊ သေ မြစ်ပွားလမ်းစ ပြတ်တောက်ခြင်း များ။

ထိုစဉ်. . . ၄၉-ရက် အဓိဋ္ဌာန်ယူခြင်းများကား . . .

မိမိ၏ ဝေနေယျအများ ခုနစ်ရက်သား၊ ခုနစ်ရက်သမီး များအပေါ် ရည်စူး၍သာ။ ထို ၇-ရက် သားသမီးများကို မြှင့် တင်လိုလျှင် မြှောက်ပေးရသည်။ သို့ကြောင့် ၇-ကို ၇-နှင့်မြှောက် ၄၉-ကိန်းဂဏန်း ပေါက်စေခြင်းပင်။

- ဘုရားတို့မည်သည် ကိုယ်ကျိုးစွန့်သမားများ ဖြစ်နေခြင်း ကြောင့်တည်း။
- ဘုရားတို့မည်သည် ပရဟိတစိတ်ဖြင့်သာ ပွင့်ထွန်းလာ ခြင်းများတည်း။

တစ်ဖန် အို၊ နာ၊ သေ မြစ်ပွားလမ်းစ ဆုံးမဆုံး သိနိုင် ခြင်း၏ သင်္ကေတကား ဖမ်းမိငါး အမြီးလှုပ်,မလှုပ်၊ ခေါင်းယမ်း, မယမ်း၊ ခါး,တို့စမ်းခြင်းများ။ မိမိခံစားခဲ့ဖူးပြီး အာရုံဟောင်း

များတွင်. . . အစွဲနစ်ဆုံး အချစ်ဆုံးများတို့သို့ အတွေးဖြင့်ခေါ် ပုံဖော် လျှော်ကြည့်လေသောအခါ. . . အရွံရှာဆုံး အမုန်းဆုံး များတို့သို့ အတွေးဖြင့်ကြို အရေးဆိုကြည့်လေသောအခါ. . .

* ကြည့်ဆဲကာလ မိမိစိတ် လှုပ်ရှားထကြွနေသေးလျှင် ငါး မသေသေး။
* ကြည့်ဆဲကာလ မိမိစိတ် ခံစားခဲ့ဖူးရာ အတိတ်ဆီသို့ ဝေ့သွားလျှင် ငါးအမြီး လှုပ်လာနေပြီ။
* ကြည့်ဆဲကာလ နောင်ခံစားလိုခြင်း အတွေးတန်း မှန်း လာနေလျှင် ငါးခေါင်းယမ်းလာပြီ။

ဤသုံးချက်တို့သည် မိမိကိုယ်တိုင် တွက်ချက်ကြည့်နိုင်သော တည်ကိန်းများပင်။ အကယ်တိတိ တွေ့ပြီးကား အာရုံ ညောင်းနေ၍ ဖြစ်စေ၊ အတွေ့မရှိခဲ့ဖူးသေး၍ ဖြစ်စေ၊ တို့စရာမရှိ ဖြစ်နေခဲ့ပါမူ အာရုံ ငါးသင်းတွင် မိမိကွင်းဆင်းနေကျ အာရုံတွင်း စိတ်သွင်းပေးကာ အကြိုက်၊ အမုန်း နှစ်ခုစလုံး စိတ်ဖြင့်ပင် မြည်းကြည့် သုံးကြည့်က သိနိုင်တော့သည်သာ။

အချစ်တဏှာ ဝတ်ဆံသည် အဝိဇ္ဇာအခွံတွင်းက မျိုးစေ့ မြစ်ပွား၊ အမုန်းတဏှာ ဝတ်ဆံသည် အဝိဇ္ဇာအခွံတွင်းက မျိုးစေ့ မြစ်ပွား။ အစွဲသည် ဘဝပေါက်ဖွား အို၊ နာ၊ သေ သုံးပါးတွင်း သွင်းပေးနေသည့် မြစ်ပွားတည်း။

အလောင်းတော်သည် မိမိ၌ အဓိဋ္ဌာန်ကုန်သော်မှ တဏှာ



မကုန်သေးသည်ကို ကြည့်၍ "ငါသည် အတင်း အပြင်း နည်း သေး၍ထင်၏" အထိ ဆင်ခြင်ဉာဏ် ဝင်လာ၏။ ထို့နောက် မိမိကြောင့် အလုပ်အကျွေး ပင်ပန်းသည်ကိုလည်း မမြင်လို။ ပဉ္စဝဂ္ဂီတို့ကား ရင်တဖိုဖိုနှင့် ဘုရားအဖြစ် ကြိုဆိုမြဲပင်။ သို့ ကြောင့် အဓိဋ္ဌာန်ရက်များ စေ့သွားတိုင်း . . .

"ဘယ့်နှယ်လဲ အလောင်းမင်းသား ဘုရားဖြစ်ပြီလား" စနည်းနာဆဲ။ အလောင်းတော်ကလည်း မဖြစ်သေးကြောင်း ဝန်ခံရဆဲ။ သို့နှင့်. . . အလောင်းတော်သည် နောက်ဆုံးသော အားကြီးပေါင်း လောင်းအဖြစ် အသစ် တစ်ဖန် အဓိဋ္ဌာန်တင် ပြန်၏။

ယင်းကား . . . ပဉ္စဝဂ္ဂီတို့ အလုပ်အကျွေးကို ဖယ်ရှား မိမိထိုင်နေရာ အပင်မှ ကြွေကျသည်များကိုသာ စားတော့မည် ဖြင့် အဓိဋ္ဌာန်တော် ၄၉-ရက် တင်လိုက်၏။ ကျင့်၏။ စေ့သွား၏။ ပြည့်မလာ။

သို့ကြောင့်. . . မိမိထိုင်နေရာ အပင်သော်မှ စည်းဝိုင်း အတွင်းမျှ။ ထို စည်းဝိုင်းများကလည်း တစ်ခုပြီး တစ်ခု အကျယ်မှ အကျဉ်း . . . ကျဉ်း . . . ကျဉ်း။ အကျဉ်း ဆုံးသွားသော် ကိုယ် ပေါ် ကြွေကျသည်များလောက်ကိုသာ။ ထိုကိုယ်ပေါ်ကြွေများက လည်း လက်ဖဝါးတွင်း တင်းတင်းကျမှကိုသာ။

သို့တိုင်လည်း . . . အဓိဋ္ဌာန်များကသာ စေ့စေ့ စေ့စေ့

သွားကြပြန်၏။ ပြည့်ကား မလာ။ သို့ကြောင့် နောက်ဆုံး ပါးစပ် ပေါက် တည့်တည့်ကျရောက် တည့်တည့်ဝင်လောက်သာ သုံး တော့မည်ဖြင့် အဓိဋ္ဌာန်တော် တင်ချေရာ. . .

ပါးစပ်ပေါက်များကား ဝဲ၊ ယာသို့ဖောက် ကန့်လန့် တစ် လျှောက်၊ အပင်နေ၏ အကြွေများကား ထက်မှအောက်၊ မည်သို့မျှ စားခွင့်ကြုံ မသာပြီ။ အရိုးပေါ်အရေတင်လာပြီ။ အားအင်ချိ နွမ်းရိပြီ။

ထိုစဉ်. . . အလောင်းတော် လမ်းလွှဲကြား မြုပ်သွားစေလို သော မာရ်နတ်ကား လိုပါသေးသည်ပြော။ အလောင်းတော် လမ်းမှန်တွင်း နင်းသာလိုသော နတ်သားကား စောင်းတီးပြ။ ထိုအခါ. . .

(က) တင်းလွန်းသော စောင်း၏အသံ ရပ်သွားသည်များကိုလည်း အလောင်းတော် သဘောပေါက်သွား၏။
(ခ) လျော့လွန်းသော စောင်း၏ အသံမှန်မထွက်သည်များကို လည်း အလောင်းတော် ရိပ်မိသွား၏။
(ဂ) မလျော့မတင်း၏ အသံမှန် သာယာဟန်များကိုလည်း အလောင်းတော် စိတ်ဝင်စားလာ၏။

ထို့နောက် မစွေသေးသောအဓိဋ္ဌာန်ကို ဖျက်ဆီးပစ်လျက် က ဆင်ခြင်မိ၏။ ရှေးရှေး အလောင်းတော်များလည်း ဤ ငါ၏ ဝီရိယထက် ပိုမည်မထင်။ ဤ ငါ၏ ဝီရိယထက်လည်း ပိုရန်



အကြောင်းမရှိ။ ယနေ့ ကျင့်နေသူများလည်း ဤ ငါ၏ ဝီရိယ ထက် မပိုကြ။ ဤ ငါ၏ ဝီရိယထက် ပိုကဲသော အကြောင်းလည်း မရှိတော့။ ဝီရိယအရာတွင်ကား ဤ ငါ၏ ဝီရိယကား လမ်းဆုံး တည်း။

ငါ၌ လိုနေသေးသည်မှာ သတိနှင့် ဝီရိယတို့နောက် အသိ ထောက်ခံလာဖို့မျှသာ။ သို့ကြောင့် ငါသည် ယနေ့မှစ၍ အကျင့် ထက် အသိ ဦးစားပေးတော့အံ့။

♦ ♦ ♦

## သေချာကမှ မပေါက် သေချာတို့ သပိတ်မှောက်

အလောင်းတော်သည်. . .

နောက်တစ်နေ့မှစ၍ မြို့၊ ရွာတွင်းသို့ဝင်ကာ ဆွမ်းခံစားသောက်၏။ ပဥ္စဝဂ္ဂီ (ငါးဦးအုပ်စု)တို့က ဘုရား ဖြစ်၊ မဖြစ် မေးစစ်သောအခါတွင်လည်း ခေါင်းယမ်း ပြလိုက်၏။

အလောင်းမင်းသား လာဘ်လာဘ ပေါများရန် အကြံ အဖန် လုပ်စားနေပြီ။ အလောင်းမင်းသား အခြွေရံ အသင်းအပင်း ပေါများရန် စည်းရုံးရေး ဆင်းနေပြီ။ ဤသို့လည်း သတင်းလွှင့်ကြ၏။ ကြွေးကြော်ကြ၏။ ဝေဖန်ပုတ်ခတ်ကြ၏။ ထိုနှင့်ပင် အားမရ၊ နောက်ဆုံး သပိတ်မှောက် လမ်းခွဲသွားကြပြီ။ ထိုစဉ်က အယူအဆများမှာ အကျင့်သန်မှ အမှန်ဟူ၍ ယူဆထားခြင်း



ကြောင့်ပင်။ သို့နှင့် ထိုပဥ္စဝဂ္ဂီတို့ ဥရုဝေလတောမှ မိဂဒါဝုန်တောသို့ မျှောကြပြီ။

* အမျှော်ဝင်သမားမည်သည် မျှော်သလို မမြင် ကော်တင်မှာချည်းပင်။
* အထင်ကြီးသမားမည်သည်လည်း ထင်သလောက် ကြီးမလာ ခပ်ခွာ ခွာမှာချည်းပင်။

အလောင်းတော်၌ကား . . . အဖော် အလှော် မခံရတော့ခြင်းများကြောင့် မျက်စိတံခါး၊ နားတံခါးမှသည် ပြင်၊ တွင်း တံခါးအားလုံးပင် အငြိမ်းရသွားတော့၏။

* တံခါး အသွားမရှိ **ကာယဝိဝေက** ဆိုသည်ကား ငြိမ်ဆိတ်၏။
* ကိုယ်ထားငြိမ် **စိတ္တဝိဝေက** ဆိုသည်ကပါ ငြိမ်ဖို့ပင်။
* ကိုယ်ထား စိတ်ငြိမ်သော် **ဥပဓိဝိဝေက** နိဗ္ဗာန်ကား ကြိုဆိုလျက်ကပင်။

သို့ဖြင့် ဆိတ်ငြိမ်လာသော ကိုယ်နှင့်စိတ်ကို အရင်းတည်၍ ထိုစိတ်တွင် နည်းသစ်တင်ရန် ပြင်ဆင်၏။ ဥရုဝေလတောရှိ ကျင့်ဆဲ အကျင့်ကလည်း ထင်တိုင်းမပေါက်။ အာဠာရ၊ ဥဒကတို့ သင်ပြလိုက်သော အကျင့်ဖြင့်လည်း မလုံလောက်။ စဉ်းစား၏။ အသေအချာ စဉ်းစား၏။ "မလျော့မတင်း မည်သည့်နည်းဖြင့် ကွင်းဆင်းရမလဲ" ဟူ၍. . .။ ပေါ်လာပြီ ကလေးဘဝ ပါရမီက

လမ်းစပေးလိုက်သော အာနာပါန။

ထိုစဉ်က အလောင်းတော်သည် ပုခက်စံ ဘဝမျှသာ ရှိချေသေး၏။ အထိန်းလက်မှ မလွတ်သေး။ တစ်နေ့ ခမည်းတော် သုဒ္ဓေါဒနေ မင်းကြီးသည် လယ်ထွန်မင်္ဂလာ ကိုယ်တော်တိုင် ဆင်းတော်မူ၏။ ဘုရင်လယ်ထွန် အားလုံးကလည်း လိုက်ပါ ဖြည့်ဆည်းကြရမြဲ။ သို့ကြောင့် ကပ္ပိလ နန်းတော်သူ၊ နန်းတော်သားများ တပျော်တပါး လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲကြ၏။

နန်းတော်သူ၊ နန်းတော်သား၊ အပျိုတော်၊ လူပျိုတော်များလည်း . . . ပျိုးရင့် နုတ်သူများက နုတ်၊ ညက်ပြီးလယ်ထဲ ပျိုးချသူများကချ၊ ကောက်စိုက်သူများကစိုက်၊ အဆိုမျိုးစုံ အကမျိုးစုံ အတီးအမှုတ်မျိုးစုံတို့ဖြင့် အားပေးလိုက်သူများကလည်း အားပေးခိုက် ဖြစ်နေကြချေရာ. . . သပြေပင်ရိပ် ပုခက်တွင်း အသိပ်ခံထားရသူ အလောင်းတော်ကား ပက်လက်၊ အလောင်းတော်ထိန်းကား ပွဲခင်းဘက် ပြေးထွက်၍ကြည့်. . . ပီတိရည်မိ။

ယင်းကို အခွင့်ကောင်းယူကာ အလောင်းတော်သည် ပက်လက်မှ ထတဲ့ကာ ထို ပုခက်တွင်းမှာပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။ ဘဝ ဘဝ များစွာတို့က အထုံ ဝါသနာအရာ ပါရမီ အဖြစ်ပါလာသော အာနာပါနကို ရှုစားတော်မူ၏။

အာနာပါန ရှုစားရင်းက စိတ်အစဉ် ဖြစ်၊ ပျက်လမ်းကြောင်းပေါ်တွင် တင်မိလေသောအခါ. . .



နှာသီးပေါ်တွင် သတိတင် ဝီရိယဖြင့် တွင်တွင် ဝင်မိလေသောအခါ. . . ကံရိပ်ကို ကျော်၍ ဈာန်စိတ်များ ပေါ်လာ၏။ ကြံ့စည်သုံးသပ်ရာမှပင်. . .

၁။ မိမိအလုပ်အပေါ် နှစ်သက်အားရ သဘောကျသော ပီတိများ ဝင်လာစေ၏။

၂။ နှစ်သက်အားရ သဘောကျနေခြင်းကြောင့် ကိုယ်မှာ ချမ်းသာ စိတ်ချမ်းသာ ဖြစ်လာနေ၏။

၃။ ကိုယ်မှာ ချမ်းသာ စိတ်ချမ်းသာနေခြင်းကြောင့် တစ်ခုတည်းသော စားကျက်မှ စိတ်မထွက်တော့။

ထိုစဉ် ကိုယ်၏ ဆိတ်ငြိမ်ခြင်း၊ စိတ်၏ ဆိတ်ငြိမ်ခြင်း **ဝိဝေက** များ ထင်ရှားသည်ထက် ထင်ရှားလာပြီ။ မပင်မပန်း ချမ်းချမ်းသာသာဖြင့်ပင် မလျော့မတင်းလမ်း တန်းဝင်နေတော့သည်။

ယခု အလောင်းတော်၏ ဆင်ခြင်ကံ ဉာဏ်ဝ၌ ယခင်က ဤကဲ့သို့ ဖြစ်ခဲ့ဖူးပုံများ အစီအရီ ဝင်ရောက်လာကြတော့သည်။ ထိုမှစ၍ အလောင်းတော်သည် ဒါ လမ်းမှန်ဟူ၍လည်း တထစ်ချ ယုံကြည်လိုက်၏။ တထစ်ချလည်း ကျင့်သုံးတော့၏။

ထိုစဉ်. . .

အကျင့်နောက် အသိများလည်း လိုက်လာနေကြပြီ။ ကျင့်သလောက်လည်း အသိတရားများ ပွားများလာချေပြီ။ သမာဓိ

ဉာဏ်မှ ပညာဘက်သို့ ဆန်တက်လာချေပြီ။ ဝိပဿနာဉာဏ် အဆင့်ဆင့် အဆင်သင့် လမ်းဖွင့်ပေးထားပြီ။

သို့နှင့် အချိန်ကား . . . ငါးနှစ်ကျော်၍ ခြောက်နှစ်တွင်း ချဉ်းနင်းလာနေပြီ။ ၁၀၃-ခုနှစ်၊ ယခုကား ကဆုန်လပင် ဖြစ်နေချေရာ နောင်လာမည့် တစ်လကိုကျော် ဝါဆိုလ၏ လပြည့်အခါတော် ဆိုလျှင်ကား တောထွက်ကျင့် ခြောက်နှစ်တင်းတင်း ပြည့်တော့မည်။ သူတကာ ကျင့်နိုင်ခဲသော အကျင့်ပွဲ ရုပ်သိမ်းရန် ဆဲဆဲ ဖြစ်ပြီ။ ထို ဝါဆိုလပြည့်နေ့ ပဉ္စဝဂ္ဂီတို့အား တရားဦး ဓမ္မစက် ဟောမြွက်ခြင်းဖြင့်ပင် ရုပ်သိမ်းမည်။

ထိုသို့ ဝိပဿနာအဆင့်ဆင့် လမ်းဖွင့်ရင်းကပင် ကဆုန်လပြည့်နေ့ တိုင်ခဲ့ပြီ။ ထိုစဉ် အလောင်းတော်သည် နံနက်စောစောကပင် သေနနိဂုံး (ဇနပုတ်သားတို့လမ်းဆုံး ရုံး၊ ဈေးများနှင့် အုပ်ချုပ်ရေးများရှိရာ မြို့ကလေး)အဝင် ညောင်ပင်ကြီးအောက်မှာပင် သုဇာတာ လှူဒါန်းသော ရွှေခွက်နှင့် နို့ယနာဆွမ်းများ ခံယူပြီး ခရီးထွက်ခဲ့၏။

နေရဉ္ဇရာမြစ်ကမ်း အရောက်တွင် ဆွမ်းဘုဉ်းပေး၏။ ဤ၌လည်း ၇-ရက်သမီး၊ ၇-ရက်သားများအား ရည်စူး၍ ၄၉- လုတ်တိတိပင်။ နောင် ဤ ၄၉-လုတ် အစာအာဟာရများဖြင့်ပင် ၄၉- ရက်လုံးလုံး မည်သည့် အစားအစာမှ မစားဘဲ သမာပတ်ဖြင့် မျှတစေကာ အဓိဋ္ဌာန် သတ္တဋ္ဌာန စံဝင်ပြဦးမည်။



ထိုနေ့က. . . ထို နေရဉ္ဇရာမှာပင် နေခို၏။ နေညိုချိန် ဗောဓိပင်ရှိရာသို့အကြွ လမ်းတွင် ကြုံရသော သုဒ္ဓိယ(မောင်စင်ကြယ်) လှူသော ရဟန်းများ တရားကျင့်ရာ ထိုင်လေ့ရှိကြသော မြက်များကို လက်ရှစ်ဆုပ်တိတိ အလှူခံတော်မူ၏။ သို့နှင့် နေမဝင်မီ ဗောဓိပင်သို့ရောက်ပြီး . . . ထို မြက်ရှစ်ဆုပ်ကို အဓိဋ္ဌာန်တော်ဖြင့် ကြဲဖြန့်တော်မူလိုက်ရာ အပွရာဇိတ ပလ္လက်အမည်ရ ပလ္လင်တော် ဦးစွာပေါ် ထွန်းခဲ့ချေပြီ။

ထိုပလ္လင်တော်ထက်၌ပင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူရင်းက. . . .

ဗောဓိဉာဏ် အမှန်ထိုးထွင်း၍ မသိရသမျှ. . . ဤပလ္လင်တော်မှ ငါ မထတော့ပြီ။ အဓိဋ္ဌာန်တော်မူ၏။

ထို အဓိဋ္ဌာန်ဖြင့်ကျင့် နောက်ရက်ခေါ် ထို (ကဆုန်လပြည့်နေ့)ည၏ နောက်ပိုင်းရောက် နံနက် ၄-နာရီတွင်. . .

အာသဝက္ခယဉာဏ်တော်ပေါက်သို့ အလောင်းတော်စိတ်ဝင်ရောက်သွားပြီ။

ရှိရှိသမျှ အာသဝ ကိလေသာ သံယောဇဉ် အတားများ အကုန်စင် ပျက်ပြားသွားပြီ။

အာသဝက္ခယဉာဏ်နှင့်အတူ သဗ္ဗညုတဉာဏ်ကိုပါ ရတော့သည်။

အာသဝက္ခယဉာဏ်နှင့်အတူ အနာဝရဏဉာဏ်ကိုပါ

ရတော့သည်။

ထိုစဉ်. . .

* **အာသဝက္ခယဉာဏ်** ကား အတားကျော်နိုင်သူတိုင်း ရသော ဉာဏ်တည်း။

* **သဗ္ဗညုတဉာဏ်** သိစရာရှိသမျှ တစ်စမကျန် ထိုးထွင်းဖွင့်လှန်နိုင်စွမ်းဉာဏ်။

* **အနာဝရဏဉာဏ်** အပိတ်အကွယ်သမျှ တစ်စမကျန် ထိုးထွင်း ဖွင့်လှန်နိုင်စွမ်းဉာဏ်။

ထိုနှစ်ပါးကား . . . လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ဖြည့်ခဲ့သော ပါရမီတော်၏ အား အထူးတည်း။

ယနေ့ ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့ ၁၀၃-ခုနှစ်။

ထိုနေ့သည်ကား လောကတွင် အမြတ်ဆုံး၊ အမြင့်ဆုံး၊ အထူးဆုံးသော ဘုရားပွင့်တော်မူသော နေ့တည်း။

ဘုရားရှင်သည်. . .

ထိုနေ့မှ စတင်တော်မူကာ ၄၉-ရက်တိတိ အဓိဋ္ဌာန်ဖြင့် စံတော်မူ၏။ တစ်နေရာ တစ်ဌာနတွင် ၇-ရက်ကျစီဖြင့် နေရာဌာနပေါင်း ခုနစ်ဌာနတွင် ထိုသို့ စံတော်မူချိန်. . .

(က) သတ္တဝါတို့၏ ဖြစ်ပုံ၊ ချုပ်ပုံများကို အစစ္စာ ဆင်ခြင်တော်မူခဲ့ပါသည်။ သတ္တဝါတို့ ဉာဏ်အတွင်း ဘဝ ဖြစ်ပုံ၊ ချုပ်ပုံများ ယှဉ်စပ် ဖော်ပြရန်အတွက်တည်း။



(ခ) ထို့နောက် သတ္တဝါတို့ရှိ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို ခွဲခြမ်းကြည့်ခဲ့ပါသည်။ ထိုသတ္တဝါများ ကိုယ့်အရှိကိုယ်သိရန် အတွက်တည်း။

(ဂ) နောက်ဆုံး သတ္တဝါတို့အပေါ် ဗြဟ္မာဝိဟာရ လေးပါးဖြင့် ဖြန့်လှန်းနေခဲ့ပါသည်။ ကိုယ်တော်စိတ်နှင့် သတ္တဝါတို့စိတ် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ရန်အတွက်တည်း။

သို့ဖြင့်ပင် ကဆုန်လ ထက်ဝက်မျှ အချိန် ကုန်လွန်ခဲ့ပါသည်။ သို့ဖြင့်ပင် နယုန်လ တစ်လလုံးလုံးလည်း ကုန်ဆုံးခဲ့ပါသည်။ သို့ဖြင့်ပင် ဝါဆို၏ လ,အဆန်း ပန်းပမာ ပွင့်လာစေပါသည်။ သို့ဖြင့်ပင် အဓိဋ္ဌာန်ခရီးဆုံး သတ္တဝါတို့သို့ ဝန်ရှုန်း ထွက်တော်မူခဲ့ပါပြီ။

♦ ♦ ♦

## ချိန်နေသူ လွဲ၊ မချိန်သူများ တစ်, စွဲမည်

ရှင်တော်မြတ်ဘုရားသည် . . . “ဘုရားမဖြစ်သမျှ ဤပလ္လင်မှ ငါမထ” အဓိဋ္ဌာန်ခရီးအပြီးတွင် ဘုရားအဖြစ် ဝန်ခံ၏။ တစ်ဖန် အဓိဋ္ဌာန်ပြန်အဝင် ငါးခုမြောက်အဖြစ် အဇပါလညောင်ပင်အောက်သို့ ကြွရောက် သီတင်းသုံး၏။ သုံးရင်းကပင်. . . တရားတော်၏ ခက်ခဲ နက်နဲခြင်းများကိုလည်း ဆင်ခြင်တော်မူ၏။ သတ္တဝါများ၏ စရိုက် ကြမ်းတမ်း ပေ့ါတန်ပုံများကိုလည်း မြင်တော်မူ၏။ ထိုနှစ်ခုကို ယှဉ်၍ ဇကာတင် ဆင်ခြင်တော်မူသောအခါ. . .

“ငါ့တရားတော်က နက်နဲ၊ သတ္တဝါတွေက အကန်း အမိုက်ချည်းပဲ။ ငါဘုရားဟောလည်း အလကား နေမှာပဲ။” ဤသို့



မြင်တော်မူချေရာ. . . မဟောဖို့ပါ အကြံတော် ဖြစ်လာ၏။ ထိုအချိန်. . .

လောကကြီး ပျက်စီးတော့ဖို့ သေချာနေပြီ အချင်းတို့။

လောကကြီး ပျက်စီးတော့ဖို့ သေချာနေပြီ အချင်းတို့။

သိသောသူကမှ ဟောမပြ မသိသူများ အကန်းဘဝမှ တက်ခွင့် မရကြပြီတကား။ ထိုစကား သဟမ္ပတိ ဗြဟ္မာမင်းကြီးက စကြဝဠာတစ်လျှောက် အခြား နတ်၊ ဗြဟ္မာတို့ ကြားလောက်အောင် လျှောက်အော်တော့သည်။ ကြားကြသမျှသော ဘုမ္မာနေနတ်၊ ရုက္ခနတ်၊ အာကာသနတ်များ စိတ်မချမ်းသာကြပြီ။

ထိုအချိန် ထိုအသံများ ဘုရားရှင်လည်း ကြားသိတော်မူရာ ထပ်မံ စဉ်းစားတော်မူ၏။

“ဟုတ်ပေသားပဲ၊ ကျွတ်ထိုက်သူများလည်း ရှိနေကြသေးတာပဲ” ဤအဖြေ ပေါ်လာခဲ့၏။

“ဟုတ်ပြီ။ သည်လိုဆို ဘယ်သူ့ စတင်ချွတ်ရမလဲ” ဒုတိယ ထပ်မံ စဉ်းစား၏။

“ငါ့အား ကျေးဇူးများခဲ့သူမှာ အာဠာရပေပဲ” အဖြေပေါ်လာ၏။ သို့နှင့် အာဠာရ ချွတ်ရန် ဉာဏ်စက္ခုဖြင့် ဆင်ခြင်တော်မူရာ အာဠာရကား ကွယ်လွန်ခဲ့ချေပြီကော။ ကွယ်လွန်ပြီးသော် မြင်စရာ မျက်စိမရှိ၊ နာကြားစရာ နားလည်းမရှိ၊ ရုပ်မဲ့ နာမ်ဘုံများတွင် တတိယစျာန်ဘုံသို့ ရောက်နေသည်ကို မြင်တော်မူ၏။

ထိုအခါ "ကျွတ်ထိုက်သူတစ်ပါး အလကား ဆုံးရှုံးရချေပြီ တကား" ငြီးတွားတော်မူ၏။ တစ်ဖန် အာဠာရအပြီး ဥဒက ရသေ့အား ဆက်လက်ရှုစားတော်မူရာ ဥဒက သည်လည်း ကွယ်လွန်သွားချေပြီကော။ ကွယ်လွန်ပြီးသော် ၎င်းလည်း ရုပ်မဲ့ဘုံတို့၏ စတုတ္ထဘုံ ရောက်နေသည်ကို မြင်တော်မူ၏။ သို့အတွက် "ကျွတ်ထိုက်သူတစ်ပါး ကျွတ်ထိုက်ပါလျက် ဆုံးရှုံးသွားရချေပြီ တကား" ငြီးတွား၏။ ထိုမှနောက် ကျေးဇူးများသူ ပဉ္စဝဂ္ဂီတို့သို့ ဆက်၍ ရှုဆင်ခြင်တော်မူရာ ၎င်းတို့ကား ဗာရာဏသီ၏ မိဂဒါဝုန်မှာပင် ရှိနေသေးကြောင်းကို မြင်တော်မူ၏။

သို့ဖြင့်ပင်. . . ဘုရားရှင်သည် အဓိဋ္ဌာန်အပြီးတွင် ဗောဓိမဏ္ဍိုင်အရပ်အား စွန့်ခွာထားခဲ့ကာ ပဉ္စဝဂ္ဂီတို့နေရာ ဗာရာဏသီပြည် မိဂဒါဝုန်တောဘက်သို့ ခရီးထွက်ခဲ့ပြီ။ လမ်းတွင်ကား ဥပက ဆိုသူနှင့် ပက်ပင်းတွေ့၏။ ဥပက,က မေး၏။ ဘုရားကလည်း "ငါ ဇိန" ဟုဖြေ၏။ သို့တိုင်လည်း သဒ္ဓါမကျ အားမပြသဖြင့် "ဟုတ်ပေ မှာပဲ" ဖြင့် ချိန်ရင်းလွဲရစ်သည်။

သို့နှင့် ပဉ္စဝဂ္ဂီတို့ထံကြွ တရားဦးဟောရပြီ။ ထိုမှနောက် ပဉ္စဝဂ္ဂီတို့ ဉာဏ်အလင်း ထင်းထင်းပေါက်စေပြီ။ တရားဦးနာခွင့် ရရာ၌ကား ပဉ္စဝဂ္ဂီတို့သာ အဦးအဖျားတည်း။ ယင်းတို့ အကြောင်းပြု၍ နတ်အပေါင်းကား ၁၈-ကုဋေ၊ ဗြဟ္မာဆိုသည်မှာကား ရေတွက်မရ အသင်္ချေ ဂဏန်းကျအထိ ခရီးပေါက်



စေ့ပြီ။ တစ်ဆက်တည်းမှာပင် ယသ အမျိုးပြုသော ငါးဆယ့်ငါးဦးတို့သည်လည်း ၁၀၃-ခုနှစ်၏ ထိုဝါတွင်းမှာပင် ဉာဏ်အလင်း ဒင်းဒင်းပွင့်စေပြီ။

ဝါကျွတ်သည်နှင့်. . .

ပဉ္စဝဂ္ဂီ တို့ကား . . . ငါးပါးစု၊

ယသ တို့ကား . . . ငါးဆယ့်ငါးပါးစု၊ ပေါင်း ၆၀-ပါး။ ထို ခြောက်ကျိပ်သော ရဟန္တာများကို နေရာခွဲကာ သာသနာပြု ခရီး ထွက်စေပြီး ဘုရားရှင်ကိုယ်တော်တိုင်ကား . . .

ဥရုဝေလတောတွင် နေထိုင်ကြသော ဥရုဝေလကဿပနှင့် ရသေ့ညီနောင် ရှင်တစ်ထောင်တို့အား ဟောချွတ်ရန် မိဂဒါဝုန်မှနေ ဥရုဝေလတောသို့ တစ်ဖန် ပြန်လည်ကြွတော်မူ၏။

ထိုသို့ကြွရင်းကပင် လမ်းတစ်ဝက် ကပ္ပါသိက တောအုပ်ကြီးသို့ အရောက်တွင် ကောသလမင်းကြီး၏ ညီတော်များ ဖြစ်ကြလေသော ဘဒ္ဒဝဂ္ဂီညီနောင်သုံးကျိပ်တို့အား ဟောချွတ်တော်မူ၏။ ထိုတွင်. . .

အချို့ကား သောတာပန် တည်ကြ၏။

အချို့ကား သကဒါဂါမ် အထိ ခရီးရောက်ကြ၏။

အချို့ကား အနာဂါမ် တိုင်အောင် ခရီးပေါက်ကြ၏။ ယင်းတို့အားလည်း ဧဟိဘိက္ခုခေါ် လျက်ကပင် ရဟန်းအဖြစ်သို့ ရောက်စေတော်မူ၏။ ရဟန်းဖြစ်သည်နှင့် သာသနာပြု စေလွှတ်

တော်မူလိုက်၏။

ရှင်တော်မြတ်ဘုရားကား ဉရုဝေလတော ဆက်ကြွတော်မူ၏။ ရောက်သောအခါ. . . အကျင့်သမားချင်း ယင်း သွင်းရမည်က တစ်ကြောင်း၊ အကျင့် သတင်း ပျံ့သင်းပြီးရှိသူအား ပြောင်းလဲပေးရမည်က တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် တန်ခိုးတော်အမျိုးမျိုး ပြတော်မူခဲ့ရ၏။ မာန်စင်ပျော့အိ အလိုက်သိတတ်ခြင်း နည်းကိုလည်း သုံးတော်မူခဲ့ရ၏။

သို့နှင့်. . . ဦးစီးကဿပကြီးနှင့်တကွ အားလုံးတို့ အယုံတွင် စိတ်ပါညွတ်လာသောအခါတွင်မှ ဧဟိဘိက္ခု ခေါ်တော်မူလျက် ကပင် ရဟန်းအသွင် ပေါက်စေတော်မူ၏။

ထို့နောက် ယင်းတို့၏ ဣန္ဒြေကို စောင့်ငဲ့တော်မူလျက်ကပင်. . . ထို နောက်ပါ တစ်ထောင် အခြံအရံဖြင့် ဗိမ္ဗိသာရမင်းကြီးအား ပဋိညာဉ်ပေးထားသောအတိုင်း မာဂဓတိုင်း၏ဗဟိုရာဇဂြိုဟ်သို့အရောက် ကြွချီတော်မူချေပြီ။

ထိုစဉ်. . . ဂယာသီသအနီး ကျောက်ဖျာကြီးသို့ ခရီးတစ်ထောက် ရောက်သည်နှင့် မီးပူဇော်ခြင်းအလေ့ ကျင့်လေ့ရှိကြသော ထိုရသေ့ညီနောင် ရှင်တစ်ထောင်တို့အား အာဒိတ္တပရိယာယသုတ် အမည်ရ သတ္တဝါတို့၌ ရဲရဲပြောင် လောင်နေသော မီးအမျိုးမျိုးတို့၏ ဆိုးဝါးပုံ ဟောပြတော်မူရာ ထိုအားလုံး အရဟတ္တမဂ်အပေါက် ခရီးရောက်ကြပြီ။ အကြီးဆုံး အရှင်



ကဿပကား အဘိညာဉ်နှင့်တကွ တရားခွင် အမြင်မှန်ရခဲ့ပြီ။

ဤဆိုခဲ့ပြီးသည်များ ပြန်ပြောင်း၍ ထပ်လောင်းသိစေလိုသည်မှာ. . . လောကတွင် အရေးတကြီး အချိန်သုံးမျိုး ရှိသည်ဆို၏။ ယင်းတို့မှာ. . .

၁။ ဘုရားဖြစ်ပွင့်ချိန်. . . ယင်းကား ဖြစ်ခဲ ကြုံခဲလွန်းလှ၍၊

၂။ စကြာမင်းပေါ်ချိန်. . . ယင်းသည်လည်း ဖြစ်ခဲ ကြုံခဲသော ဒုတိယဖြစ်နေ၍၊

၃။ ဤကမ္ဘာကြီးပျက်ချိန်. . . ယင်းကား ဘေးလွတ်သို့ ရွှေ့ကူးနိုင်ရန် အကျင့်ကူရမည့်အချိန်ဖြစ်နေ၍။

ထိုတွင်. . . အရေးအကြီးဆုံး အရေးတကာ့ အရေးအကြီးဆုံးသို့ လိုက်၍ လူတို့အား ကြိုတင် သတိပေးသတင်း ကောလဟလ သွင်းပေးကြမြဲဖြစ်ရာ အနှစ်တစ်ရာ မတိုင်မီက၊ အနှစ်တစ်ထောင် မတိုင်မီက၊ အနှစ်တစ်သောင်း မတိုင်မီက၊ ဤသို့ ကြိုတင်သည် ဆို၏။

ယခုလည်း အနှစ်တစ်သောင်းအတွင်းကပင် ဘုရားပွင့်တော့မှာတဲ့။ ဘွဲ့တော်က ဂေါတမတဲ့။ သူ့ခေတ်မှာ မျိုးညှံ့၊ မျိုးယုတ် မရှိဘူးတဲ့။ သတင်းများ ပျံ့သင်းနေချေရာ. . . ဘုရားသွေးဝင် ဘုရားမြင်ချင်၊ သိချင်သူများ ဘုရားသတင်း နားစွင့်နေနှင့်ကြပြီ။

ထိုအထဲမှ. . . ယနေ့ လူသားထဲတွင်. . .

ပဉ္စဝဂ္ဂီတို့ အဦးထား၍ အရှင်ယသနှင့် အပေါင်းပါများက ၅၅-ဦး၊

ဘဒ္ဒဝဂ္ဂီတို့ကား ၃၀-ဦး၊

အရှင်ကဿပနှင့် အပေါင်းပါများကား တစ်ထောင်၊

ပေါင်းလိုက်သော် တစ်ထောင်နှင့် ကိုးကျိပ်။

ယင်းတို့ကား တရားထီးရိပ်ကိုလည်းခိုမိ၊ ဘုရားထီးရိပ်ကိုလည်း ခိုမိ၊ မိမိတို့ကိုယ်တိုင်လျှင် သံဃာအရိပ် အဖြစ်လည်း တည်ဆောက်လိုက်ကြသူများတည်း။

တစ်ဖန်. . .

(က) လူအဖြစ်ဖြင့်ကား ဥက္ကလာ ဒဂုံတိုင်းမှ တဖုဿနှင့် ဘလ္လိက ညီနောင် ၂-ဦး၊

(ခ) အရှင်ယသ၏ ခမည်းတော် မယ်တော်နှင့် ဇနီးဟောင်း ၃-ဦး၊ . . . ပေါင်း ၅-ဦး။

ယင်းတို့ကား တရားထီးရိပ် ဘုရားထီးရိပ်တို့၌ ခိုအိပ်မိကြပြီး မိမိတို့ကိုယ်တိုင်လျှင် သာသနာတော် အထောက်အပံ့ သာသနာဒါယကာ အမည်ခံလိုက်ကြသူများတည်း။

လောက၊ သာသနာ ထိုနှစ်ဖြာပေါ်တွင်. . . ဤအချိန်ဆရာအုတ်မြစ်၊ ဒကာအုတ်မြစ် နှစ်မျိုး အစပျိုး မျိုးချမိသွားပြီ။ လောက အလှဆင်ရာတွင်ကား နတ်များက ၁၈-ကုဋေ၊ ဗြဟ္မာများက အသေခြေ အစထား၍ ယခုအချိန် အဘယ်မျှ



များပြားနေသည်ပင် မသိရတော့ပြီ။

ယင်းတို့သည်. . . ဘုရားသွေး မျှော်ရာမှ ကိုယ်ကိုယ်တိုင် ဘုရားသွေးပေါ်လာကြသူများ ဖြစ်ကြချေရာ. . .

(က) မိမိကိုယ်တိုင်လျှင် ဘုရားဖြစ်ပွင့်နေကြပြီ။ သမ္မာသမ္ဗုဒ္ဓ၊ သမ္ဗုဒ္ဓ ဗုဒ္ဓတည်း။

(ခ) မိမိကိုယ်နှိုက်ပင် တရားဖြစ်ပွင့်နေကြပြီ။ ခန္ဓာမှန်သမျှ အနတ္တဓမ္မ ကိုယ်တိုင်ကိုယ်ကျ သိကြရပြီတည်း။

(ဂ) မိမိကိုယ်နှိုက်ပင် သံဃာဖြစ်ပွင့်နေကြပြီ။ ဘုရားရှင်နှင့် အကျင့်တူ အမြင်တူများတည်း။

ဘုရားပေါ်လျက် သွေးမတော် သားမစပ်သေးသူကား . . . နီးလျက်နှင့် အဝေးတွင်ကား ဥပက။ ဝေးလျက်နှင့် အနီးနေများကား အသခြေ် အနန္တ။

သို့ကြောင့် ရှင်တော်မြတ်ဘုရားသည် အသက်ရှိသမျှ ကာလပတ်လုံး . . .

ကိုယ်တော်တိုင်လည်း ကမ္ဘာပတ် ဘုံပတ်၍ နေ့ညဥ့်မပြတ် စောင့်ကြပ် ချွတ်လှဲ့ရဦးမည်။

ဓာတ်မွေတော် ထားခဲ့၍လည်း ကမ္ဘာအရပ်ရပ် လှည့်ပတ်ကာ ချေချွတ်ရဦးတော့မည်။

♦ ♦ ♦

## သိစေချင်ရာ ဒါ

ဆိုခဲ့ပြီးစကားများကား . . . ပဏ္ဍဝတောင်ခြေမှ ဂိဇ္ဈကုဋ်တောင်ခြေသို့ လမ်းဖောက်ခြင်းမျှသာ။ ဘုရားရှင်နှင့် ဘုရင်ဗိမ္ဗိသာရတို့၏ မေတ္တာအကြား စကား တံတား ထိုးခြင်းမျှသာ။

ယခုသော်ကား ဘုရားရှင်နှင့် ဗိမ္ဗိသာရတို့အကြောင်း ဇာတ်ပေါင်းခွင့်ရလာပြီ။

ရှင်တော်မြတ်ဘုရားသည် အရှင်ဥရုဝေလကဿပ အမှူးပြုသော အခြံအရံတစ်ထောင်ဖြင့်. . . ဥရုဝေလတောမှ ရာဇဂြိုဟ်ပြည်အနီး ထန်းတောဥယျာဉ်ကြီးရှိ၏၊ ထိုဥယျာဉ်တွင်းဝယ် သီတင်းသုံးတော်မူကြ၏။

လောကမှာ ဘုရားပွင့်နေပြီ။

ယခု နောက်ပါ သံဃာတစ်ထောင်ဖြင့် ထန်းတောဥယျာဉ်



တော်မှာ သီတင်းသုံးနေပြီ။

ထို သတင်း နတ်မျိုးစုံ အကုန်တို့က ရာဇဂြိုဟ်တစ်ပြည်လုံးသို့ လိုက်လံ လွှင့်နေကြခြင်းကြောင့် ဗိမ္ဗိသာရမင်းကြီးလည်း ကြားသိခွင့်ရသွားပြီ။ သို့နှင့်. . . ဗိမ္ဗိသာရမင်းကြီးသည် နောက်ပါ တစ်သိန်းနှစ်သောင်းသော အခြံများဖြင့် ကြားကြားချင်း ဝမ်းသာအားရစွာ ဘုရားထံမှောက် အရောက်သွားတော့သည်။ ရောက်ရောက်ချင်း ဘုရားပုံ မြင်ရုံနှင့်ပင် အယုံတိုး တစ်ဝက်ကျိုးသွားပြီ။ ဘုရားစကား အသံရော အသားပါ ကြားသိခွင့်ရသည်နှင့် အယုံတခိုး အကုန်ကျိုးတော့သည်။

ဗိမ္ဗိသာရမင်းကြီးနှင့် နောက်ပါ တစ်သိန်း တစ်သောင်းတိတိ သောတာပန် အရိယာအဆင့်ဖြင့် ဘုရားနှင့် အကျင့်တူ၊ အမြင်တူ၊ သွေးချင်းတူဖြစ်ကြရာ သောတာပန်တို့၏ ဓမ္မတာအတိုင်း ရတနာစစ်အပေါ်၌ မပျက်သောအယုံ အကြွင်းမဲ့ဂုဏ် ဆောင်လိုက်ခြင်းတည်း။ ထိုသူများ ဘုရားအပွင့် နားစွင့်ရကျိုး နပ်သွားကြပြီ။

ကျန်တစ်သောင်းကား ဉာဏ်မမီ ကံနုံ့ သဒ္ဓါအရေကျုံ့နေသေးသောကြောင့် သရဏဂုံတည် သဒ္ဓါယုံ အရည်ပြည့် ဉာဏ်ရည်လှည့်ရန် ဖြည့်ရင်း စောင့်ခွင့်ရသွားသည်။

ထိုစဉ်. . . မင်းမြတ်သည် ဝမ်းသာ အားရလွန်း အားကြီးလှသဖြင့် ဤစကား ဘုရားနားတော်ပေါက် တင်လျှောက်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . .

ဘုရားတပည့်တော် ငယ်စဉ်ကာလ လူပျိုဖြစ်စက သည်အကြံ ကြံမိခဲ့ပါသည်။ ထိုစဉ်ကပင် ဤ အရိယတိုက်၌ ဘုရားပွင့်တော့မည် သတင်းကလည်း ပျံ့နှံ့နေခဲ့ပါသည်။ ထိုသတင်းအရင်းတည်၍သာ. . .

၁။ ငါသည် ကြီးပြင်းလာသောအခါ ဘုရင်ဖြစ်ခွင့်ရလျှင် ကောင်းမှာပဲ။ သည်အကြံ ကြံမိခဲ့ပါသည်။

၂။ ငါသည် ဘုရင်ဖြစ်ဆဲ ငါ့တိုင်းပြည်သို့ ဘုရားကြွလာလျှင် ကောင်းမှာပဲ။ သည်အကြံ ကြံမိခဲ့ပါသည်။

၃။ ငါသည် ဘုရားရှင်အား ချဉ်းကပ်ခွင့်ရလျှင် ကောင်းမှာပဲ။ သည်အကြံလည်း ကြံမိခဲ့ပါသည်။

၄။ ငါသည် ဘုရားဟော တရား နာကြားခွင့်ရလျှင် ကောင်းမှာပဲ။ သည်အကြံလည်း ကြံမိခဲ့ပါသည်။

၅။ ငါသည် ဘုရားဟော တရား သိပိုင်ခွင့်ရလျှင် ကောင်းမှာပဲ။ သည်အကြံလည်း ကြံမိခဲ့ပါသည်။

ယခု သည်အကြံ အားလုံး တပည့်တော်၌ ပြည့်ဝသွားပါပြီ အရှင်ဘုရား။ သို့ကြောင့် တပည့်တော်အား ဥပသကာအဖြစ် အသိမှတ် ပြုတော်မူပါဘုရား။"

ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် အသိမှတ်ပြုတော်မူလိုက်၏။ ထို့နောက် နောက်တစ်နေ့ မိမိနန်းတော်၌ပင်



ဆွမ်းဘုဉ်းပေး ကြွရောက်ပါရန်ပါ ပင့်ဆောင်ပြီး ပြန်သွား၏။

ကြေးစည်တီးလို့ သိကြားပျို ဘုရားကို ရှေ့ဆောင်ပင့်လို့။

နောက်တစ်နေ့ နံနက်တွင်ကား . . . ဘုရားရှင်သည် နောက်ပါ သံဃာတစ်ထောင်ဖြင့် ရာဇဂြိုဟ်မြို့တွင်း ဝင်တော်မူရာ. . . သိကြားမင်းကား လုလင်ယောင်ဆောင်ကာ ရှေ့မှနေ ဘုရားရှင်၏ဂုဏ်တော်များ ချီးကျူးပူဇော်လျက်က ဦးဆောင်လမ်းပြ၏။ မြို့သူ မြို့သားများလည်း ဘုရားဦး ဖူးခွင့်ရကြ၏။

* အရိယာတိုက်သားတို့၏ ဉာဉ်သည် စိတ်နှလုံး ဖြူစင်ကြ၏။
* အရိယာတိုက်သားတို့၏ ဉာဉ်သည် ပေးချင်၊ ကမ်းချင်၊ ကူညီချင်ကြ၏။
* အရိယာတိုက်သားတို့၏ ဉာဉ်သည် အကောင်းမြင်ခေါင်းပေါ်တင် ရင်မှာ သွင်းချင်ကြ၏။
* အရိယာတိုက်သားတို့၏ ဉာဉ်သည် အအေးမျှော်. . . ပေါ်အဖော် တော်ချင်ကြ၏။

သို့သော် စေတနာ အလှဲသုံးစားလုပ် သေခန်းပြတ်သည်အထိ တန်ပြန်လုပ်တတ်၏။

ယနေ့ ယခုတို့၏ ရာဇဂြိုဟ်မြင်ကွင်းကား လ,အစင်းတစ်ထောင် မြို့လည်ခေါင် နေ့ခင်းကြောင်တောင် ဖြောင်ဝင်လာသည့်ပမာ. . .။ ဘုရားရှင်နှင့် ရဟန်းသံဃာတို့၏ ဝါဝင်းသော သက်န်းရောင်ကသာ လွှမ်းဖုံးနေ၏။ ကောင်းသော မြင်ကွင်း

ဖြစ်သဖြင့် လှူဒါန်းကြသည်ကား သူ့ထက်ငါ အလုအယက်သာ။ အအေးမျှော် ပေါ်လာပြီ ဖြစ်သဖြင့်လည်း ရဟန်းဖြစ်လိုစိတ်များလည်း သူရော ငါအကြား တဖွားဖွားသာ။

ယနေ့၏ ရာဇဂြိုဟ် မနေ့ကလို နေမခို၊ အပူစင်ကင်း အေးခြင်းကြီး မင်းမူနေသောကြောင့်။

ဆွမ်းကိစ္စ ပြီးစီးသောအခါ. . . မင်းမြတ် ရှေ့ဆောင်လျက်က မြို့၏အနီး ဂိဇ္ဈကုဋ်တောင်ကြီးဆီသို့ ဘုရားရှင်နှင့် နောက်ပါများအား ပင့်ဆောင်သွား၏။ ဂိဇ္ဈကုဋ်တောင်ခြေ ဥယျာဉ်မြေသို့ ရောက်လျှင်ကား . . .

ဘုရားရှင်အား ဂိဇ္ဈကုဋ်တောင်ကိုလည်း ရေစက်ချ လှူဒါန်း၏။ ဘုရားရှင်အား ဥယျာဉ်တော်ကိုလည်း ရေစက်ချ လှူဒါန်း၏။ ထို့နောက် ဝေဠုဝန်ကျောင်းတော်ကြီး နှစ်ဆောင်ပြိုင် (တောင်ကျောင်း၊ မြောက်ကျောင်း) ဆောက်လုပ်လှူဒါန်းကာ ဘုရားကျောင်းဒကာအမည်ပါ ခံယူလိုက်တော့သည်။ သို့တိုင်လည်း . . .

ဘုရားရှင်ကား . . . ရာဇဂြိုဟ် ဝေနေ ရာဇဂြိုဟ်မြေမှာပင် အကျွတ်အလွတ် ဖြစ်ရန်၊ သာဝတ္ထိ ဝေနေ သာဝတ္ထိမြေမှာပင် အကျွတ်အလွတ် ဖြစ်ရန်၊ ကပ္ပိလဝတ် ဝေနေ ကပ္ပိလဝတ်မြေမှာပင် အကျွတ်အလွတ် ဖြစ်ရန်။

သည့်အတူ . . . သူ့ဝေနေ သူ့မြေ သူ့မြေပေါ်မှာပင်



အကျွတ်အလွတ် ချွတ်ခွင့်ရရန် လှူသမျှကျောင်း အလှူခံတော်မူ၏။ ပင့်သမျှနေရာ လိုက်ပါတော်မူ၏။ ဖူးလိုသူ၊ နာလိုသူ၊ လှူလိုသူ အားလုံးတို့ကိုလည်း ဝေနေယျတို့၏ သဒ္ဓါအလိုက် ချီးမြှောက်ခိုက်ပင်ဖြစ်ရာ. . .

ဤ ဝေဠုဝန်ကျောင်းတော်ကြီး အလှူခံသော်လည်း ရာသက်ပန်ကား နေတော်မမူ။ ဤ ဝေဠုဝန်ကျောင်းတော်၌ ၄၅-ဝါတွင် ၆-ဝါမျှ နေတော်မူ၏။ သို့ဖြစ်ရာ မင်းကြီးသည် ဘုရားကြွလာခိုက် ရင်မှာစို၍ နှုပျိုနေပါပြီ။ မင်းကြီးသည် ဘုရားပြန်ကြွခိုက် ရင်မှာလှိုက်၍ အသည်းခိုက်ခိုက် အခြောက်တိုက်တော့သည်။

တစ်နေ့ . . .

ဘုရားရှင် ဝေဠုဝန်ကျောင်းတော် သီတင်းသုံးခိုက် သူ့၌ဖြစ်နေသော ဘုရားရှင်နှင့် ပတ်သက်ရာဒုက္ခ နှုတ်ဟ၍ လျှောက်တင်၏။ လျှောက်တင်ရုံမက. . . အရှင်ဘုရား မရှိခိုက် အရှင်ဘုရားရှိသည်အလား စိတ်ညွတ်တွားရန် အရှင်ဘုရားကိုယ်စားကိုယ်ပွားတော်တစ်ဆူ ချီးမြှောက်တော်မူပါရန်ပါ လျှောက်တင်လိုက်၏။

ဘုရားရှင်ကလည်း ခွင့်ပြု၏။ သို့နှင့် ဝမ်းသာအားရ ဘုရားကိုယ်ပွားရရန် ဘုရင်ဗိမ္ဗိသာရမင်း အားထုတ်ခဲ့ရပြီ။

ဘုရားရှင်၏ ရူပကာယတော်သည် မကွဲ၊ မအက်၊ မပျက်၊ မပျို ရှိ၏။

ဘုရားရှင်၏ အနံ့တော်သည် သင်းပျံ့ကြိုင်လှိုင် သူတကာ သို့ ဝေနိုင်၏။

သို့ဆိုသော်. . . ဘုရားရှင်နှင့် အနည်းငယ်မျှ တုပခွင့် ရသည်မှာကား စန္ဒကူးနှစ်သား တည်း။ သို့နှင့်. . .

ဃောသကတောင်မှ စန္ဒကူးသား အနှစ်ချည်းသက်သက် ထုတ်ယူ၏။

ယင်းဖြင့် ဘုရားရှင်နှင့် ပုံတူထုတ် ဘုရား သရုပ်ဆောင်ရန် တည်း။

♦ ♦ ♦



## ဘုရားနှင့်မတူ နူတတ်သည်

ထိုသို့. . . ဘုရားကိုယ်ပွားတော် ထုလုပ် စီရင်ရန် အားယူ သော်လည်း ထုဝံ့သူကား မရှိချေ။

ဘုရားရှင်ကား အပ္ပမာဏ တိုင်းထွာပြစရာ ကိရိယာမရှိ။

ဘုရားရှင်ကား အတုလ အတုခိုးစရာ ပုံမျိုးမရှိ။

ထိုတွင် . . .

တစ်ခါက ပုဏ္ဏားတစ်ဦးသည် ဘုရားရှင်၏ အရပ်တော် သိလိုသဖြင့် ဘုရားရှင် ဆွမ်းခံကြွရာ လမ်းဘေးတစ်ဖက်မှနေ ဝါးလုံးထောင်၍ ရပ်နေ၏။

ဘုရားအရပ်တော်ကား ထို ဝါးလုံးထက်စွာ သာလျက် ကသာ။ သို့နှင့် နောက်တစ်နေ့ နောက်တစ်နေ့ များတွင် သည့် ထက်သာဖြင့် ဝါကြည့်၏။ ဘုရား အရပ်တော်များကလည်း

သည့်ထက်စွာ သာလျက်ကချည်းသာ။ သို့ကြောင့်. . . ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော် အနန္တရှင်သည် အပ္ပမာဏ။

တစ်ဖန်. . .

ဘုရားရှင်၏ ရူပကာယ ပုံတော်ကလည်း လေးအသင်္ချေကမ္ဘာတစ်သိန်းတို့ရှိ စိတ်၊ ကိုယ်၊ သွေး၊ သား၊ ခန္ဓာကိုယ် အစားစားတို့ဖြင့် ပါရမီတော် မျိုးပေါင်းသုံးဆယ်အား အချိန်နှင့်ကစားကာ ဖြည့်ထား၊ ကျင့်ထားရာမှ ပွင့်ဖွားလာသော ကိုယ်တော်မြတ် ဖြစ်နေချေရာ. . .

အချိန်နှင့်စက် ရုပ်ပုံတော်များ တစ်မျိုးပြီးတစ်မျိုး ပြောင်းလဲထွက်နေ၏။ ရုပ်တော်ကို ကာပြန်လျက်က ရောင်လျှံတော်များလည်း အမျိုးမျိုး လျှံတက်နေ၏။ သို့ကြောင့် ဘယ်သူနှင့်တော့ ချွတ်စွပ်တူပဲဟူ၍ အတူပြစရာမရှိ။ အခြားမဆိုထားနှင့်။ ယမန်နေ့က ဘုရားပုံတော် ယနေ့ပုံတော်ပင် အတူပြစရာ မရှိ။ ရက်ချင်း မဆိုထားနှင့်။ တထိုင်အတွင်းရှိ ပုံတော်များပင် ပုံတော်တစ်မျိုးနှင့် တစ်မျိုး တန်းထိုး ပြစရာမရှိ။

ဘုရင့်လက်သုံးတော် ပန်းပုဆရာကြီးများ လက်တွန့်နေကြပြီ။ အရပ်သုံး၊ ပြည်သုံး နာမည်ကျော်အားလုံးလည်း လက်ရွံ့နေကြပြီ။

ထိုစဉ် လူမင်းဘုန်းကြီး နတ်မင်းမနေသာ စကားရှိချေနေ



ရာ. . . တာဝတိံသရှင် ဘုရင် သိကြားမင်း မနေသာပြီ။ ထို သိကြား ဗိမ္ဗိသာရမင်း၏ ချဉ်ခြင်း သာသနာအတွင်းဝယ် ထင်လင်းကျန်ရစ်ရန်၊ နောင်တွင် ရုပ်တုနှင့်ကိုယ်ပွား သဘောသွားနှစ်ခင်း ထင်လင်းကျန်ရစ်ရန်၊ လူယောင်ဖန်ဆင်း ဘုရားရုပ် ပုံတူ ထုလုပ်ပေးနိုင်ပါကြောင်းဖြင့် ဗိမ္ဗိသာရမင်းကြီးအား လျှောက်တင်ရန် နားတော်သွင်း၏။

သို့နှင့်. . . ပထမ အစမ်းထုပြရ၏။ အစမ်း အစွမ်းပြနှင့်ပင် သဘောကျသွားပြီ။ ထို့နောက် ဘုရားရှင်နှင့် လုံးတူ ရုပ်တူ ကိုယ်ပွားယူ အတူ ထုလုပ်ပေးရ၏။

ဘုရားရှင်၏ တကယ့် ပင်ကိုယ်အရပ်ကား ညီတော်မင်းနန္ဒ (နန္ဒမင်းသား)ထက် လက်လေးသစ်မျှ ပိုလွန်သည်ဆိုရာ . . . ထိုခေတ်က ပကတိလူသားတို့အရပ်က ခြောက်တောင်သာ။ သို့ဆိုသော် ဘုရားရှင်၏ ပင်ကိုယ်အရပ်တော်ကား ခြောက်တောင် ပိုမျှသာ။

ထိုစဉ်. . . ပါရမီသွေးများက အထက်ပင့်ပြေး ပြေးနေကြသည်က တစ်ကြောင်း၊ ရောင်လျှံတော်များက အထက်သို့ထွက်ကြွတက် တက်နေကြသည်က တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် ပကတိ ဉာဏ်တော်ကား တစ်ဆယ့်ရှစ်တောင်မှာ။ လူတို့၏ မျက်မြင်အားဖြင့်လည်း ထို တစ်ဆယ့်ရှစ်တောင် အတိုင်းလျှင် မြင်ကြရပါသည်။ ကိုယ်တော်နှင့် ဉာဏ်တော် ကွဲပြားစွာ သိနိုင်

ကြရန်တည်း။

ထိုသို့. . . ဘုရားရှင်နှင့် ချွတ်စွပ်တူ ပုံတူ ထုလုပ် ပြီးစီးသည်နှင့် ဘုရင်ဗိမ္ဗိသာရအား အပ်နှင်းရာ ဘုရင်သည် ထုလုပ်ခ တန်ဖိုးတောင်းရန် ခွင့်ပြု၏။ ထိုအခါက ဘုရားထုလုပ်ခ တန်ဖိုးမှာ သာဓုသုံးခွန်းထဲသာ။

ဘုရားပုံတော် ထုလုပ်မှု ပြီးစီးသွားပြီ။

ဘုရင့် နန်းတော်မှ ဘုရားကျောင်းတော် ဝေဠုဝန်သို့ ထမ်းစင်တော် ဝေါယာဉ်တော်ဖြင့် ပင့်ဆောင်လာပြီ။ ဘုရားထံတော်မှောက်သို့လည်း မျက်နှာချင်းဆိုင်ရောက်ပြီ။

ထိုအချိန်. . .

ပုံတော်၌ ရူပကာယ ရုပ်ခန္ဓာများ စုဝေးနေ၏။

ပုံတော်၌ ဘုရားရှင်သည် နာမကာယစား ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဉ်များ ထားပေးတော်မူ၏။ ရုပ်နှင့်နာမ် နှစ်တန်စုံ ပုံတော် ကိုယ်ပွား ဖြစ်တော့သည်။

၁။ ဓမ္မရသ ဝိမုတ္တိရသ ခံစားခြင်းဖြင့် နာမကာယ ဝေဒနာ နာမ်ကိစ္စ ပြီးစီးရချေသည်။

၂။ ခံစားခြင်းတွင် မှတ်တမ်းဝင်ခြင်းဖြင့် နာမကာယ သညာ နာမ်ကိစ္စ ပြီးစီးရချေသည်။

၃။ မှတ်သားရာတွင် စေတနာယှဉ် ဆိုင်ရာ သင်္ခါရဝင်ဖြင့် နာမကာယ သင်္ခါရနာမ်ကိစ္စ ပြီးစီးရချေသည်။



၄။ သင်္ခါရအလျှင်တွင် ဆုံးဖြတ်ဉာဏ် ယှဉ်ခြင်းဖြင့် နာမကာယ ဝိညာဉ်နာမ်ကိစ္စ ပြီးစီးရချေသည်။

ယနေ့ကာလတွင်ကား ဘုရားရုပ်ပုံတော် ကိုယ်ပွားတွင် ဘုရားရှင်နှင့် အကျင့်တူ အမြင်တူ(ဒိဋ္ဌိ၊ သီလ၊ သာမညာ အသင်းဝင်)များ ဖြစ်ကြပါသော သာဝကအကျော် သံဃာတော် အရှင်ကောင်း အရှင်မြတ်များက ကိုယ်စားဝင်ကြကာ ဘုရားရှင် သတ္တဌာန စံဝင်စဉ်က အစီအရင်အတိုင်း **"အနေက ဇာတိ သံသာရံ"** ချီ များဖြင့်ပင် နာမ်လေးပါးကိစ္စ ပြီးစီးကြရပါသည်။

**"ရုပ်၊ နာမ် အစုံ ပြည့် သက်ရှိပင်တည်း။"**

♦ ♦ ♦

## ဘုရားနှင့် ကိုယ်ပွား အပြန်အလှန် လေးစားကြပုံများ

ဝေဠုဝန်ကျောင်းတော်တွင် ဘုရားရှင် သီတင်းသုံးတော်မူရာ. . . ကျောင်းတော်ကြီး(ဘုရားရှင်စံရာ)နှစ်ကျောင်းတွင် မြောက်ဘက် ကျောင်းတော်ကြီးတွင် ကြွလာတိုင်း သီတင်းသုံးသည်ဆို၏။ ကိုယ်ပွားတော်ကြီးကလည်း . . . ထို မြောက်ကျောင်းဆောင်မှာပင် ထားစေတော်မူသည် ဆို၏။

ဗိမ္ဗိသာရမင်းကြီးကား . . . ဝေဠုဝန်ကျောင်းတော် ရောက်လာတိုင်း ပကတိ ဘုရားရှင်အား တစ်ကြိမ်၊ ကိုယ်ပွား ဘုရားရှင်အားလည်း တစ်ကြိမ်၊ နှစ်ကြိမ် နှစ်ကြိမ် ဦးချသည် ဆို၏။ ထိုစဉ် ဘုရားရှင်အား ဖူး၍လည်း ပီတိပြို ရင်ဝယ်စိုရသည်။ ကိုယ်ပွားရှင်အား ဖူး၍လည်း ပီတိပျို ရင်ဝယ်စိုရသည်။ ဘုရားရှင် ငြိမ်သက်စွာ ဖလသမာပတ် ဝင်စားခိုက် ဆိုလျှင်ကား



ဘယ်အရာက ပကတိ၊ ဘယ်အရာက ကိုယ်ပွား ခွဲခြား၍ပင် မတတ်သာ ဆို၏။

သို့နှင့်. . . ထိုဘုရားနှင့် ထိုကိုယ်ပွားတို့သည်. . . ပကတိ ဘုရားရှင် ဝေဠုဝန်မှ အခြားသို့ ဒေသစာရီခရီး ကြွသွားတော်မူ ချေပြီ။ နိမ္မိတကိုယ်ပွားကား ဝေဠုဝန်ကျောင်းတိုက်၏ တံခါးဝ အထိ လိုက်လံပို့သည်ဆို၏။

ပကတိဘုရားရှင် ဒေသစာရီမှ ဝေဠုဝန်သို့ ပြန်လည်ကြွချီ လာပြီ။ ကိုယ်ပွားလည်း ကျောင်းတိုက် တံခါးဝင်အထိ ဆင်း၍ ဆီးကြိုတော်မူသည်ဆို၏။

သို့နှင့်ပင်. . . ဘုရားရှင် သက်တော်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး ဘုရားရှင် မည်သည့် ဒေသမှနေ ခရီးလမ်းကြုံ သဖြင့် ဤ ဝေဠုဝန်သို့ ကြွရောက်လာလေတိုင်း ကြွလာသော် ထွက်ကြို၊ ပြန်ကြွသော် လိုက်ပို့ဖြင့် ကိုယ်တိုင်ဘုရားနှင့် ကိုယ်ပွား ဘုရားတို့သည် ရုပ်ချင်းဆံ နာမ်ချင်း ကူးလူး သွားနေကြပါသည်။

ဘုရားဒကာ ကျောင်းဒကာကြီးသည်လည်း . . . သုံးဆယ့် တစ်ဘုံရှင်ဘုရားကြည့်၍လည်း ပီတိအား ပွားများခဲ့ရ၏။ ဝေဠုဝန်ရှင်ဘုရားကြည့်၍လည်း ပီတိအား ပွားများခဲ့ရ၏။ ဘုရား နှစ်ဆူ တစ်လှည့်စီ အာရုံယူရင်းကလည်း ပီတိအား တိုးပွားခဲ့ရ၏။

ထို ဗိမ္ဗိသာရမင်းကြီး . . . ၎င်း နတ်ရွာမစံမချင်း နေ့စဉ် နေ့တိုင်းလည်း ဝေဠုဝန်ကျောင်းတော်သွား၍ ကိုယ်ပွားတော်

အား သက်တော်ထင်ရှား ဘုရားရှင်နှင့်မခြား အကြည်ညိုပွား၏။ ဝတ်ကြီးဝတ်ငယ်များ ပြုစုကာ သာသနာတွင်း၏ ယူခွင့်ရအမွေ ရနိုင်သမျှ ယူထား၏။

နံနက်၌ ဆွမ်းချိန်တွင် ဆွမ်းကပ်၏။

ညနေ၌ ပန်း၊ ရေချမ်း၊ ဆီမီးများ လှူဒါန်း၏။

ညနေ နေမဝင်မီ၌ကား ဆေး၊ အဖျော်များ ကပ်၏။ ထိုသို့ မင်းကြီးဘက်က ဘုရားဝေယျာဝစ္စ ဘုရားရှိနေစဉ် ကာလကဲ့သို့ ပြုစုလုပ်ကျွေးနေသော်ငြားလည်း နိမ္မိတကိုယ်ပွား ထိုဘုရားကား ဘုရင့်ထမင်း ဆင်းမစား၊ ဘုရင်ကပ်သောရေ ယူမသုံး၊ ဘုရင်လှူသော အလှူပစ္စည်းအဝဝ ဘာကိုမျှ ထ,မယူ ချေ။

သူမသုံး ကိုယ်လုံးလုံး ရှုံးသလော။

ဤ၌ ယနေ့ လူသားတို့ သိသာ၊ မြင်သာသော ဓာတ်ဓာတ်ချင်း ကျေးဇူးပြုပုံများ သာဓကအရာထား ပြောကြားလိုပါသည်။

* မြန်မာ့အသံနှင့် တစ်ပြည်လုံးက ရေဒီယို ဓာတ် ဓာတ်ချင်း သွား ထားသိုသည်။
* မြန်မာ့ရုပ်သံနှင့် တစ်ပြည်လုံးက တီဗွီများ ဓာတ်ဓာတ်ချင်းထား သွားလာသည်။

ထိုနှစ်ခင်း အချင်းချင်း ကြိုးသွယ်ထားခြင်း မရှိကြပါ။ လေမှ ဖြစ်သော လှိုင်းများမှသာ ပေးသူကပေး၍ ယူသူကလှမ်း



ယူကြပါသည်။

လွှင့်ပို့နိုင်သော ဓာတ်အားက အပေး၊ ဖမ်းယူနိုင်သော ဓာတ်အားက အယူမျှသာ။ ထိုစဉ် . . . လွှင့်ထုတ်ပေးဝေနေသော မြန်မာ့အသံ ရုပ်သံ စက်များသို့ ရေဒီယို၊ တီဗွီများဘက်က မည်သို့ပင် ပြန်လည်ပို့ပေးနေစေ ဖမ်းယူလက်ခံခြင်း အလျှင်း မရှိကြပါ။ လွှင့်စက်ကား လွှင့်ရုံသက်သက် ဖြစ်ခြင်းကြောင့်။

တစ်ဖန် ထိုသို့. . . ရေဒီယို၊ တီဗွီတို့၏ စပီကာမှ ပို့သည်ကို မြန်မာ့အသံက ပြန်လည်လက်မခံသဖြင့်. . . ထိုရေဒီယို၊ တီဗွီများ၏ အသံထွက် ရုပ်ထွက်များကား အလကားလော. . .။ မဟုတ်ပါ။ သောတရှင်များဘက်သို့ကား ကျေးဇူးပြုနေမည်သာ။

(က) ထိုစဉ် ရေဒီယို၊ တီဗွီတို့အသံ ပြင်ပတွင် ထွက်ကျနေသလောက်. . . အနီးနေ လူသားများ နားကြားခွင့် မှတ်သားခွင့် ရသွားတော့သည်သာ။ အလွှင့်အဖမ်း လိုင်းချင်းယှဉ်၍ တင်ဖမ်းခြင်းကပင် နားဆင်ခြင်းအကျိုး ဝင်ရန်အတွက် တည်း။

(ခ) တဖန် ရေဒီယို၊ တီဗွီတို့၏အသံ ပြင်ပထွက်ကျနေသလောက်. . . အလွှင့်ဖြစ်သော မြန်မာ့အသံကလည်း အသံသစ်၊ ဟန်သစ်များ ထပ်မံထောက်ပို့နေသည်သာ။ အဟောင်းစွန့်ခြင်းသည် အသစ်ဝင်ရန် အတွက်တည်း။

သည့်ပမာ . . . ဘုရားရှင်နှင့်တကွ အလှူခံမှန်သမျှ၏ ကျင့်ပွား

ခြင်း သီလ ဓမ္မဓာတ်အားများသည် ခံယူရန်မဟုတ် ချီးမြှောက်ရန် အတွက်သာ ဖြစ်၏။ လွှင့်စက် အရာဝင်၏။

အလှူရှင်များရှိ ယုံကြည်ခြင်း သဒ္ဓါ ဓမ္မဓာတ်အားများကား ပေးပို့ခြင်းမဟုတ်၊ ခံယူရန်အတွက်မျှသာ။ ဖမ်းစက်အရာဝင်၏။

ထိုစဉ်. . . ဘုရားထံမှ (သာဝကထံမှ) ဓမ္မာယတန ဓမ္မ ဓာတ်များကား သီလ၊ သမာဓိ၊ ပညာများနှင့်တကွ နိရောဓဓာတ်၊ ဓမ္မဓာတ်အားများ သိုထားရာတည်း။

အလှူရှင်(ဝေနေယျ)ထံမှ မနာယတန မနောဓာတ်များ ကား စေတနာ၊ ဆန္ဒ၊ ဝီရိယတို့နှင့်တကွ သဒ္ဓါ၊ သီလ၊ သုတ စသည် သူတော်ဥစ္စာခုနစ်ဖြာအားများ တပ်ဆင်ထားရာတည်း။

ထိုသို့. . . ဓမ္မ လွှင့်ရာ ဖမ်းရာ၏ ဓမ္မဓာတ်နှင့် မနောဓာတ် ဓာတ်တူ ချင်းချင်း ရှိနေကြရာ . . . ဘုရားရှင်တို့ဘက်မှကား အမြဲတမ်း ဓမ္မတရား ပွားများခြင်းဖြင့်လည်း တစ်လောကလုံးသို့ ဓမ္မဓာတ်များ ဖြန့်ပို့လျက်ကသာ။

ကရုဏာသမာပတ်နှင့်တကွ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဤဗြဟ္မဝိဟာရတရား ပွားများလျက်ကလည်း တစ်လောကလုံးသို့ ဓမ္မဓာတ်များ ဖြန့်ပို့လျက်ကသာ။

တစ်ဖန် သာသနာတော်၌ သက်ဝင် ယုံကြည်နေသူများ ဘက်ကလည်း . . . ရံခါ ဘုရားဂုဏ် အာရုံယူလျက်က ဒါန စသည် မြတ်ကောင်းမှု ဝေယျာဝစ္စ ပြုကြ၏။ ရံခါ တရားဂုဏ်



အာရုံယူလျက်ကလည်း ဒါနစသည် မြတ်ကောင်းမှု ဝေယျာဝစ္စ ပြုကြ၏။ ရံခါ သံဃာ့ဂုဏ် အာရုံယူလျက်ကလည်း ဒါနစသည် မြတ်ကောင်းမှု ဝေယျာဝစ္စ ပြုကြ၏။

အာရုံယူခြင်းသည် စက်ဖွင့် ဖမ်းယူခြင်းတည်း။

ထိုစဉ် . . . ဓမ္မ၏ သဘောသည် မန၏ မနောသို့ တဲ့တိုး တိုက်ရိုက် ဆိုက်ဝင်လာတော့သည်။ ဓမ္မသည်လည်း အကြောင်း ခံသက်သက်။ မနသည်လည်း အကြောင်းခံသက်သက်။ ဤ အ ကြောင်းခံ သက်သက်ချင်း အာရုံယူ ကြားခံထား၍ အကြောင်း ဆက်မိသွားကြလေသောအခါ အကျိုးပေးကား ခံယူသူ မနရှင် ဘက်မှာသာ. . .။

ခံယူသူ အလှူရှင်၏ မနောထက် ဓမ္မဓာတ်သက်များ ဝင်ရောက်လာခြင်းတည်း။ ရတနာတို့၏ စင်ကြယ်သော ဓာတ် သက်များ အလှူရှင်၏ မနောကြား ပြန့်ပွားလာခြင်းတည်း။ အလှူရှင်၏ အသိစိတ်၌ ပီတိများ ကြွတက်လာခြင်းကား အကျိုးတရားတည်း။

ထို အကျိုးတရား ပီတိကပင်. . . အလှူရှင်၌ ကာမအရာ တွင် ဘဝ၊ ဘောဂ တို့ဖြင့် ပီတိပွားများ ဖြစ်လာမည်။ ဓမ္မအရာ တွင်လည်း ဈာန၊ ဉာဏတို့ဖြင့် ပီတိ၊ သုခ၊ ဧကဂ္ဂတာပွားများ ဖြစ်ပွားလာမည်။

* လျှစဉ်ကာလ ဉာဏ်ယှဉ်လျှင် ကာမ၊ ဓမ္မ နှစ်ဝအထိ အ

ကျိုးဝင်၏။

- ✳ လှူစဉ်ကာလ ဉာဏ်မဝင်လျှင် ကာမကျိုး သက်သက်မျှ အကျိုးဝင်၏။

ဤ၌ ဉာဏ်ဟူသည် သိ,ခြင်းကိုပင် တင်စားထားခြင်း ဖြစ်ရာ လှူစဉ်ကာလ လှူရာသို့ စိတ်နားသက် ဘယ်ကိုမျှ စိတ်မထွက်လျှင်ပင် ဉာဏ်အရာဝင်ပြီ။

အထက်ပါတို့ကို လေ့လာသော် လူတို့ရှိ ယောက်ျား၊ မိန်းမ ဆက်မိကြရာ၌ အကြောင်းပါကြပြီ ပြောသည်ပမာ။ ဤ၌လည်း

- ✳ ဘုရားထံရှိ ဓမ္မသည်လည်း အကြောင်းခံမျှသာ။
- ✳ ဝေနေယျထံရှိ မနသည်လည်း အကြောင်းခံမျှသာ။

ထိုစဉ်. . . ဝေနေယျ၏ အာရုံယူခြင်းကား ဆက်သွယ်ပေးခြင်းတည်း။ ဓမ္မနှင့် မန လိုင်းချင်းမိ ထိဖြစ်ကြခြင်းကား အကြောင်းပါကြခြင်းတည်း။ ဝေနေယျ၏ စိတ်၌ ပီတိရိပ် တိုးဝင်လာခြင်းကား အကျိုးတရားတည်း။

**မှတ်ချက်**။ ။ အလှူပစ္စည်းများကား ကြားခံ သက်သေထား သက်သက်မျှသာ။

ဝေနေယျများ ဘုရားထံမှ ရထားသော ဤ ပီတိအားများသည်. . . ဘဝကိုလည်း အကျိုးပေး၏။ ကာမကိုလည်း အကျိုးပေး၏။ ဓမ္မကိုပါ အကျိုးပေးသေး၏။

မျိုးစေ့တစ်စေ့မှ တစ်နွယ်၊ တစ်ပင်၊ တစ်ခိုင်၊ တစ်ရုံ ပမာ



လည်း အကျိုးပေး၏။ မျိုးစေ့တစ်စေ့မှ မျိုးစဉ်ဆက်ဆက် မျိုးမပြတ်အဖြစ်ထိ ပမာလည်း အကျိုးပေး၏။

သို့ကြောင့်. . . ဤ နိမိတ္တကိုယ်ပွား ဘုရားရှင်အလားထား၍. . .

(က) ဤဗိမ္ဗိသာရမင်းကြီး ဝတ်ကြီး ဝတ်ငယ် ပွားနေခြင်းများသည်လည်း ရောက်လေရာ ဘဝအဆက်ဆက် ကောင်းကျိုးချည်း ထွက်ရန်လည်း တာဝန်ခံ၏။

(ခ) သာသနာကွယ်ပချိန် ကာလများစွာတို့၌လည်း ဤ သာသနာတွင်း ကြုံစဉ်ကာလ ဤ ဒါန အဝဝတို့၏ ရိက္ခာရတို့ဖြင့်ပင် ဘဝမွေး အသက်ရှင်ရန် တာဝန်ခံ၏။

(ဂ) နောင်တစ်ခါ ပွင့်ပေါ်လာဦးမည့် ဘုရားသာသနာနှင့် ကြုံခွင့်ရပြန်ကလည်း ဤ ဒါန အဝဝတို့ရှိ ဈာန်သက်၊ ဉာဏ်သက်များဖြင့်ပင် နိဗ္ဗာန်ဝင်ရန် တာဝန်ခံ၏။

ယနေ့ ဗိမ္ဗိသာရ. . . ဝေဿဝဏ်နတ်မင်းကြီး၏ ဘုံဌာနမှာ ဘုရားရှင်လက်ထက်တော်က ရိက္ခာထုပ်များ ဖြေစားလျက်က တစ်ထောက်နားနေပြီ။ ဘုရား သက်တော်ထင်ရှား ရှိစဉ်တုန်းက ဤသို့ ဖြေစားခွင့်ရရန်. . .

- ✳ ဗိမ္ဗိသာရမင်းကြီးသည် ကိုယ်ပွားတော်ထံမှလည်း ပီတိအားများ သိုထားခွင့်ရခဲ့၏။
- ✳ ပကတိဘုရားထံမှလည်း ပီတိအားများ စုထားခွင့်ရခဲ့ပါ၏။

ထိုစဉ်. . . သားတော် အဇာတသတ် ဒေဝဒတ်နှင့် ပေါင်းမိမှား တွင် ကြားဝင် ခေးစားခံအဖြစ် ထိုဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ သွားခဲ့ရရှာပြီ။

ပကတိဘုရားကိုလည်း စွန့်ခွာထားခဲ့ရပြီ။

ကိုယ်ပွားထား ဘုရားကိုလည်း စွန့်ခွာထားခဲ့ရပြီ။

ထို့နောက် ပကတိရှင်တော်မြတ်ဘုရားလည်း ချွတ်ထိုက်ရာ ဝေနေယျကုန်ဆုံး သက်တော်ရွယ်တော်များကလည်း ပရိနိဗ္ဗာန် စံသင့်ရာ အချိန်ထဲသို့ ရှန်းကြွနေပြီ ဖြစ်သောကြောင့် သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ ကုသိနာရုံပြည် အင် ကြင်းပင်စုံ အကြား၌ ပရိနိဗ္ဗာန် စံတော်မူခဲ့ပါသည်။

ဘုရားရှင် သီတင်းသုံးရာ နေရာတော်များ၌. . .

(က) နောင် လူအများ ဖြတ်နင်း ကျော်လွှားသွားခြင်းဖြင့် အဂါရဝ ဖြစ်ရစ်ကြတော့မည်။

(ခ) နောင် သာဝကအများ ဘုရားအဖြစ် ဆက်ခံ၍ကလည်း မဖြစ်နိုင်ကြတော့။

သို့ကြောင့်. . . ဘုရားပရိနိဗ္ဗာန် စံဝင်သည်နှင့် နေရာ အားလုံး အလိုလိုမီးခသွားတော့သည်။ ထိုအထဲ ဝေဠုဝန် မြောက်ဘက်ကျောင်းတော်ကြီးလည်း မီးထဲပါသွားပြီ။ ထို စဉ်. . . ကိုယ်ပွားရုပ်သွင် ဝေဠုဝန်ဘုရားရှင်ကား အလိုလိုပင် ပြောင်းကြွ သွားတော်မူကာ တောင်ဘက် ကျောင်းတော်ကြီးတွင်



ပလ္လင်နှင့်တကွ သက်ရှိအလား ဖူးတွေ့ခွင့်ရစေသည်။

သက်ဝင် ထင်ရှား ကိုယ်ပွားတော် ဟုတ်၊ မဟုတ်၏ သရုပ် သာဓက တစ်ပါးတည်း။

ဤ ကိုယ်ပွားတော်ကြီးသည်. . . ကမ္ဘာတွင် ပထမဦး ဆုံးသော ဘုရားကိုယ်ပွားတော်ဖြစ်၏။ စေတီများတွင်ကား မြန်မာ့ကျက်သရေဆောင် ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပထမဦးဆုံးဖြစ်၏။

ဘုရားရှင်ကား ဝေနေယျတို့ အာရုံယူရန် အခံထားခဲ့ပြီ။ ဝေနေယျတို့ဘက်ကသာ ကျောက်ဆစ်ပွားဖြစ်လည်း ဘုရားထံ အထိ အာရုံပို့၍ လည်းကောင်း၊ သစ်သားပွား ဖြစ်ခဲ့လျှင်လည်း ဘုရားထံအထိ အာရုံပို့၍ လည်းကောင်း၊ စက္ကူပေါ် ဆေးရေး ပန်းချီ ဖြစ်ပါစေ ဘုရားထံအထိ အာရုံပို့၍ လည်းကောင်း၊ ပုံတော် ဂုဏ်တော်ဟပ် စိတ်အာရုံ သဒ္ဓါအယုံခတ်ဖြင့် ကပ်ယူတတ်ပါ မူ သက်ရှိဘုရားရှင်နှင့်မခြား အကျိုးပေးကား တစ်သားထဲချည်း သာ။

♦ ♦ ♦

## ဘုရားထားခဲ့သော အပွားများ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ကိုယ်ပွားအဖြစ် အသိအမှတ် ပြုတော်မူသော အရာများမှာ. . .

၁။ အကျင့်

၂။ အကျင့်ပုဂ္ဂိုလ်

၃။ အကျင့်ပုဂ္ဂိုလ်၏ ဝတ်ရုံတော်

၄။ အကျင့်ပုဂ္ဂိုလ်၏ သပိတ် ပရိက္ခရာ. . . လေးမျိုး။

ထိုစဉ် သီလဖြင့်ကျင့်၍ ပညာဉာဏ်ပွင့်ရန် သမာဓိ ထူထောင်ခြင်း သိက္ခာသည်. . .

(က) သာဝကနှင့် ဘုရား အကျင့်အားဖြင့် တူရန်လည်း ဖြစ်၏။

(ခ) သာဝကနှင့် ဘုရား အမြင်အားဖြင့် တူရန်လည်း ဖြစ်၏။

ဤ၌ သီလဆိုသော ထိုစကားသည်. . . အပွမာဒဖြင့် ကမ္မဋ္ဌာန်း



အာရုံတစ်ခုခု ဓမ္မသရဏဂုံအဖြစ် ပွားထုံမှုတည်း။

၁။ ဤ သိက္ခာတင်သီလကြောင့်. . .

ကမ္မဋ္ဌာန်းအာရုံစုမှ ဖြစ်မှု၊ ပျက်မှု ဓမ္မတို့ကို ဖွားဖွားပေါ် သလောက် ဖွားဖွားပျောက်တို့ဖြင့် တွေ့သိလာခဲ့လျှင် အကျင့် သီလ၏ ပထမတာဝန် ပြီးစီး၏။

ထို့နောက်. . . သတိ၏ စေ့စပ်အားမှ စူးစိုက်အားသို့ ကူးသာစေရန် မပြတ်မလပ် တရစပ် ရှုသိပေးခြင်းကြောင့် ဖြစ်မှု၊ ပျက်မှု ဓမ္မတို့ကို ဖွားဖွားပေါ် ဖွားဖွားပျောက်တို့ဖြင့် တွေ့သိရုံမျှမက တွေ့မြင်လာခဲ့ပါမူ အကျင့်၏ ဒုတိယတာဝန် ပြီးစီး၏။

တစ်ဖန်လည်း . . . ထို တွေ့မြင်နေရသော ထို အရိပ်စဉ် အမျှင်တန်းကြီးကို စိုက်အားသုံး၍ အတွင်းလက်တစ်ဆုံးအထိ အသိဉာဏ်က နှိုက်ကြည့်နေချေရာ ဖြစ်ပုံ၊ ပျက်ပုံကုန် အစုံသိရ တော့၏။

* အထိနှင့် အသိကလည်း သူ့နေရာနှင့်သူ တာဝန်ယူ အလုပ်လုပ်နေကြပါကလား။
* အထိကြား အသိမပါ၊ အသိကြား အထိမဝင် သူ့ဖြစ်စဉ်နှင့် သူပါကလား။
* ငါရှာမတွေ့ သူရှာမတွေ့ လက်တွေ့ကျ ထိ၊ သိ နှစ်ခုမျှ ပါကလား။

ဤမှနေ အထက်အဆင့်ဆင့် အကျင့်၏ တတိယတာဝန်တည်း။

ထိုသို့ . . . သီလကို အရင်းမြစ်ထား၊ သမာဓိ ပင်တိုင်ထူ၊ ပညာတလူလူဆက် အကိုင်း၊ အခက်၊ သီးပွင့်တို့ထွက်။ ထို သီးပွင့်တို့ ရင့်ကျက်၊ မှည့်ဝင်း၊ ကြွေကျခြင်းအထိ။

၂။ ထိုပုဂ္ဂိုလ် . . .

အကျင့် လိုလားစွာ ကျင့် ကြံ ပွားများနိုင်ခဲ့ပါမူ . . .

ဘုရားရှင်၏ စိတ်တော်သည်လည်း ငါ၊ သူ မမြင် သိ သိ နေရုံမျှ အမြင်သာ ရှိပါတော့သည်။ အကျင့်ပုဂ္ဂိုလ်၏ စိတ်သည် လည်း ငါ၊ သူမမြင် သိ သိနေရုံမျှ မြင်ပါတော့သည်။ ဘုရား ရှင်နှင့် အကျင့်ရှင်ပုဂ္ဂိုလ် အမြင်တူအကြား ကိုယ်ပွား ပွားပေး ပြီးသား။

တစ်ဖန် ဘုရားရှင်၏ ကိုယ်တော်သည်လည်း ဓမ္မဖြင့်သာ လွှမ်းခြုံ၊ ဓမ္မဂုဏ်ကိုသာ ပွားထုံနေတော့၏။ အကျင့်ရှင်၏ ကိုယ် သည်လည်း ဓမ္မဖြင့်သာ လွှမ်းခြုံ၊ ဓမ္မဂုဏ်ကိုသာ ပွားထုံ နေတော့၏။ ဘုရားရှင်နှင့် အကျင့်ရှင်ပုဂ္ဂိုလ် အကျင့်တူအကြား ကိုယ်ပွား ပွားပေးပြီးသား။

ဘုရားရှင်သည် . . . မည်သည့် အာရုံ ကာမဂုဏ်နှင့်မျှ မရောယှက်၊ သူချည်းသက်သက်ဖြင့် စင်ကြယ်တော်မူ၏။ မည် သည့် ကိလေသာနှင့်မျှလည်း မရောယှက်၊ စိတ်တော်ချည်းသက် သက်ဖြင့် စင်ကြယ်တော်မူ၏။

ထိုဘုရား၏ ဩဝါဒစကား သိက္ခာသုံးပါးတို့ဖြင့် မှတ်သား



လိုက်နာ သိက္ခာရှင်အရာသို့ ဖဝါး ထပ်ပါ ကပ်ပါ ပါလာနေကြ သော သာဝကသံဃာများလည်း ကာမအာရုံ ဝါသနာကြုံသို့ မလိုက်တော့ခြင်း ကိလေသာစုံ ညဉ်ထုံရာသို့ မလိုက်တော့ခြင်း အထိ စရိုက်ကျင့်အား သီလကျင့်ဖြင့်ဖိ သမာဓိတည်ဖြင့်မြှုပ်၊ ပညာသိဖြင့် ဖြုတ်ပစ်နိုင်လိုက်ခြင်းကြောင့် . . . ကိုယ်တော်နှင့် မခြား တစ်သားတည်းနေရာသို့ ရောက်ရှိသွားတော့သည်။ နို့နှင့် ရေပမာ . . . ခွဲခြားခြင်းငှာ မတတ်သာရာသို့ ဆိုက်သွားကြတော့ ခြင်းတည်း။

၃။ ထို အကျင့်ပုဂ္ဂိုလ်အတွက် သက်န်း သပိတ် ပရိက္ခရာများ ကား . . . အစ ပထမတွင် "ဧဟိဘိက္ခု"ဖြင့် ပရိက္ခရာစုံဖြင့် ပုံတူ ထွက်ပေါ်စေခဲ့ပါသည်။

ထို ပုဂ္ဂိုလ်များကား အတိတ်က ပရိက္ခရာစုံတို့ဖြင့် အလှူ ဒါန ပြုဖူးသူများ ဖြစ်ကြသဖြင့် ဤအခွင့်ရေးများ ရသွားသည် ဆို၏။ နောက်နောက် ဘုရားရှင်များ၏ သာသနာနှင့် ကြုံတုန်း က ရဟန်းအသွင်ဖြင့် ပါရမီဖြည့်ဖူးသူများလည်း ပါစရာ အကြောင်း ရှိ၏။ သို့သော် အဓိကမှာ ပရိက္ခရာ လှူဖူးမှသာ ဖြစ်ရာ ထိုစဉ်က . . . "ဧဟိဘိက္ခု" အခေါ်ခံပုဂ္ဂိုလ်ကား တစ် သောင်း ငါးထောင် လေးရာ ငါးဆယ် ငါးပါး မျှသာ။

ထိုမှနောက် ပေါ်ပေါက်လာသော ကိလေသာ စစ်ပွဲဝင် ပုဂ္ဂိုလ်များအတွက် ဆိုပါမူ . . . သက်န်းတော်များကား မာဂဓ တိုင်းထား လယ်ကွက်များပမာ . . .

(က) အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ် နှစ်မျိုးဖြင့် စိုက်ခင်းနှင့် ပျိုးခင်း အရာ ဝင်စေခဲ့ပါသည်။

(ခ) ကြားထား တာလုပ်မြောင်းများဖြင့် ရေသွင်းမြောင်းအရာ ဝင်စေပါသည်။

(ဂ) အနားပတ် လေးဘက်ထားများဖြင့် နယ်ခြား ရေသွယ် မြောင်းထားအရာ ဝင်စေခဲ့ပါသည်။

* သတိ၏ စေ့စပ်ခြင်း စူးစိုက်ခြင်းကား ပျိုးခင်းနှင့်စိုက်ခင်း များ။

* အသိ၏ တစ်ထိထဲ ထိ၊ တစ်သိထဲ သိသိနေခြင်းကား မဂ်၊ ဖိုလ်ရေ သွင်းပေးနေခြင်းများ။

* ဝီရိယ၏ မပြတ် စောင့်ကြပ် ပေးနေခြင်းကား မဂ်ရေ၊ ဖိုလ်ရေ အားဖြည့်ပေးနေခြင်းများ။

သို့ကြောင့်လျှင် **အာတာပီ သမ္ပဇာနော သတိမာ** ဟူ၍ သုံးဆင့်ထား ဟောကြားခဲ့ခြင်းတည်း။

၄။ တစ်ဖန် သပိတ်တော်များ အတွက်ကား . . .

ဘုရားရှင် သတ္တဌာန စံရာကာလ၏ သတ္တမမြောက် သတ္တာဟ လင်းလွန်းဗောဓိရောက် ကာလတွင်. . . ဥက္ကလာ ဒဂုံတိုင်းဖွား တဖုဿ၊ ဘလ္လိက ညီနောင်များ ကပ်လှူလာသော ပျားမုန့်ဆွမ်း ကို အလှူခံယူလိုသောအခါ သပိတ်တော်များသို့ စိတ်ညွတ် တော်မူ၏။ ထိုစဉ် နတ်မင်းကြီးလေးပါးတို့က အရပ်ကိုယ်စီမှ



လာရောက်ကြကာ ကျောက်ညိုသား သပိတ်တော် တစ်လုံးစီ (လေးလုံး) ဆက်ကပ်ကြပါသည်။

ယင်းကို အဓိဋ္ဌာန်တော်ဖြင့် တစ်လုံးတည်း ဖြစ်စေခဲ့ရာ အနားလေးရစ်ပါသော ကျောက်ညိုသား သပိတ်တစ်လုံးတည်း ဖြစ်သွားပါတော့သည်။ ဤ သပိတ်တော်သည် သာသနာတော် သုံး ပထမဆုံးသော သပိတ်တော်ပင်။

သို့ကြောင့် ထို နောက်ပုဂ္ဂိုလ်များ ထိုသပိတ်၏ သပိတ်ပွား အဖြစ်ဖြင့် အနားလေးရစ်ထား မြေသပိတ်ပွားများ မီးဖုတ် ကိုင်ဆောင်ကြရပါသည်။ ဘုရားအသွင် ပလ္လင်တင် အောက်ခြေ ခံဖြင့် သိမ်းဆည်းကြရပါသည်။

**မှတ်ချက်**။ ။ ယနေ့ သံသပိတ်များ၌ အနားလေးရစ် မလုပ်သာ ကြသဖြင့် နှီးသပိတ်ဖုံး၏နှုတ်ခမ်းများ၌သာ အနားရစ်ကလေးများ အမှတ်အသား ပြုပေးထား သည်ကို တွေ့ကြရမည်။

ထိုမှအခြား ပဲခွပ်ခေါ် ဓား၊ အပ်၊ အပ်ချည်၊ ရေစစ်၊ ခါးပန်းကြိုး၊ နှစ်ထပ်သင်္ကန်းကြီး စသည်များလည်း ဘုရားသုံး အတိုင်း ပုံစံတူ ဆောင်ကြရပါသည်။

ထိုစဉ်. . . ရဟန်းသုံး နှစ်ထပ်သင်္ကန်းကြီး ဖြစ်ပေါ်လာ ပုံမှာ. . . ဘုရားရှင်နှင့် ကိုယ်ပွား သံဃာများ အကျင့်တူ၊ အမြင် တူတွင် ကိုယ်တူ၊ စိတ်တူထား တစ်ကြောင်းတည်းသောခရီး

အတူသွားလာကြရင်းက. . . ဝေနေယျ အများအတွက်လည်း ခရီးထွက်တော်မူကြရရာ. . . ဆောင်းတွင်းကာလ ဒေသစာရီ ကြွကြလျှင် အရိယာအရှင်များကသာ ဘုရားနှင့်ဆင်ပြီး ပုထုဇဉ် များကား ဘုရားရှင်နှင့် အသွင်ကွဲပြားနေကြပါသည်။

* ဘုရားရှင်ကား သွားလာမှုကံတွင် ဈာန်ဝင်စားလျက်က သာ။

  ပုထုဇဉ်များကား စကား တပြောပြော ရယ်ရယ်မောမော သာ။

* ဘုရားရှင်ကား သပိတ်တစ်လုံး သင်္ကန်းသုံးထည်မျှသာ။ ပုထုဇဉ်များကား သင်္ကန်းများ အထုပ်လုပ်၍သယ် ပုခုံး လွယ်လျက်ကသာ။

ရဟန်းဖြစ်လျက်သားနှင့် လူနှင့်မခြား ခန္ဓာကိုယ် အလို လိုက်ကြသည်တကား။

ယင်းဖြစ်အင်ကို ဘုရားရှင် မြင်တော်မူရာ. . . ဘုရားရှင် သည် တန်ခိုးတော်(ဉာဏ်တော်)မသုံး ကိုယ်တွေ့ဖြင့် သုံးသပ် တော်မူ၏။ သုံးသပ်ပုံလေး မျှော်တွေးကြည့်ပါ။

ထိုခေတ်က ဆောင်းကာလသည်. . . တပို့တွဲလသည် အ အေးဆုံး။ ထိုတပို့တွဲလတွင်လည်း လပြည့်၏ ရှေ့ငါးရက် နောက် ငါးရက်သည် အအေးဆုံး။

ထိုတပို့တွဲလဆန်း ၁၀-ရက်နေ့မှ လပြည့်ကျော် ၅-ရက်နေ့



အတွင်း ညခင်းမှာ ပထမ ဧကသီမဲ့ သင်းပိုင်တစ်ထည်တည်းဖြင့် နေကြည့်တော်မူပါသည်။ ညဉ့်နက်လာသောအခါ မခံနိုင်ပါ။ သို့ကြောင့် အာနန္ဒာအား ဧကသီ အယူခိုင်းတော်မူရပါပြီ။ ဒုတိယ သင်းပိုင် ဧကသီ တစ်စုံဖြင့်ပင် နေကြည့်တော်မူပါသည်။ ညဉ့်ပို၍ နက်လာသောအခါ မခံနိုင်ပြန်ပါ။ ထိုအခါ အာနန္ဒာ အား ဧကသီအပိုတစ်ထည် အယူခိုင်းတော်မူရပြန်ပါပြီ။ သန်း ခေါင်ကျော်လာသောအခါ မခံနိုင်ပြန်တော့ပါ။ သို့ကြောင့် အာနန္ဒာအား နောက်ထပ် ဧကသီပိုတစ်ထည် ထပ်မံအယူခိုင်း ရပြန်ပါပြီ။ ထို လေးထည်ဖြင့်ပင် ထိုရက်တို့၏ ညများ ကုန်လွန် စေတော်မူခဲ့ပြီ။

ထိုမှစ၍ နောင်များ ဒေသစာရီ ကြွရာနောက် လိုက်ပါရ သော သံဃာများ သင်္ကန်းလေးထည်သာ ဆောင်ခွင့်ပြုပါသည်။ ကျောင်းနေစဉ်လည်း လေးထည်ကိုသာ အဓိဋ္ဌာန် တင်စေခဲ့ပါ သည်။ လေးထည်ကား . . . သင်းပိုင်တစ်ထည်၊ ဧကသီ တစ်ထည်၊ အပိုနှစ်ထည်ကို နှစ်ထပ်ပိုးချုပ် ချုပ်၍ နှစ်ထပ် သင်္ကန်းကြီးတစ်ထည်တည်း။

ထိုစဉ် ဧကသီကား သင်းပိုင်လျှော်ဖွပ်ရလျှင် သင်းပိုင် အဖြစ်လည်း သုံးရ၏။ လက်ရှိ တာဝန် ဧကသီ(ဝတ်ရုံ) အရာ လည်း တာဝန်ယူရ၏။ နှစ်ထည်နှင့် ညီမျှ၏။

နှစ်ထပ်သင်္ကန်းကြီးကား ဧကသီက သင်းပိုင်နေရာ ဝင်ယူ

နေသောအခါ ဧကသီကိုယ်တိုင်က လျှော်ဖွပ်ခံနေရသောအခါ ဧကသီနေရာ ဝင်ယူပေးရ၏။ မူလတာဝန် ခြံ့ထည်အဖြစ်လည်း တာဝန်ယူရ၏။ နေ့ ဧကသီ၊ ည စောင် နှစ်ထည်နှင့် ညီမျှ၏။

ယင်းတို့ကိုထောက်၍. . .

၁။ သပိတ်တော်ကလည်း ဘုရားကိုင် သပိတ်တော်မှပွား သပိတ်ကိုယ်ပွားများ။

၂။ သင်္ကန်းတော်များကလည်း ဘုရားဝတ် သင်္ကန်းတော်များမှ ပွား သင်္ကန်းကိုယ်ပွားများ။

၃။ ကိုယ်တော်များကလည်း ဘုရားနှင့် အကျင့်တူ အမြင်တူ ပွား ကိုယ်ပွားတော်များ။

၄။ တရားတော်များကလည်း ဘုရားသိက္ခာဝင် ဘုရားဆင်ခြင် နည်းအတိုင်းပွား တရားကိုယ်ပွားများ။

ဤသည်မှာ လူမှဖြစ်သော ဘုရားဖြစ်သဖြင့် လူစားထားခဲ့နိုင်ခြင်းများ။ ဤသည်မှာ ဘုရားပွား အစားရသဖြင့် ယနေ့တိုင် ဗုဒ္ဓဝါဒီ များ ဂါရဝမှု ပြုခွင့်ရခြင်းများ။

♦ ♦ ♦



## ကိုယ်ပွားအရာ အာဏာဖြင့် နှင်းအပ်ခြင်း

သာသနာဦးက ရဟန်းများ . . .

(က) အချို့ ဧဟိဘိက္ခု အာဏာဖြင့် ကိုယ်ပွားအရာ ရစေခဲ့ကြပါသည်။

(ခ) အချို့ သရဏဂုံ ခံဖြင့်ပင် ကိုယ်ပွားအရာ ရစေခဲ့ကြပါသည်။

(ဂ) အချို့ ဩဝါဒ ခံရုံမျှဖြင့်ပင် ကိုယ်ပွားအရာ ရစေခဲ့ကြပါသည်။

(ဃ) အချို့ ပုစ္ဆာမေးဖြင့်ပင် ကိုယ်ပွားအရာ ရစေခဲ့ကြပါသည်။

ထို့နောက် သာသနာတော်ကြီး တောဟီးအမျှ နိုးထ ထွန်းကားလာသော အခါတွင်ကား . . .

၁။ ကိုယ်ပွားအရာထား သာဝကကြီးများ နိုင်နင်းစွာ ထိန်း

သိမ်း စောင့်ရှောက်နိုင်ရန်။

၂။ ဆရာအဆင့်ဆင့် တပည့်အဆင့်ဆင့်ဖြင့် သာသနာအဆင့်ဆင့် ပွင့်ထွန်းလာနိုင်ရန်။

၃။ သာသနာအတွင်း မျိုးမတူ ဇာတ်ကွဲများ သိက္ခာဖြင့်တွဲ တစ်စည်းတစ်လုံးတည်း ဖြစ်နိုင်ရန်။

၄။ သာသနာအတွင်း အလေ အဖျင်း ပစ္စည်းအမွေခံရှိမှုများကို လျှော့ခါထုတ်ပစ်နိုင်ရန်။

(က) **သဘာပတိဆရာ** - ကိုယ်ပွားရဟန်းအဖြစ် ခံယူပွဲ၏ အကြီးအကဲ။

(ခ) **ဥပဇ္ဈာယ်ဆရာ** - အနီးကပ် ဆုံးမပေးမည့် အကြီးအကဲ။

(ဂ) **အနုသာသနဆရာ** - ရဟန်းဖြစ်ခွင့်ရအင်္ဂါများ ပြောကြားပေးသည့် အကြီးအကဲ။

(ဃ) **ကာရကဆရာ** - ကမ္မဝါဆရာအဖြစ် ဝန်ဆောင်ဆရာအဖြစ် ချီးမြှင့်ကြသည့် အကြီးအကဲများ။

အထက်ပါ လေးမျိုးတို့ဖြင့် ရဟန်းအမည် ခံယူပွဲ ဆင်နွှဲစေရာ. . .

ဒါ. . . သင်ပိုင်သော သင်္ကန်းသုံးထည်များမှတ်။

ဒါ. . . သင်ကိုင် သပိတ်မှတ်။



သင်သည် မသေမချင်း ဤသင်္ကန်းများကို ဝတ်ရုံ၍ ဤသပိတ်တော် ကိုင်၍ ဘုရားအတိုင်း ကျင့်၍ ဘုရားအရာ ရောက်အောင်အထိ ဖြည့်ရမည် ဟူ၍ အမိန့်တော်ပြန်၏။

ထို့နောက်. . .

ပွဲတော်အကြောင်း အသိပေးသော ညတ်တစ်ကြိမ် ဖတ်ကြားပြ၏။ ပြီးသော်. . .

ရဟန်းအဖြစ် ချီးမြှောက်ကြောင်း အမှုဖွင့် ကမ္မဝါစာက သုံးကြိမ်တိတိ။ ပြီးသော်. . .

ရှောင်ရန်၊ ဆောင်ရန်စသည် အဆုံးမများဖြင့် ကတိခံစေခဲ့ပါသည်။

သို့ဖြင့်ပင် ပုဂ္ဂိုလ်နှင့် ဓမ္မလည်း ဘုရားကိုယ်ပွား အရာရသွားကြပါသည်။ သို့ဖြင့်ပင် သင်္ကန်းသုံးထည်များလည်း ဘုရားသင်္ကန်းနှင့် အခန်းတူ ဖြစ်သွားကြပါသည်။ သို့ဖြင့်ပင် သပိတ်ပရိက္ခရာများလည်း ဘုရားသုံးနှင့် လုံးလုံးတူ ဖြစ်သွားကြပါသည်။

တစ်ဖန် ထိုကိုယ်ပွားများ ဘုရားနှင့်မခြား တစ်သားတည်းကျစေရန် ဂုဏ်အားဖြင့် **သုပ္ပဋိပန္န**မှ **အနုတ္တရ**အထိ ကိုးပါးထားပေးတော်မူ၏။ ထိုစဉ်. . .

၁။ **သုပ္ပဋိပန္နဂုဏ်** - အသိနှင့် အကျင့် ဘက်စုံဖွင့်ကျင့်ရာမှ ရသောဂုဏ်။

၂။ **ဥဇုပဋိပန္နဂုဏ်** - အကောက်မယောင့် အဖြောင့်အတိုင်း

ကျင့်ရာမှ ရသောဂုဏ်။

၃။ **ဉာယပဋိပ္ပန္နဂုဏ်** - နိဗ္ဗာန်သို့သာ စိတ်ပို့လွှတ်ထားရာမှ ရသောဂုဏ်။

၄။ **သာမိစိပဋိပ္ပန္နဂုဏ်** - နတ်လူတို့ အရိုအသေနှင့် ထိုက်တန်စွာကျင့်ရာမှ ရသောဂုဏ်။

ဤ အကြောင်းခံ လေးပါးတို့ကြောင့် ဘုရားနှင့်မခြား သာဝကများလည်း ကိုယ်ပွားတော်အရာ ဝင်စေခဲ့ပါသည်။ ထိုအကြောင်းခံများကြောင့်ပင်. . .

၁။ **အာယုနေယျဂုဏ်** - အဝေးမှယူလာသော ပစ္စည်းများ ခံယူထိုက်ကြပါသည်။

၂။ **ပါဟုနေယျဂုဏ်** - ဧည့်သည်အတွက် ထားပစ္စည်းများ ဖြစ်ပါစေ ခံယူထိုက်ကြပါသည်။

၃။ **ဒက္ခိနေယျဂုဏ်** - မြတ်သောပစ္စည်းများ ဖြစ်ပါစေ ခံယူထိုက်ကြပါသည်။

၄။ **အဉ္ဇလီကရဏီယဂုဏ်** - ခေါင်တင်၊ ရင်ထား ဂါရဝပြုခြင်းများလည်း ခံယူထိုက်ကြပါသည်။

၅။ **အနုတ္တရဂုဏ်** - လောကသားများတွင် သည့်ထက်မြတ် အကပ်အသတ်မျှပင် မရှိ၍ပါ။

ဤလူသားဘုရား၏ ထိုလူသားကိုယ်ပွားများသည်ကား ကျင့်နိုင်သော ရုပ်ကိုယ်လည်းရှိ၊ သိနိုင်သော ဉာဏ်ရည်လည်း



ပြည့်၊ ကျင့်တိုင်းလည်း အသိအဆင့်ဆင့် ပွင့်ကြရကာ. . .

(က) သိစရာရှိသည်များလည်း အဆုံးတိုး အဆိုးအားလုံး ဖြူစင်စေခဲ့ပြီ။

(ခ) ပယ်စရာရှိသည်များလည်း အကုန်စင် ဘဝင်လေပူ မပြုစေတော့ပြီ။

(ဂ) ဆိုက်စရာရှိသည်များလည်း ဆယ်ဆင့်မွေး လေးဆင့်ဆိုက် သုဉ်းရာအထိ လိုက်ခဲ့ပြီ။

(ဃ) ပွားစရာရှိသည်များလည်း အချိန်အရွယ်များနှင့်စက် အသက်နှင့် မခြားစေခဲ့ပြီ။

ဤလို ပုဂ္ဂိုလ်မျိုးမှ ရှိမခိုး ဘယ်လိုပုဂ္ဂိုလ်မျိုး ရှိခိုးကြမည်နည်း။

သို့ကြောင့် ဗုဒ္ဓဝါဒီတို့ ဂုဏ်ယူစရာ အများအပြားထဲမှာ. . .

* ဘုရားကိုယ်ပွား စေတီလေးမျိုး ကျန်ရစ်ခဲ့ခြင်းသည်လည်း ဂုဏ်ယူစရာ အံ့တစ်ပါးတွင် ပါဝင်နေ၏။
* ဘုရားနှင့်မခြား အလှူခံပုဂ္ဂိုလ်များသို့ ကောင်းမှုမျိုးစေ့များ ချထားခွင့်ရခြင်းများသည်လည်း ဂုဏ်ယူစရာ အံ့တစ်ပါးတွင် ပါဝင်၏။
* ဘုရားနှင့် မခြား ကိုယ်ကိုယ်တိုင် အကျင့်တူ ပွားနိုင်ခွင့်များသည်လည်း ဂုဏ်ယူစရာ အံ့တစ်ပါးတွင် ပါဝင်၏။

သို့ကြောင့် ဤဘုရားရှင်၏ ဤသာသနာသည် ကိုယ်ကိုယ်

တိုင် သာဝက ဗောဓိဆုဖြင့် ဘုရားဖြစ်လိုသူများ အားထားရာ အရိပ်တစ်ခု ဖြစ်လာ၏။ အားထားသလောက် ခရီးပေါက်လာနေသူများလည်း မျက်မြင်ကိုယ်တွေ့ရှိနေကြ၏။

* ကျင့်သာကျင့်၍ ဘာမှမသိရသော အအေးဝင် သက်သက် ဘာသာများနှင့် မည်မျှခြားနားသနည်း။
* ကျင့်သာကျင့်၍ အဘိညာဉ်မျှသိရသော အအေးတင် သက်သက် ဘာသာများနှင့် မည်မျှ ကွာခြားနေသနည်း။
* ကျင့်လည်းမကျင့် သိလည်းမသိ ကိုးကွယ် ဝတ်ပြု ဆုတောင်းမှုဖြင့် ပြီးနေသော ဘာသာများနှင့် မည်မျှ ဝေးကွာနေပါသနည်း။

ဤသည်တို့မှာ ဉာဏ်အမြင်ဖွင့် ဘာသာချင်းဆင့် ချင့်ကြည့်သိနိုင်သော အရာများတည်း။

♦ ♦ ♦



## မျက်ကွယ်ခြားမှ ထားခဲ့သော အပွားများ

ဆိုခဲ့ပြီးသော. . . ဗိမ္ဗိသာရမင်းကြီးအား ခွင့်ပြုထားသော နိမ္မိတဘုရား၊ သာဝကအများအပြားအား ခွင့်ပြုထားသော သာဝကဗောဓိဘုရား၊ ထိုနှစ်ပါးတို့သည် ဘုရားသက်တော် ထင်ရှားရှိစဉ်ကများ ဖြစ်ကြ၏။

အောက်ပါတို့ကား ပရိနိဗ္ဗာန်စံဝင်မှ ထားခဲ့သော အပွားများတည်း။ ယင်းတို့မှာ. . .

**၁။ဓာတုစေတီ** - အဓိဋ္ဌာန်စိတ်ဖြင့် ရုပ်တော်အား ပွားပေးထားခဲ့ခြင်းများ။

**၂။ဓမ္မစေတီ** - ဟောဖော်မြွက်ကြား စကားထားဖြင့် လမ်း မြားပြထားခဲ့ခြင်းများ။

**၃။ဥဒ္ဒိဿစေတီ** - ပုံတူထုလုပ် ကိုယ်ပွားရုပ်ဖြင့် အာရုံယူစေခြင်းများ။

**၄။ပရိဘောဂစေတီ** - အသုံးအဆောင်ကို ဘုရားအရာထား၍ အာရုံယူစေခြင်းများတည်း။

**၁။** ထိုစဉ် ဓာတ်တော်ဆိုသည်မှာ. . .

ရုပ်ဖြစ်စဉ်များမှ ဆင့်ကူးလာသော အရာများပင်ဖြစ်ရာ. . .

(၁) အချို့ အသွေးအသားများမှ . . . နီထွေးသော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ၊

(၂) အချို့ နှလုံး၊ ကျောက်ကပ်စသည်များမှ . . . ညိုသော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ၊

(၃) အချို့ အရိုးများမှ . . . ဖြူသော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ၊

(၄) အချို့ ရိုးတွင်းခြင်ဆီမှ. . . ဝါသော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ၊

(၅) အချို့ မွေးညင်းတော်များမှ. . . မည်းသော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ၊

(၆) အချို့ နှလုံးသွေးမှ . . . ပြိုးပြိုးပြက်သော အရောင်အဆင်းရှိ ဓာတ်ကြွင်းများ။

ယင်းတို့သည်လည်း ရုပ်ဖြစ်စဉ် ဓာတ်ကြွင်းများပင် ဖြစ်ကြပါ၏။



သို့တစေလည်း . . .

ဘုရားရှင်၏ အဓိဋ္ဌာန်တော်သည် စိတ်အကြံပင်ဖြစ်ပါ၏။ ထိုစိတ်အကြံတွင် ခံစားခြင်း-ဝေဒနာ၊ မှတ်သားခြင်း-သညာ၊ စေတနာစသည် ထားရှိခြင်း-သင်္ခါရ၊ အသိဝင်ခြင်း-ဝိညာဉ်တော်များလည်းပါ၏။

တစ်ဖန်. . . သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်တော်များသည်လည်း ဘုရားရှင်နှင့်အတူ ကျွတ်ထိုက်ရှိ ဝေနေယျများတွင် . . .

ကံဆိုး ကျသဖြင့် အပါယ်ဘဝ ရောက်နေသူများကို တွေ့မြင်နေရ၏။ ကံကောင်း မ,သဖြင့် အထက်ဘုံကြား မေ့မေ့ကြီး ခံစားနေသူများကိုလည်း တွေ့မြင်နေရ၏။ ထိုသူများ သာသနာမကွယ်မီ ဤလူ့ပြည် အလည်ရောက်လာဦးမည်ကိုလည်း တွေ့မြင်နေရ၏။

သို့ကြောင့် ထိုထို ဓာတ်တော်ပွားများ၌ ဘုရားဉာဏ်လည်း ဝတ်ဆံပမာ ပါဝင်နေပြန်၏။ သို့ကြောင့် ဓာတ်တော် တစ်ဆူတစ်ဆူလျှင် ဘုရားတစ်ဆူ တစ်ဆူ အရာဝင်၏။ သို့ဆိုသော် ထိုဓာတ်ဖြစ်ရုပ်၌ပင် ရုပ်၊ နာမ်စုံ အကုန် ကိန်းဝင်လျက် ရှိနေချေပြီ။ သက်ရှိဘုရား ဟုတ်၊ မဟုတ် ကျွတ်ထိုက်သူရှေ့ ရောင်ခြည်တော် ကွန့်မြူးခြင်းနှင့် ဉာဏ်ဝှေ့ကြည့် အတပ်သိနိုင်သည်။ ယုံ၊ မယုံကား သင့်သဒ္ဓါ ချို့တဲ့၊ မတဲ့၏ အရာသာ။

ထိုစေတ်တော်များကို. . .

အကြီးဆုံး - ပဲနောက်စေ့ ပမာဏ၊

အလတ်စား - ဆန်ချိုးစေ့ ပမာဏ၊

အငယ်ဆုံး - မုံညှင်းစေ့ ပမာဏ၊

ဤသို့လျှင် သုံးမျိုး ထားခဲ့သည် ဆို၏။ ဝေနေယျတို့နှင့် ထိုက်တန်ရာအဖြစ် အရွယ်အစား ဖြစ်ကျန်နေခဲ့ဟန်ဆင်၏။ ဝေနေယျ အရေအတွက်များခြင်းနှင့်လည်း ဆိုင်ဟန်ရှိ၏။

တစ်ဖန် အရောင်အဆင်းအားဖြင့်လည်း နီ၊ ဝါ၊ ဖြူ သုံးမျိုးရှိ၏။ ယင်းတို့သည် သက်ရှိ၏ ရောင်လျှံတော် ၆-မျိုးထဲမှ သွေးသား၊ ခြင်ဆီ၊ အရိုး ထိုသုံးမျိုးတို့၏ ဓာတ်ကြွင်းများဖြစ်ကြ၏။

အမွေးမှန်သမျှ နတ်တို့ နုတ်ယူ သွားကြသောကြောင့် ညှိမှောင်ဓာတ် မကျန်ရစ်ခဲ့။ ဘုရားအစစ် မဟုတ်သောကြောင့် နှလုံးသွေးဆူ ပြီးပြီးပြက်လည်း မကျန်ရစ်ခဲ့။ နှလုံး၊ ကျောက်ကပ်၊ အဆုတ်၊ အသည်းများ ရေရှည်ခံ မဟုတ်သောကြောင့် အညို လည်းမကျန်ခဲ့။ သို့မဟုတ် ထိုသုံးမျိုး အားများရာ သွေးသားတို့၏ အကြား ပျောက်ကွယ်သွားကြသောကြောင့် မထင်ရှားခဲ့ပြီ။

ငါတို့ မြန်မာ၌ ဦးအောင်ဇေယျကား မကြာလှသေး။ ယင်းကိုလျှင် အလောင်းထမ်း တိုက်သည်နှင့် စစ်အောင်နိုင်သေးခဲ့လျှင်. . . **"အပ္ပမာဏ အတုလ ဘုရားရှင်"**၏ ရုပ်ဖြစ်ဓာတ်ကြွင်း



အာရုံတော်သွင်း ဤဓာတ်တော်များ ကိုးကွယ်အားထားရင်းက ထားခဲ့သော သာဝက ဗောဓိ အခွင့်အရေး စောင်း(ဇောင်း)ပေး တက်လေသူ ဘာ့ကြောင့် မအောင်နိုင်ဘဲ ရှိမည်နည်း။

၂။ ထိုသို့. . .

အနုသယဘူမိမှ ပညာဘူမိသို့ (ကိလေသာ အဆောက်အအုံမှ ပညာအဆောက်အအုံသို့) သိက္ခာဝင် အစဉ်တက် မဂ်သို့ ခရီးဆက်ရာတွင်. . .

* ဓမ္မသည် ဘုရားနေရာမှနေ လမ်းပြနေပါသည်။
* ဓမ္မသည် ဘုရားရှင်၏ ရုပ်၊ နာမ်စုံကြားတို့မှ ပွားစီးလာနေပါသည်။
* ဓမ္မသည် သာဝကတို့၏ မနဉ် အာရုံခံတိုင်း လိုင်းဝင်နေပါသည်။

သို့ကြောင့် ဓမ္မကိုလည်း စေတီအရာထား ဘုရားပွား ဖြစ်စေခဲ့ပါသည်။ သို့ကြောင့် ဘုရားစကား ဆရာသမား မြေမကျနားထောင်. . . ခေါင်အထိ တက်ခွင့်သာနေခြင်းဖြစ်ပါသည်။

၃။ တစ်ဖန်. . .

ပုံတူ ကိုယ်ပွား ရည်မှန်းစရာ ဥဒ္ဒိဿစေတီ ထားခဲ့ခြင်းများသည်ကား နောက်နှောင်း သာဝကများတွင်. . .

(က) ဆရာသမားများမှ တစ်ဆင့် တရားစကားမျှသာ နာယူခွင့်၊

ကျင့်ခွင့်ရ၏၊ ဘုရားကိုယ်တော်တိုင်ကိုကား ဖူးခွင့်မရသဖြင့် အားမရလေသူများအတွက်လည်း ဖြစ်၏။

(ခ) ဘုရားရှင်၏ရုပ်ပုံတော်ကား သည်လို၊ နေထိုင်ပုံကား သည်မျိုး တို့ဖြင့် သက်သေအရာ ထားစရာ အတွက်လည်း ဖြစ်၏။

(ဂ) တစ်ဖန် လူသားထဲကပွင့်သော လူဘုရား ငါတို့လိုပါတကားဟူ၍ အသိဝင်ပြီး ငါတို့လည်း ဘုရားကျင့်သလို ကျင့်၍ ဘုရားသိသလို သိခဲ့လျှင် ဘုရားနှင့်မခြား တစ်ကြောင်းတည်းလမ်းဖြင့် နိဗ္ဗာန်သွားနိုင်ကြောင်း သဘောပေါက်ရန် အတွက်လည်း ဖြစ်၏။

သို့ကြောင့် ပုံတော်တွင် ဂုဏ်တော်စဉ် ဖြည့်၍ အသိပွင့်သွားကြသော ဝေနေယျများကား အများအပြားပင်။

♦ ♦ ♦



## ယနေ့တိုင်ပွင့်နေသော ထိုဘုရား

* **ရှင်တော်ဂေါတမကား ပရိနိဗ္ဗာန် စံဝင်ကြွသွားပြီ။ ဘုရားကား ပွင့်ဆဲ။**
* **ရှင်တော်ဂေါတမကား အသက်ကင်းမဲ့ ဓာတ်တော်အဖြစ်သာ ကျန်ခဲ့သည်။ ဘုရားကား စကားပြောဆဲ၊ သွားလာဆဲ။**

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်နှင့် မစံမီကလေးက ထင်ရှားသော အခြားဘုရားများမှာ. . .

* ဗောဓိညောင် တောင်ကိုင်းမှဖြစ်သော ကိုယ်ပွား။
* ရခိုင်ပြည် စန္ဒသူရိယမင်းအား ချီးမြှောက်ထားသော ကိုယ်ပွား။

* ပဲခူးခေတ် သူဌေးသမီး တလှပ်ထော် ပြုစုသော ကိုယ်ပွားများ။

ယင်းတို့သည် ယနေ့ မျက်မြင်တိုင်အောင် အသက်ဝင် လှုပ်ရှားလျက် ရှိကြပါသည်။ ထိုစဉ်. . .

**(က)** ဗောဓိညောင် တောင်ကိုင်းသားကား ဘုရား ဖွားဖက်တော်အရာဖြင့် ထင်ရှားသည်။

**(ခ)** ရခိုင်မင်း၏ မဟာမုနိကား ရင်ငွေ့လှုံအရာဖြင့် ထင်ရှားနေသည်။

**(ဂ)** ပဲခူးခေတ်မှ ယနေ့တိုင်အောင်တို့ကား အာရုံယူ ဥဒ္ဒိဿအရာတို့ဖြင့် ထင်ရှားနေသည်။

ထိုသို့ အထင်ရှား သုံးမျိုး သာသနာတော်သို့ အုပ်မိုးပေးနေရာတွင်. . .

**(က)** ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဖွားဖက်တော် ဗောဓိညောင်ပင်ကြီးသည်လည်း လေမတိုး မိုးမခ အလိုလိုပင် တောင်ကိုင်းသား အရင်းမှနေ ကျိုးကျသွား၏။ သို့ကြောင့် သာသနာဝယ် အကြီးဆုံးသော အရှင်မဟာကဿပ ကိုယ်တော်ကြီးအား သွားရောက် လျှောက်ထားကြရာ. . .

* ဗောဓိသည် ဘုရား ဖွားဘက်တော် ဖြစ်၏။
* ဗောဓိသည် ဘုရားရှင် ဘုရားဖြစ်ရာနေရာ ဖြစ်၏။

သို့ကြောင့် ဘုရားအလား ကိုယ်ပွားထား ကိုးကွယ်ကြရန် အမိန့်



ချတော်မူလိုက်၏။ သို့တစေလည်း ထိုခေတ် ထိုအခါတုန်းက ဘုရားနှင့်တူအောင် မထုလုပ်နိုင်ကြခြင်း၊ ဘုရားနှင့်မတူက အပြစ်ရမည်ကို ကြောက်ရွံ့ကြခြင်းကြောင့် မည်သူမှ မထုရဲ။ သို့ကြောင့် သိကြားမင်း ဆင်းထုပေးရ၏။

နောင်သောကာလ ဘုရားရှင်အပေါ် သဒ္ဓါအား ကောင်းသူများ အရဲစွန့် ထုလုပ်ကြရာမှ ယနေ့တိုင် ဘုရားပုံတူထု ဗိသုကာများ ပွားလာသည်ဆို၏။ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း သုံးရာလောက်က စတင်သည်ဟု မှတ်သားရဖူး၏။ ယခု ဗောဓိညောင် တောင်ကိုင်းသား ပင်တော်မှ အလိုလိုပြတ်ခြားရာ၌ကား သိကြားမှတစ်ပါး အခြား မထုဝံ့ကြပြီ။

ထိုသို့ ထုလုပ်ပြီးနောက် အရှင်မဟာကဿပ ဦးစီးသော ရဟန္တာအရှင်မြတ်ကြီးများက ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရ သတ္တဌာန စံကာလ ပြုကျင့်ပုံအတိုင်း **အနေက ဇာတိ သံသာရံ** ချီ အနေကဇာတင်အမည်ရ ဘုရားကိုယ်စား အာရုံယူ ဉာဏ်သွင်း၊ ရွတ်ပွား ပူဇော်ခြင်းဖြင့် ကိုယ်ပွားတော်စာရင်း ဝင်စေခဲ့ပါသည်။

ထို မဟာသာဝကကြီးတို့ထုံး ဆက်လက်သုံးစွဲကာ ယနေ့တိုင်လည်း အနေကဇာတင်ပွဲများ မစဲကြသေးပါ။ အထူးမှာ ဤအနေကဇာတင်ဓလေ့ ဤမြန်မာနှင့် သီဟိုဠ်(သီရိလင်္ကာ) နှစ်ပြည်သာရှိပြီး အခြားထေရဝါဒ ယိုးဒယား၊ ကမ္ဘောဒီးယား၊

လာအို ပြည်များ၌ကား . . .

(က) ထုလုပ်သူများက ကိုးပါးသီလ ဥပုသ်စောင့်သုံး၍ ထုကြရသည် ဆို၏။

(ခ) ထုလုပ်သူများက သက်လွတ်စား မေတ္တာပွား ထုကြရသည် ဆို၏။

(ဂ) ထုလုပ်သူများက ဂုဏ်တော်ကိုးပါးပွား ထုကြရသည် ဆို၏။

ထုပြီးဆိုကတည်းက ရုပ်တုတွင်း နာမ်နှင့် ဉာဏ်သွင်းပြီး အလားတည်း။

**(ခ)** တစ်ဖန် ဘုရားရှင် လက်ထက်တော်ကာလမီ ရခိုင်ဘုရင်၏ မဟာမုနိ ရုပ်ရှင်တော်မြတ်သည်ကား ရင်ငွေ့လုံဘုရား ဆို၏။ ဖြစ်စဉ်မှာ. . .

ဤ၌ ရခိုင်မှ သတင်းစာဆရာကြီး ဦးလှထွန်းဖြူ ရေးစာအုပ်မှ ဖတ်မိ မှတ်မိသရွေ့ဖြင့် တင်ပြရပါမူ ရခိုင်ဘုရင် ပဋိသန္ဓေ ယူစအချိန် မိခင်မိဖုရားကြီး၌ အိပ်မက်မြင်မက်သည် ဆို၏။

ယင်းမှာ. . .

တစ်ချိန်တည်း လရော နေပါ အိပ်မက်ထဲ ပြိုင်ထွက်နေခြင်းများပင်။ ယင်းအိပ်မက်ကို အတည်ပြုသောအားဖြင့် သားတော် ထွန်းကားလာသောအခါ၌လည်း စန္ဒ သူရိယ (လ၊ နေ မင်းသား) အမည်တွင်စေ၏။



ထိုမင်းသား အရွယ်ကြီးမား ဖခင်အရိုက်အရာ ရထားစဉ်ကာလ မဖျိုမတိုက်ဘဲ ပွင့်နေသော ဘုရားအား ဖူးလိုသောဆန္ဒ တားမရ၊ ဆီးမရ ဖြစ်လာတော့ရာ. . .

သက်လွတ်စား နဝင်္ဂသီလ အဓိဋ္ဌာန်ဖြင့် ဆောက်တည်၏။ ဘုရားရှင်ရှိရာသို့မှန်း အာရုံဖြင့်လည်း ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူသည်ဆို၏။ ဘုရားရှင်ရှိရာကိုမှန်း အဓိဋ္ဌာန်ဖြင့်လည်း ပင့်သည် ဆို၏။

ထိုစဉ် ဘုရားရှင်သည် နောက်ပါများနှင့်အတူ ကြွချီလာရာ စန္ဒသူရိယမင်းသည် အတိုင်းထက် လွန်ကာ သဒ္ဓါအား တဖွားဖွား ဖြစ်လာ၏။ ဤနန်းတော်၌သာ အမြဲ သီတင်းသုံးရန်အတွက်လည်း နန်းတော်ကိုပါ လှူ၏။ မိမိကိုလည်း ကျွန်အရာ ထား၏။ တိုင်းပြည်ကိုလည်း လှူ၏။

ဘုရားရှင်ကား ဝေနေယျအများ ကျွတ်ထိုက်သူရှိရာ ဒေသများသို့ သွားရောက်တော်မူရမည်ဖြစ်ရာ လက်ခံတော်မမူချေ။ ထိုအခါ တစ်ဆင့်လျှော့၍ ကိုယ်ပွားဘုရား တစ်ပါးထားခဲ့ပါရန် တောင်းပန်ပြန်၏။ သို့နှင့် ခွင့်ပြုတော်မူ၏။

ထိုစဉ်. . . ဘုရားရှင်နှင့် တူ၊ မတူ ပုံစံယူ အဖြစ် ၂-တောင်မျှ ဘုရားတစ်ဆူ အလျင်သွန်းစေ၏။ တစ်ဖန် ဘုရားရှင်နှင့် လုံးတူ၊ ရုပ်တူ၊ ပုံစံတူအဖြစ် ခြောက်တောင်ရှိတစ်ဆူ အစမ်း

သွန်းစေပြန်၏။ နောက်ဆုံး အတည်ထား လုံးတူ၊ ရုပ်တူ၊ ဘုရား တစ်ဆူ ကြေးသွန်းပွားလိုက်ပြီ။

ထိုဘုရားများလည်း လူထဲကလူ သွန်းဝံ့ဟန်မရှိ နတ်ထဲကလူ လာရောက် သွန်းပေးခြင်းသာ ဖြစ်ဟန်ရှိ၏။ ပြီးသည်နှင့် ဘုရားရှင် ရှေ့တော်မှောက် အရောက် ပင့်ဆောင်သွားကြ၏။

ဘုရားရှင်သည်. . .

ထို ကြေးသွန်းရုပ်တုတော်နှင့် ရင်ချင်းကပ် ဘုရားအဖြစ် အသိမှတ် ပြုလိုက်သည်။ ထိုအခါ ထိုကြေးသွန်း ရုပ်ပွား ကိုယ်စားထား ရုပ်ရှင်တော်သည်. . .

* ဘုရားကဲ့သို့လည်း သွားသွားလာလာ နားနားနေနေ ပြုကျင့်တော်မူ၏။
* ဘုရားကဲ့သို့လည်း တရားစကား သာရဏီယကထာ များ ဟောကြားတော်မူ၏။
* ဘုရားကဲ့သို့လည်း ဆွမ်း၊ ဘောဇဉ်များ လက်ခံစားသုံး ဘုဉ်းပေးတော်မူ၏။

ရခိုင်မင်း ချဉ်ခြင်းပြည့် ပီတိများ ကိုယ်တွင်းပြည့် လှည့်စေခဲ့ပါသည်။ ထိုစဉ် ဘုရားရှင် မဇ္ဈိမသို့ ပြန်လည် ကြွချီတော်မူချိန် ထို ကိုယ်ပွားတော်အား ဦးခေါင်းတော်နှိပ်၍ လှုပ်ရှားမှု ကင်းဆိတ်စေခဲ့ပြီ။

သို့ကြောင့် ရခိုင်ဘုရင်က ထားမြဲအတိုင်း ထားတော်မူခဲ့ပါ



ရန် တောင်းပန်လျှောက်ကြားရာ. . . နောင်အခါ ကျွဲပျောက် ကစ အားလုံး မေးကြရော့မည်။ ထိုအခါ ဘုရားအစစ် မဟုတ် သဖြင့် လွဲချော်ပေရော့မည်။ သို့ကြောင့်လည်း နောက်နှောင်းများ အကုသိုလ်ဆိုး မတိုးပွားရစ်စေရန် အာရုံယူ ပုံတူကျ သဒ္ဒါဖြစ်ရုံမျှ ထားခဲ့မည်ဖြင့် မိန့်မြွက်တော်မူသွားသည်ဆို၏။

ထိုကြေးသွန်းဘုရား . . . ဘုရားပြန်ကြွသွားပြီး နောက်များ လည်း ဘုရားသက်ရှိထင်ရှားအတိုင်းပင်. . .

မျက်နှာသစ်တော် ရေကန်များလည်း တည်ဖန် ကပ်လှူ ထားရပါသည်။ သုံးတော်ရေ၊ ချိုးတော်ရေကန်များလည်း တည်ဖန် ကပ်လှူထားမြဲ ထားပေးရပါသည်။ အချိန်အခါနှင့် အလိုက် ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများလည်း ကပ်လှူထားမြဲ ထားပေးရပါသည်။ ယနေ့တိုင် ထိုရေကန်များ မည်သူမျှ မဆင်း ဝံ့ကြဆို၏။ မန္တလေးမှာလည်း ထိုအတိုင်းပင် ရေကန်တော်များ ထားရှိပေးရသည်။

ထိုမှနောက် ကုန်းဘောင်ခေတ် (အမရပူရ ရတနာပုံခေတ် များ) အရောက်တွင်ကား . . .

ထိုစဉ်က ရခိုင်ဘုရင် စန္ဒသူရိယမင်း၏ မိဖုရားကြီး ဖြစ်ခဲ့ဖူး သူသည် ယခု မြန်မာဘုရင်၏ မိဖုရားကြီးအဖြစ်သို့ ဘဝကူး လာချေရာ. . . ထိုမိဖုရား၏ ချဉ်ခြင်းဖြင့် ဤ မြန်မာတွင်း ရောက်ခဲ့ပါသည်။ ထိုမိဖုရား၏ သဒ္ဒါဖြင့်ပင် ယနေ့ မန္တလေးတွင်

သီတင်းသုံးပါသည်။

ထိုစဉ်က မဟာမုနိဘုရား၏ နောက်ပါးမှ ပါလာကြသော ရခိုင်ဆွေတော် မျိုးတော်တို့ကား ယနေ့တိုင် ထိုဘုရားကြီး အတွင်းဝယ် အထင်အရှား ရှိနေကြပါသေးသည်။

## "သက်ရှိအလား မဟာမုနိဘုရားကြီး သွားလာနေခြင်း"

ဤသတင်းမှာ. . .

ငါတို့ စာသင်သားဘဝဖြင့် မော်လမြိုင်မှာ နေစဉ် . . .

စစ်ကိုင်းအနီး ရွာထောင်ရွာကြီးမှနေ သူနာပြုဝန်ထမ်း အဖြစ်ဖြင့် မော်လမြိုင်သို့ ရောက်ရှိနေပြီး မော်လမြိုင်သားနှင့် အိမ်ထောင်ကျနေသည့် ဒေါ်ကြည်စိန်၏ ပြောပြချက်အရ ကြား သိခဲ့ရခြင်းပင်။ ဒေါ်ကြည်စိန်ကလည်း သူ့ဖခင် သေခါနီး ပြော သွားသော သတင်းဟုဆို၏။

ဖြစ်ပုံမှာ ယင်းဆရာမ ဒေါ်ကြည်စိန်၏ ဖခင်သည် သေခါ နီးဆဲဆဲမှ ထုတ်ပြောသွားသည် ဆို၏။

ဖြစ်ပုံမှာ ယင်းသည် မဟာမုနိရုပ်ရှင်တော်အား အာရုံမီ နံနက်တိုင်း ဆွမ်းသွားကပ်လေ့ရှိသည် ဆို၏။

တစ်နေ့ . . .

အများတို့ မလာမီ နံနက်စောစောကပင် ကြိုတင် ရောက်ရှိ သွားပြီး ဘုရားဝတ်ပြုရန်အတွက် ဂန္ဓကုဋီတိုက်တော်ကြီး၏ သံတခါးရှေ့တွင် ဆောင့်ကြောင့် ဝင်ထိုင်လိုက်၏။ ပြီးလျှင် ဘုရား အာရုံယူအဖြစ် မော်ဖူးလိုက်ရာ. . . ဘုရားကား ဂန္ဓကုဋီပလ္လင် တော်ထက်၌ မတွေ့ရပြီ။



သို့နှင့် ပျာပျာသလဲ ဆွမ်းတော်ဗန်း တစ်ဖက်ကကိုင်လျက် ဝင်းတစ်ခုလုံး လှည့်ပတ်ရှာဖွေရာ ခြေဆေးတော်ရေကန်၌ ခြေတော်များ ရေဆေးကြောနေသည်ကို တအံ့တသြကြီး ဖူး တွေ့လိုက်ရတော့သည် ဆို၏။ ထိုစဉ် မျက်တောင်လည်း မခတ်မိ၊ ကိုယ်လည်းမလှုပ်မိ၊ ကြက်သေ သေလျက်ကသာ ရှိ၏။ အသံလည်း မပြုမိ၊ စကားလည်း မပြောမိ ချောင်းပင်လျှင် မဟန့်မိ။

ဘုရားရှင်သည် ခြေတော်များ ဆေးပြီးသည်နှင့် ဣန္ဒြေ တော်ဖြင့်ပင် ကန်အထက် တက်ကြွလာ၏။ အနားရောက်သည် နှင့် ဒကာ၏ ဦးခေါင်းကို လက်တော်နှင့် သုံးသပ်လျက်က. . .

"ဒါယကာ. . . သည်ဖြစ်အင်များ သင့်တစ်သက် မည်သူ့မျှ မပြောလေနှင့်။"

ဤသို့လျှင် နှုတ်တော်ထွက်စကား ပြောကြားထားခဲ့ကာ ဣန္ဒြေ တော်ဖြင့်ပင် ဂန္ဓကုဋီတိုက်ရှိရာသို့ ကြွသွားတော်မူသည် ဆို၏။

ဒါယကာကား . . . တင်ပွဲလည်း မလျှောက်မိ၊ ဘုရား တပည့်တော် တာဝန်ခံပါသည်ဖြင့်လည်း ကတိမခံမိ။ အလွန်အ မင်း အံ့သြခြင်း ကြီးစွာဖြင့်ပင် ရပ်တန့် ကျန်ရစ်ခဲ့သည် ဆို၏။

ဘုရားရှင် မလှုပ်မကမ်း မြင်သာရုံလောက် ရောက်လေမှ သတိပြန်လည်ဝင်လာသဖြင့် နောက်မှလိုက်သွားရာ ကြည့်ရင်းကပင် ရုတ်တရက် ပျောက်ကွယ်သွားတော့သည် ဆို၏။

ဂန္ဓကုဋီပေါက်ရောက်၍ ပလ္လင်တော် မော်ကြည့်လိုက်သောအခါ မဟာမုနိ ကြေးသွန်းကိုယ်ပွားတော်ကြီးကား ယနေ့ ဖူးမြင်တွေ့နေကြရသည့်အတိုင်း မလှုပ်မယှက် ပကတိ ကြေးသွန်းလက်ရာ အတိုင်းသာ။

ဤသည်မှာ ကာယကံရှင်၏ သမီးကပြောပြသော ကိုယ်တွေ့မျက်မြင် အသက်ဝင်ဘုရားတည်း။

နောက် ဖြစ်ရပ်တစ်ခု ကျန်သေး၏။

ငါတို့ ရွှေကျောင်းကုန်း တောရဆောက်တည်စဉ်က ကိုယ်တွေ့ကြုံ ဒကာတစ်ဦး၏ ဖွင့်ဟချက်။

ထိုဒကာသည် မန္တလေးရောက်ခိုက် မဟာမုနိရုပ်ရှင်တော်အား သွားရောက်၍ ဝတ်ပြုသည်ဆို၏။ ဝတ်ပြုအပြီး ဂါရဝ သုံးကြိမ်ပြု ဆုယူပြီးသဖြင့် မော်ဖူးလိုက်သောအခါ. . .

ဘုရားရှင်ကား မျက်နက်ဝန်းတော်အစုံဖွင့် ၎င်းအား ငုံ့လင့်နေသည့်အလား ကြည့်နေတော်မူသည် ဆို၏။ ဒကာကလည်း မျက်တောင်မခတ် ပြန်ကြည့်၏။ ဘုရားကလည်း မျက်တောင်မခတ်ဘဲ ကြည့်မြဲပင် ပြန်ကြည့်နေ၏။

ယင်းအဖြစ် အံ့ဩလွန်း ဝမ်းသာလွန်းလှသဖြင့် အနီးနေ



ကိုပါ လက်ကုပ်ပြသလိုက်ရာ ထိုအနီးနေဒကာလည်း မျက်တောင်ဝန်းနက် မျက်စိဖွင့်လျက်အတိုင်း ဖူးခွင့်ရလိုက်သည် ဆို၏။

ထို သာစည်ဒကာကြီးသည် ယနေ့တိုင် သက်ရှိထင်ရှား ရှိနေသေး၏။ ယနေ့တိုင်လည်း စကားစပ်မိတိုင်း ဝမ်းသာမဆုံး ပြောမဆုံး ရှိနေသေး၏။

ဤသည်မှာ ကာယကံရှင်ကိုယ်တိုင် နှုတ်ဖွင့်ပြောကြားနေသော ကိုယ်တွေ့မျက်မြင် အသက်ဝင်ဘုရားတည်း။

**(ဂ)** ထို့နောက်. . .

သက်ရှိထင်ရှား ကိုယ်ပွားတော်ထား ဘုရားများကား ပဲခူးကြွလာပြီ။ ထိုစဉ်က ပဲခူးဘုရင်သည် ဘာသာခြားတို့ နားသွင်းသည်သို့ နားယောင်ပါသွားသည် ဆို၏။

အရှင်မင်းကြီး . . .

အရှင်မင်းကြီး နန်းဦးက ရုပ်တုကြီးများကား အရှင်မဟုတ်၊ အသေသာ ဖြစ်ပါသည်။ အသေကောင် နန်းတော်တွင်း လက်ခံထားပါက အရှင်မင်းကြီးသည်လည်း အမင်္ဂလာ ဖြစ်သွားစေပါသည်။ အရှင်မင်းကြီး၏ နန်းတော်ကြီးသည်လည်း အမင်္ဂလာ နန်းတော်ကြီး ဖြစ်နေပါသည်။

သို့ပါ၍ ရုပ်တုတော် ဘုရားသေ အရှင်မင်းကြီးနှင့်အတူ မနေစေသင့်တော့ပါ ဘုရား။ ထို နားတော်သွင်းအား ပဲခူးဘုရင်ကြီး နှစ်သက် ယုံစားသွားတော့ရာ. . .

နန်းတော်ရှိ ကိုယ်ပွားတော်ကိုလည်း အမှိုက်ပုံသို့ သွားရောက် စွန့်ပစ်စေ၏။ နန်းတော်ဝင်းထဲရှိ ကိုယ်ပွားတော်များကိုလည်း အချို့ အမှိုက်ပုံ၊ အချို့ ရေထဲ၊ အချို့ ချောင်းထဲ၊ မြစ်ထဲ သွားရောက် စွန့်ပစ်စေ၏။

သည်မျှနှင့် မရပ်သေး။ ပဲခူးနေ ပြည်သူအားလုံးတို့အားလည်း စွန့်ပစ်စေ အမိန့်ထုတ်။ မလိုက်နာက သေမိန့်အထိ ထုတ်ပြန်တော်မူ၏။ သို့ကြောင့် ပဲခူးနေများလည်း . . . အချို့ ရွှံ့ထဲ၊ ဗွက်ထဲ ကိုယ်ပွားတော်များ လဲသည်ကလဲ၊ မွဲသည်က မွဲ၊ အချို့ ရေစပ် ကမ်းကပ် ကိုယ်ပွားတော်များ ရေပတ်သည်က ပတ်၊ ကမ်းပတ်သည်က ပတ်။

တစ်နေ့ သူဌေးသမီးလေး တလှပ်ထော်ဆိုသူသည် နောက်ပါ အိမ်ဖော်မနှင့်အတူ ရေဆိပ်သို့ သွားရောက် ရေချိုးရာ မရှိမသေ စွန့်ပစ်ခံထားကြရသော ကိုယ်ပွားတော်များအား တွေ့မိသွားရာ စိတ်ဝယ်မချိ၊ လူအများအားလည်း ဂရုဏာသက်မိသွားချေ၏။

သို့နှင့် . . . ကမ်းစပ်၌ တွေ့သမျှ ဘုရားများကို လိုက်လံကောက်ယူပြီး ရေသန့်ဖြင့် ဆေးကြော၏။ နေရာသန့်သို့ စုထား၏။ ထို တစ်နေ့ လက်လှမ်းမီသရွေ့ဘုရား ထိုသို့ပင် စုပင့်ထား၏။ ထိုစဉ် . . .

"အရှင်မ ဘုရင် အမိန့်ထုတ်ထားတယ်လေ။ သေမိန့်တဲ့။" အိမ်ဖော်မက သတိပေး။



"အို လူသေတာ ဘာဆန်းလို့လဲ။ ဘုရား ကိုးကွယ်လို့ သေတာ။ သေစမ်းပါစေ။" တလှပ်ထော်၏ သတ္တိ။

နောက်များနေ့တွင်လည်း ရေဆိပ်သို့ ရက်မခြား သွား၏။ ဘုရားများကိုလည်း တွေ့သမျှ လိုက်လံစု၏။ စုပြီးဘုရားများကိုလည်း ကမ်းစပ်မှာပင် မဏ္ဍပ်ကြီး တစ်ခုထိုး ကိုးကွယ်ထား၏။ ထိုစဉ်မှာလည်း . . .

"အရှင်မ မလုပ်ကောင်းဘူးလေ။ ဘုရင် သေမိန့် ပေးလိမ့်မယ်" အိမ်ဖော်မက။

"အိုကွယ်. . . ဘုရင် မသတ်လဲ တစ်နေ့ကျ သေရမယ့် ဥစ္စာပဲ" တလှပ်ထော်က။

ထိုသတင်း မင်းချင်းများက ဘုရင်နား လျှောက်ကြားကြပြီ။ ထိုသတင်း ပဲခူးဘုရင်(တိဿ)လည်း နားတော်ကြား စကားအဖြစ် လက်ခံလိုက်ပြီ။

သည့်နောက် တလှပ်ထော်အား ဖမ်း၊ ဘုရင့်ရှေ့မှောက်သွင်းစေ အမိန့်ထုတ်။ ဘုရင့်အမိန့်တော်အတိုင်း တလှပ်ထော်အား ကြိုးတုပ် ဘုရင့်ရှေ့ ထုတ်ပြကြ၏။ ထိုစဉ်. . .

"ကလေးမ. . . နင် အသေကောင်ရုပ်တုတွေ မဏ္ဍပ်ထိုး ကိုးကွယ်တယ် ဆိုတာ ဟုတ်စ။"

"မှန်လှပါ အရှင်မင်းကြီး။ အသေကောင်များ မဟုတ်ကြပါ။ ကိုယ်ပွားတော်များသာ ဖြစ်ကြပါသည် အရှင်မင်းကြီး။"

"အံမယ် အလာသား။ သည်လိုဆို ရှင်ကြောင်း နင် သက်သေပြနိုင်မလား။"

"မှန်လှပါ ပြနိုင်ကြောင်းပါ ဘုရား။ အရှင်မင်းကြီး နန်းရင်ပြင်မှာ အများဖူးမျှော်ခွင့်ရရန် မဏ္ဍပ်သာ ထိုးပေးတော်မူပါဘုရား။"

"အိမ်း ကောင်းပြီ။ ယနေ့ကနောက် ၇-ရက်မြောက်နေ့ နင် လက်တွေ့ပြရမည်။"

သို့နှင့် နန်းတော်မှ သေရက်ချိန်းနှင့် ရှင်ရက်ချိန်း နှစ်ခု ယူခဲ့ကာ အိမ်သို့ ပြန်လာခဲ့၏။ ထို ၇-ရက်အတွင်း ၇-ရက် သားသမီးများကို ရည်စူး၍ သတ္တဌာနစံရာ ဘုရားရှင်အား ပင့်လျှောက်ကာ ထို တလုပ်ထော်သည်. . .

မေတ္တာဘာဝနာနှင့် ယှဉ်သော နဝင်္ဂသီလကို ကိုယ်၌ တင်လိုက်ပြီ။ သရဏဂုံနှင့် ယှဉ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စိတ်၌ ထင်စေပြီ။ ကာယဂတာသတိနှင့် ယှဉ်သော မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အာရုံ၌ ထင်စေပြီ။ ဤကား ဘုရင်နှင့် စစ်ကစားရန် ကိုင်စွဲထားသော တလုပ်ထော်၏ လက်နက်များ။

သို့နှင့်ပင် ရက်စေ့ခဲ့ပြီ။

တလုပ်ထော်သည် နံနက် အာရုံတက်ကပင် ဘုရားသို့မှန်း၍ ဆွမ်းဆက်ကပ်၏။ ကိုယ်စောင့်နတ်မှသည် အရပ်စောင့်နတ်၊ သိကြားနတ်များအထိလည်း မေတ္တာပို့ အမျှဝေ၏။ ဘုရင်ကြီးနှင့်တကွ တစ်မြို့လုံး၊ တစ်ပြည်လုံးနေ အားလုံးတို့အားလည်း မေတ္တာပို့ အမျှဝေ၏။ ၇-ရက် အဓိဋ္ဌာန်၏။ အရာအားလုံးသို့ မျှခြင်း သက်သေအရာ ထားခြင်းများတည်း။



အချိန် ရောက်ပြီ။

တလုပ်ထော်သည်လည်း မိဘဆွေမျိုး နောက်ပါများနှင့်အတူ နန်းတော်ရင်ပြင်ရှိ မဏ္ဍပ်တွင်းသို့ ရောက်လာခဲ့ပြီ။

ဘုရင်သည်လည်း မောင်းမမိဿံ အခြံအရံများနှင့်အတူ နန်းတော်မှဆင်း နန်းရင်ပြင် မဏ္ဍပ်တွင်းရှိ ရာဇပလ္လင်ပေါ်သို့ တက်မိခဲ့ပြီ။

အားလုံးတို့ကား . . .

"အသေကောင်မလေး . . . သေတောင် သတ္တိသွေးစ မချမယ့် သတ္တိခဲမလေး။"

ဤသို့သော ကြိတ်တွေးများဖြင့် သူ့ထက်ငါ မျှော်ကြည့်နေကြ၏။ တစ်ဆက်တည်း ဘုရင်ကြီး လှုပ်ရှားသံများကိုလည်း ငံ့မျှော်နေကြ၏။ ဘုရင်တစ်လှည့်၊ တလုပ်ထော်သို့ တစ်လှည့် ဖြစ်နေကြ၏။ ထိုစဉ် ဘုရင်၏ အောင်မြင် ခံ့ညားသော အသံက ထွက်ပေါ်လာတော့သည်။

"တလုပ်ထော်. . "

"အမိန့်ရှိပါ အရှင်မင်းကြီး"

"နင့်ဘုရားများက အသက်ရှိဆိုတာ ယခု လက်တွေ့ပြနိုင်

မလား”

“မှန်လှပါ အဆင်သင့်ပါဘုရား”

“အိမ်း သည်လိုဆို နင့်ဘုရားများ ကြွလာသည်ကို ယခုပင် ငါ မြင်လိုတယ်”

သို့နှင့်. . .

တလှပ်ထော်သည် ပုံတော် ဂုဏ်တော်ကပ်၍ ဘုရားရှင်များအား ပင့်ချေရာ ကမ်းနားမဏ္ဍပ်နေ ကိုယ်ပွားတော်များသည် ထိုခဏတွင်းတွင်ပင် ကောင်းကင်ခရီးဖြင့် အသီးအသီး နန်းတော်ထက်သို့ ကြွလာတော်မူကြ၏။

မဏ္ဍပ်တွင်းနေ လူအားလုံး အံ့အံ့ကျွက်ကျွက် ဖြစ်စေပြီ။ မောင်းမမိဿံ ထိုအားလုံး ကြည်ညိုမဆုံး ဖြစ်စေပြီ။ ထိုမှနောက် ထို ကိုယ်ပွားတော်အားလုံး မဏ္ဍပ်ဦး၌ အထူးပြင်ဆင်ထားရာ မဏ္ဍပ်သို့ အသီးအသီး ဆင်းသက် ကြွမြန်းတော်မူလာကြ၏။

ဘုရင်ကြီးသည်လည်း လက်တွေ့ ကြည့်ခွင့်ရမှုဖြစ်သော သဒ္ဓါဖြင့် တိုး၍ယုံ အာရုံမဖျက်ပြီ။ တစ်မြို့လုံးသည်လည်း လက်တွေ့ ဖူးခွင့်ရမှုဖြစ်သော သဒ္ဓါများဖြင့် တိုး၍ယုံ အာရုံသက်ဝင်နိုင်ကြပြီ။ တလှပ်ထော်သည်လည်း ဘဒြဘွဲ့ခံဖြင့် မိဖုရားခေါင်ကြီးနေရာ ဘိသိက်ခံနိုင်ပြီ။ ဤသည်မှာ ပဲခူးရာဇဝင်က ပြောသော ကိုယ်ပွားစကား သက်သေထူ ဘုရားများပင်တည်း။

သည့်အတူ ယနေ့တိုင် သက်သေထူတော်မူနေကြသော. . .



- ⁎ ကျိုက္ခမီဘုရား . . . ကြွလာခဲ့ရာ ဒေသသို့သာ မျက်နှာမူ သီတင်းသုံးသဖြင့် ရသော ဘွဲ့တော်။
- ⁎ ကျိုက်ပေါလောဘုရား . . . နဖူးပြင်၌ မှဲ့ရှင်ရှိပြီး နေရာရွှေ့ပေါ်တစ်ခါ၊ ပျောက်တစ်လှည့်မှ ရသော ဘွဲ့တော်။

ထိုဘုရားနှစ်ဆူ (တစ်ဆူက ကျိုက္ခမီ ရေလယ်ခေါင်မှာ၊ တစ်ဆူက ကျိုက်ထိုမှာ)တို့သည်လည်း အသက်ရှိ ဘုရားဖြစ်ကြောင်း သက်သေလောင်းလျက်ကသာ။

သည်မျှသာ မကပါသေး တစ်ဒေသမျှသာ သတင်းပွင့်ခြင်း၊ တစ်ရပ်တစ်ရွာမျှသာ သတင်းပွင့်ခြင်း၊ မိသားတစ်စု ဆွေတစ်စုမျှသာ သတင်းပွင့်ခြင်းသော သက်ရှိကိုယ်ပွား ထိုဘုရားများလည်း သာသနာ ပွင့်ထွန်းရာ ဒေသတစ်ခွင်တစ်ပြင်တို့တွင် ထင်ရှားလျက်ကသာ။ ထိုစဉ်. . .

- ⁎ အချို့ သစ်သားကိုယ်ပွားမှ ဘုရားအသွင် ထင်ရှားပြခြင်း၊ စကားပြောခြင်းများ၊
- ⁎ အချို့ ကျောက်ဆစ်ကိုယ်ပွားမှ ဘုရားအသွင် ထင်ရှားပြခြင်း၊ စကားပြောခြင်းများ၊
- ⁎ အချို့ အုတ်ခွက်ကိုယ်ပွားမှပင် ဘုရားအသွင် ထင်ရှားပြခြင်း၊ စကားပြောခြင်းများ၊
- ⁎ အချို့ ကြေးသွန်းကိုယ်ပွားမှပင် ဘုရားအသွင် ထင်ရှားပြခြင်း၊ စကားပြောခြင်းများ၊

* အချို့ အင်္ဂတေမံကိုယ်ပွားမှပင် ဘုရားအသွင် ထင်ရှားပြခြင်း၊ စကားပြောခြင်းများ။

ထိုဖြစ်ရပ်များကား သဒ္ဓါစိတ် ကြီးမားလေသူများ၌ မဆိတ်သုဉ်းကြသေး။ ထိုဖြစ်ရပ်များ တစ်ဆင့်စကားဖြင့်လည်း ကြားသိခဲ့ရဖူး၏။ ကိုယ်တွေ့များ၏ ပြောစကားဖြင့်လည်း ကြား သိခွင့်ရခဲ့၏။

ငါတို့ ကိုယ်တိုင်မှာမူကား . . .

* သစ်သားကိုယ်ပွားက မျက်တောင်ခတ်ပြသည်ကို ဒိဋ္ဌမြင်ရဖူး၏။

* သစ်သားကိုယ်ပွားက လက်တော် ရုပ်သွားသည်ကိုလည်း ဒိဋ္ဌမြင်ရဖူး၏။

ထိုစဉ် ငါတို့ ရန်ကုန်မှာ နေစဉ်က ငါတို့နှင့် ရင်းနှီးသော သတင်းထောက် ဒကာတစ်ဦးက သူ့တပည့်ထံ၌ ဘုရားနှစ်ဆူဖြစ်နေသဖြင့် နှစ်ဆူတစ်ကျောင်း မထားကောင်း ပြောကြလွန်း၍ တစ်ဆူ လှူလိုပါကြောင်း လျှောက်ထား၏။ အလှူခံလိုက်၏။

ထို့နောက် ထိုသစ်သားကိုယ်ပွားတော်အား ရေသပ္ပါယ်ကြရာ အများမြင် သိသိသာသာကြီးပင် မျက်တောင်တော် နှစ်စုံစလုံး ခတ်ပြတော်မူ၏။ ငါတို့မှ ဖူးရသည်မဟုတ်။ အားလုံး ဖူးကြရ၏။ ရိပ်မှန်း စိတ်မှန်း မဟုတ်။ ဦးခေါင်းမှ မျက်နှာတော်အောက် ရေဆင်းလျှောက်ချိန်၌ လှုပ်ပြ၏။ တစ်သက်နှင့်တစ်



ကိုယ် သက်ရှိဆိုတာ ဒါပဲ ဟူ၍ ပထမဆုံး ဖူးခွင့်ရခြင်းတည်း။

နောက်ဖြစ်ရပ်တစ်ခုမှာ ငါတို့ ဇာတိမြေ နတ်တလူမှာ မင်းဘိသိက်ခံ ဘုရားတည်စဉ်က ဖြစ်၏။ ထိုစဉ်က ငါတို့အား ဝတ်ကြီး ဝတ်ငယ်မှူ ပြုစုရန် ပျဉ်းမနားမှ ဒကာတစ်ဦးအား အနီး၌ ခေါ်ထား၏။ ထိုဒကာသည် တစ်နေ့ မင်းဘိသိက်ခံ ဓမ္မာရုံကြီးပေါ်ရှိ သစ်သားကိုယ်ပွား လေးတောင်ခန့်မျှသော ဘုရားအား သွားရောက်၍ အမှိုက်များ ရှင်းလင်းပေး၏။

ထိုစဉ် ဘုရား လက်ဝါးပြင် ပက်လက်ခံထဲမှ စပယ်ပန်းခြောက်များ ကောက်လိုက်ရာ ထို ကိုယ်ပွားတော်၏ ထိုလက်ကား နောက်သို့ ဆုတ်လိုက်တော့သည် ဆို၏။ သို့နှင့် လက်တော်ကြီးကများ အရှင် တပ်ဆင်ထားလို့လေလား သံသယဖြင့် ပြန်လည်လှုပ်ကြည့်ရာ ထိုစဉ်တွင်ကား မလှုပ်တော့ပြီ။ ထို ဒကာလည်း မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြင့် ပြန်ပြေးလာပြီး ငါတို့အား လျှောက်ကြားလေ၏။

တစ်သက်နှင့်တစ်ကိုယ် သက်ရှိဆိုတာ ဒါပါပဲ ဟူ၍ ဒုတိယမြောက် သိလိုက်ရခြင်းတည်း။

ထိုစဉ်က ဖြစ်ရပ်တစ်ခုလည်း ထူးခြားလွန်းသဖြင့် ဤနေရာမှနေ စကားဆိုခဲ့မည်။ ယင်းကား မင်းဘိသိက်ခံဘုရားထီးတော်သရဖူ တင်လှူမည့် နံနက်ကပင် ဖြစ်၏။ ဇီးကုန်း (ထန်းတပင်)မှ လာရောက်၍ လျှပ်စစ်မီးများအတွက် တာဝန်ခံ တပ်

ဆင်နေသော လျှပ်စစ်မျှကြီးသည် နံနက်စောစော အိပ်ရာမှ နိုးသဖြင့် ဓမ္မာရုံအောက်သို့ ဆင်းခဲ့၏။

ထိုစဉ် ဆောင်းနှင်းပန်းပုံကြီး တစ်ပုံ လှူ ရင်ဆို့ ခါးလယ်မျှ တွေ့ရရာ "အင်း သည်ပန်းတွေက ဂေါပကလူကြီးများ ဝယ်ပုံထားသည် ထင်၏။ ငါလည်း ဘုရားလှူရန် တစ်ခိုင်မျှ ယူထားအံ့" ကြံစည်ကာ ရှာဖွေ၏။ တွေ့၏။ ယင်းကား ပန်းပုံကြီး၏ ထိပ်တည့်တည့်တွင် တစ်ခိုင်တည်းသော ထူးထူးခြားခြား ခြေတံမဲ့ အပွင့်ခိုင် သက်သက်ပင်။

သို့နှင့် ယင်း နှင်းပွင့် ခြေတိုလေးအားယူပြီး တစ်ဖန် ပြန်လည် အိပ်သည်ဆို၏။ နံနက်လင်း၍ ထကြည့်သောအခါ ပန်းပုံကြီးကား မတွေ့ရတော့ပါ။ မိမိလက်မိရ နှင်းပွင့်ခိုင်လေးသာ လက်ရာမပျက် ရှိပါတော့သည်။ မည်သူမျှမယူ အလိုလို ပုံပျောက်သွားခြင်းတည်း။ မည်သူမျှလည်း မပုံထား အလိုလို ပုံရောက်လာခြင်းများတည်း။

♦ ♦ ♦



## ဥဒ္ဒိဿတို့၏ အထက်က ဥဒ္ဒိဿများ

အထက်က ဆိုခဲ့ပြီး ဘုရားသို့ ရည်စူး ရှိခိုးခြင်းငှာထိုက်သော စေတီထူးများအပြင် ဘုရားရှင်၏ ဆံတော်များသည်လည်း ရှိသေး၏။

- ✳ စေတီဆိုသော ထိုစကားသည် ကိုးကွယ်ခြင်းငှာ ထိုက်၏ ဟူ၍ပင်။
- ✳ စေတီဆိုသော ထိုစကားသည် ရှိခိုးပူဇော်ခြင်းငှာ ထိုက်၏ ဟူ၍ပင်။

သို့ဖြစ်ရာ ဆံတော်များသည်လည်း ဘုရားအဖြစ် ရည်မှတ်၍ ကိုးကွယ်ထိုက် ရှိခိုးထိုက်တော့သည်သာ။ ဆံတော်နှင့် ဘုရားတစ်ကိုယ်တွင်း အတူ ကိန်းစက်သည်များတည်း။ ထိုစဉ် . . .

(က) တဖုဿ၊ ဘလ္လိက တို့ မဇ္ဈိမ သွားစဉ်က ကိုးခွင့်ရ ဆံတော်များ။

(ခ) တိဿ၊ သီဟ စသည်တို့ ဘုရားရှင် သုဝဏ္ဏဘူမိ ကြွစဉ်က ချီးမြှင့်ခဲ့သော ဆံတော်များ။

(ဂ) ဥက္ကလာမှ ရသေ့ကြီး အဘခေါက် ဘုရားထံသွားရာမှ ကိုးခွင့်ရ ဆံတော်များ။

ထိုဆံတော်များသည် ယနေ့ မြန်မာပြည်၌ အထင်ရှားဆုံးသော ဆံတော်ရှင်များ ဖြစ်ကြ၏။ အခြားလည်း ရှိနိုင်သေး၏။ သို့တိုင်လည်း ထိုဆံတော်များသာ ရာဇဝင်နှင့်တကွ လူသိများကြ၏။ ထိုစဉ်. . .

(က) တဖုဿ၊ ဘလ္လိက တို့ ကိုးခွင့်ရဆံတော် ရှစ်ဆူများကား မော်တင်စွန်း၊ ဗိုလ်တထောင်၊ ရွှေတိဂုံ၊ တွံတေး အထိ ထင်ရှား၏။ ဆံတော်များကား ဘုရား နှုတ်ဖွင့် ဗျာဒိတ်တော်အရ ရွှေတိဂုံမှာသာ အားလုံးကိန်းဝပ်သည် ဆို၏။ သို့တစေလည်း ဗိုလ်တထောင်မှာလည်း အထင်အရှား ဖူးတွေ့နေရ၏။

(ခ) တစ်ဖန် ဘုရားရှင် သုဝဏ္ဏဘူမိ ကြွလာစဉ်က ဆံတော်များကား ကျိုက်ထီးရိုး၊ ဇင်းကျိုက်၊ ဇွဲကပင်၊ ကေလာသ၊ ကေလာသဖ နှင့် ကျိုက်မရောမှ ကြာအင်းဆိပ်ကြီးသွား အတ္ထရံမြစ် အနီးအရှိ ချောင်းနှစ်ခွရွာရှိ ထပ်ခနိန်တို့တွင်



ထင်ရှား၏။

(ဂ) အဘခေါက်၏ ဆံတော်များကား သက်န်းကွျန်း ကျိုက္ကဆံဘုရားအဖြစ် ထင်ရှား၏။

ထို စေတီများ၌ ကိန်းဝပ်သော ဆံတော်များသည် ဘုရားရှင် ကိုယ်တော်တိုင် သက်တော်ထင်ရှားစဉ်က ဆံတော်များ ဖြစ်ကြခြင်း၊ ဘုရားကိုယ်တော်တိုင် ဉာဏ်တော်ဖြင့် ဝင်စား၍ ချီးမြှင့်ပေးထားခြင်း၊ ဤ အချက်များကြောင့် အများထက် ပို၍ ထူးခြားသည်။

* အများကား ကိုးကွယ်သူတစ်ဦး၏ သဒ္ဓါ ဆန္ဒများဖြင့် ရည်စူးကိုး။
* ဆံတော်ကား ဘုရား သာဝက ဘက်စုံကျဖြင့် ရည်စူးကိုး။

သို့ကြောင့် သူတော်ကောင်းကြီးများ မှာလေ့ရှိသော စကားတစ်ခွန်း ရှိ၏။ ယင်းကား ဆံတော်ရှင်သို့ ကိုးကွယ်ဆည်းကပ်လျှင် တနင်္ဂနွေဒေါင့်မှ နေရာယူပါ ဟူ၏။

တနင်္ဂနွေဒေါင့်အရပ်သည်. . .

* ဘုရားရှင် ဗောဓိပင် ဝင်ရာ အရပ်လည်း ဖြစ်၏။
* ဘုရားရှင်အတွက် ပလ္လင်ပေါက်ရောက်ရာ အရပ်လည်း ဖြစ်၏။
* ဘုရားရှင် သဗ္ဗညုတ ဉာဏ်တော်ရရာ အရပ်လည်း ဖြစ်၏။

သို့ကြောင့် ထက်၏။ သီလသိက္ခာအားနည်းက အဖျက်ကြုံ

တတ်သည် ဆို၏။ သီလသိက္ခာ အားကြီးပါက ဘုရားရှင်နှင့် ပက်ပင်းတွေ့ခွင့်ရနှင့်မခြား လိုရာရာ ဆုထူးများအားလုံး ပြီးစီး စေနိုင်သည် ဆို၏။

* ဘုရားလက်ထက်ကလည်း သိက္ခာသီလ ဖြူစင်သူမျှသာ ခရီးရောက်ကြသည်ကို သတိပြု။
* ဘုရားလက်ထက်ကလည်း ဣန္ဒြေရင့်ကျက်သူမှသာ ခရီး ရောက်ကြသည်ကို သတိပြု။

ဆံတော်ရှင် ဘုရားများတွင်. . .

ကျိုက်ထီးရိုးကား တစ်မျိုး ထူး၏။ ထို ဘုရား တည်ပြီးစက ဆံတော်ကိန်းဝပ်ရာ ကျောက်တုံး စေတီနှင့် ကျောက်ခံမြေ အ ကြား ကြက်မတစ်ဝပ်စာ လပ်ခြားသည် ဆို၏။ ယခုတိုင်လည်း စမ်းသပ်သူများ အပ်ချည်ဖြင့် ဆွဲကြည့်လျှင် ထုတ်ချင်းပေါက် သေး၏။ ယခုတိုင်လည်း နှီးပြား ထောက်၍ တွန်းကြည့်လျှင် ထိုနှီးပြား ကွေးညွတ်နေသေး၏။

ဆံတော်သည် အသေမဟုတ် အရှင်။ သို့ကြောင့် ဆံတော် ရှင်။ ယင်းမှာ ပဲခူး စိန်သာလျောင်းဘုရားမှ ဆံတော်များက အထင်အရှားပြ၏။ ရန်ကုန် ဗိုလ်တထောင်ဘုရားရှိ ဆံတော် ကလည်း မျက်မြင်ပြလျက်က ရှိ၏။

ကြားဖူးသည်မှာ. . .

အမိုး၊ အကာ မရှိဘဲ ထားရသော စိန်သာလျောင်း ကိုယ်



ပွားတော်မြတ်ကြီးအား ပြန်လည် ပြင်ဆင်ရန် ရှင်းလင်းကြလေ သောအခါ ဘုရားကိုယ်တော်တွင်းမှ ရွှေကြုတ်ဖြင့် ပူဇော်ထား သော ဆံတော်ကိုပါ ဖူးခွင့်ရကြသည် ဆို၏။

ယင်းဆံတော်အား အများတို့ပါ ဖူးမျှော်နိုင်ကြရန် မှန်လုံ ပြခန်း ပြုလုပ်၍ ပြသထားချေရာ. . .

* ဆံတော်ကား အမြဲ လှုပ်ရှားနေသည်ကိုသာ ဖူးတွေ့ ကြရသည် ဆို၏။
* ဆံတော်ကား ရွေ့လျား လူးလွန့် ဘယ်၊ ညာကွန့် နေသည် ကိုသာ ဖူးတွေ့ကြရသည် ဆို၏။

သည့်အတူပင် . . . ဗိုလ်တထောင်စေတီမှ ဆံတော်သည် လည်း သက်ရှိအတိုင်း လှုပ်ရှားနေပါသည်ကို ငါတို့ ကိုယ်တိုင် ဖူးခွင့်ရခဲ့၏။ အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်း၌ ဖြစ်၏။ ထိုစဉ်က ဖူးတွေ့ခဲ့ရသည်မှာ ခြင်းလုံးကဲ့သို့ စနစ်တကျ လုံးနေ သည်ကို ဖူးတွေ့ရ၏။ ရံတစ်ခါ အလုံးပွ၏။ ရံတစ်ခါ အလုံး ကျစ်၏။

ထူးဆန်းသော ဖြစ်ရပ်တစ်ခုမှာ အင်္ဂလိပ်တို့ ရန်ကုန်ပေါ် ဗုံးချစဉ်က ဖြစ်၏။ ထိုစဉ်က ဆံတော်သည် စေတီတော်၏ ဆံတော်တိုက်ခန်းအတွင်းဝယ် ကိန်းဝပ်သည်ဆို၏။ ဗုံးကြဲချ ခံရချိန်တွင်ကား ဆံတော်တိုက်ခန်းမှ အလိုလိုပြောင်းရွှေ့ ဂဝံ ကျောက်တုံး၌ သွားရောက် ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ကြရ

ခြင်းပင်။

ဤကား ဆံတော်၏အရှင်ထား ဖြစ်ခြင်း သက်သေများ တည်း။

♦ ♦ ♦



## ဘုရားပုံ ဆံဖျားမှ ဖဝါးအထိ လေ့လာနိုင်ပါသည်

ယနေ့ကာလသည် ဝိဇ္ဇာခေတ် ကန်း၊ သိပ္ပံ ငန်းဖမ်းခေတ် ဖြစ်ချေရာ. . . တဏှာကြီးသလောက် သဒ္ဓါဘက်က ဗိုက် ဟောက် လာနေကြပြီ။ မာနကြီးသလောက် ပညာဘက်က တစ် ဖက်စွန်း ရောက်သွားကြပြီ။ ဒိဋ္ဌိကြီးသလောက် အတ္တဘက်က ခြေမြောက်လာကြပြီ။

သို့ကြောင့်. . . ဘာမဆို လက်တွေ့မှ ယုံလိုကြ၏။ လက် တွေ့ပြ အရချိုင်ရန်တည်း။ ထို အယုံမျိုးသည် ကိလေသာ အညစ်ကြေး ကင်းစင်သော သဒ္ဓါစစ်မျိုး မဟုတ်ကြ။ သို့ကြောင့် ယုံသလောက်လည်း မရကြ။ ယုံသလောက်လည်း လက်တွေ့ မပြရကြ။

ထိုအထဲ. . . ဘုရားဆိုတာ သူလို ကိုယ်လိုပါပဲ ဟူ၍လည်း ပါရမီတော်ကို ဥပေက္ခာ ပြုကြ၏။ ဘုရားဆိုတာ တို့ထက် မပိုပါဘူး ဟူ၍လည်း ကံတော်၊ ဉာဏ်တော်များကို ပယ်ချကြ၏။

သို့ကြောင့် ထိုဘုရားရှင်၏ ပုံတော်ကို လူတို့၏ ယနေ့မျက်စိဖြင့် လေ့လာကြည့်သင့်သည်။ ထိုစဉ်. . .

* ယနေ့ ဖူးခွင့်ရ ဆံတော်များကိုကြည့်ပြီးမှ မှတ်ချက်ချသင့်ကြသည်။
* ယနေ့ ဖူးခွင့်ရ အံတော် စွယ်တော်များကြည့်ပြီမှ မှတ်ချက်ချသင့်ကြသည်။
* ယနေ့ ဖူးခွင့်ရ ခြေတော်ရာများကြည့်ပြီးမှသာ မှတ်ချက်ချသင့်ကြပါသည်။

ဆံတော်ကား ဗိုလ်တထောင်ဘုရား၌ ကြည့်နိုင် မြင်နိုင်ကြသေး၏။ မြင်းမြီးပမာဏ တုတ်ခိုင်၏။ ဘုရားလက်လေးသစ်ဖြင့် ဖြတ်တောက်ထားသော ဆံတော်သည် လက်သမားကိုက်တံဖြင့် တိုင်းထွာကြည့် ရှစ်လက်မတိတိရှိ၏။ လက်ဆံတော်များ လေ့လာရန်။

စွယ်တော်(အံတော်)များကား သီဟိုဠ် ကန္ဒီ၌လည်း ဖူးနိုင်၏။ ပီကင်း(တရုတ်)၌လည်း ဖူးနိုင်၏။ ဖော်မိုဆာ(တရုတ်)၌လည်း ဖူးနိုင်သေး၏။ စွယ်တော်၏ လုံးပတ် အရှည်တို့ကို ကြည့်၍ ပါးစပ်တော် လေ့လာရန်။



အံတော်ကား ငါတို့ ငယ်စဉ်က တရုတ်ပီကင်းဟု ကြားမိ၏။ လွတ်လပ်ရေးခေတ် ဤမြန်မာသို့ ကြွလာခဲ့ဖူး၏။ ထိုမှပင် ဆေးရောင်စုံ ပုံအဖြစ် ရိုက်နှိပ် ဖြန့်ချီပါသည်ကို ဝယ်ယူ ပူဇော်ခွင့် ရခဲ့ဖူး၏။ ယခု မဟုတ်တော့ပြီ။ သထုံ ရွှေစာရံဘုရား၌ကား ရှိသေးသည်။ အတွင်းကိန်း ဖြစ်နေသဖြင့် လေ့လာခွင့်မရ။ ပဲခူးရွှေမော်ဓော၌လည်းရှိ၏။ ခွင့်မရ။

ခြေတော်ရာများကား ဤမြန်မာပြည် မင်းဘူး၌ပင် သွားရောက် လေ့လာနိုင်၏။ ငါတို့ အရှေ့ပရက္ကမ နေစဉ်က ထိုမှာရှိသော ဆရာတော် ဦးသီလာစာရ၏ အမိန့်ရှိချက်အရ သိခဲ့ရ၏။

ဆရာတော် ဦးသီလာစာရသည် စက်တော်ရာအစစ် ဖူးလိုလှသောကြောင့် ပွဲမတိုင်မီ အစောကြီးကပင် သွားရောက် စောင့်ဆိုင်းသည် ဆို၏။ ထိုစဉ် သူ့ဆိုင်ရာများ သော့ဖွင့် သံကွန်ချာကြီးကိုလည်း အထက်တင် ခြေတော်ခွက်တွင်းမှ ရေများကိုလည်း ပက်ထုတ်။ ပြီးစီးသောအခါ ဝင်ရောက် ဖူးမျှော်သည်ဆို၏။ ဆရာတော်၏ အဆိုအရ အလျား တစ်တောင်ခန့် (၁၈ လက်မခန့်) ရှည်လျားသည်ဆို၏။ ဖဝါးကို ထောက်၍ အရပ်တော်ကိုပါ လေ့လာကြရန်။

ဤဆိုခဲ့ပြီး ဆံတော်အရွယ်အစား၊ စွယ်တော်အရွယ်အစား၊ ဖဝါးတော်အရွယ်အစား ထို အရွယ်သုံးမျိုးတို့ဖြင့် သက်ရှိဘုရား၏ အရွယ်တော်ပမာဏကို ခန့်မှန်းလျှင် တပ်အပ်ပင်

သိမြင်ခွင့် ရနိုင်ကြပါသည်။ သဒ္ဓါမှန်ထားတတ်ကြရန် အတွက်တည်း။

ထိုအရာများသည် သဒ္ဓါမှန်သမားများ ရှိနေသေးသမျှ ပျောက်ကွယ်မည် မဟုတ်ကြသေး။

ထိုအရာများသည် သဒ္ဓါမှန် သမားများ အားထားရန် နေရာမှန် ပေးဝေနေမည်သာ။

၄။ တစ်ဖန်လည်း . . .

ကိုးကွယ်စရာ ကိုယ်ပွား ပရိဘောဂစေတီ ထားခဲ့ခြင်းကား ပရိဘောဂ ဆိုသော ထိုစကား အသုံးအဆောင် ပရိက္ခရာများ၏ အရာထား။

ဘုရားရှင် သက်တော်ထင်ရှားစဉ်က အသုံးအဆောင်များတွင်. . .

(က) သင်္ကန်း၊ သပိတ်တော် စသည် ကိုယ်ဆင် အသုံးအဆောင်များ။

(ခ) ကျောင်း၊ ညောင်စောင်း၊ သလွန်စသည် ကိုယ်တင် အသုံးအဆောင်များ။

ဤသို့ နှစ်မျိုး တွေ့နိုင်ပါသည်။ နှစ်မျိုးစလုံး ပရိဘောဂ အရာဝင်များချည်း ဖြစ်ကြပါသည်။

သို့ကြောင့်. . . ထိုအသုံးအဆောင်များသည် ဘုရားအသက်ရှင်ရာ၌ အသက်ဝင်နေကြပါသည်။ ထိုအသုံးအဆောင်



များသည် ဘုရားနှင့် တစ်သွေးတည်း တစ်သားတည်း တည်နေကြပါသည်။

ထိုစဉ်. . .

ဘုရားရှင်သည် သာမန်လူသားများကဲ့သို့ စိတ်ကို အလွတ်ထား သတိတခြား အသွားမရှိ။ ဘုရားရှင်သည် လူသာမန်တို့ကဲ့သို့ ကိလေသာနှင့်မျှား အာရုံခံစားခြင်းမရှိ။ ဘုရားရှင်သည် သာဝကတို့ကဲ့သို့ သတိလပ်ခြားသွားခြင်း ကင်း၏။

ကာလနှင့်ဝယ(အချိန်နှင့်အရွယ်)တို့သည် မျဉ်းပြိုင်ယှဉ်သွားနေကြပြီး အသက်သည် ထိုအထက်မှ စီးနင်းလိုက်ပါ၏။ ထို အသက်၏ အထက်တွင် ဘုရားသတိသည်လည်း လပ်ခြားမရှိ၊ ကပ်လျက်ကသာ ပါရှိ၏။ သို့ကြောင့် ဘာမဆို ချွတ်ချော်သွားသည် မရှိချေ။

သာဝကတို့တွင်. . .

သာမန်သာဝက မဟုတ်သော အဂ္ဂအရာ လက်ဝဲတော်ရံ အရှင်မြတ်ပင် သတိလပ်ခြားသွားချိန် မာရ်နတ်က ခန္ဓာတွင်းဝင်အသေသတ်ရန် အပြင်အဆင် ခံခဲ့ရသေး၏။ လက်ယာရံ အရှင်မြတ်လည်း ဘီလူး တင်းပုတ် အထုခံရသေး ဆို၏။

ဘုရားရှင်ကား ထိုသို့မဟုတ်ပြီ။

ဘုရားရှင်သည် အပ္ပမာဒ သတိ ခန္ဓာတော်တွင်းဝယ် အမြဲ သွင်းလျက်က ရှိ၏။ သို့ကြောင့် မည်သည့်ကိစ္စမဆို တွေးကြံနေ

စရာမလို။

ထိုဘုရား မည်သည့် အာရုံ ခံစား ခံစား ဉာဏ်တော် ပွား ဖြင့်သာ။ မည်သည့် ပရိဘောဂ သုံးသုံး ဉာဏ်တော် အစုအရုံးဖြင့် သာ။

သို့ကြောင့်. . .

သက်န်းတော်များ၌လည်း သင်္ကန်းရုပ်နှင့် ဘုရားနာမ် နှစ်တန် ကိန်းမြဲသာ။ သပိတ်တော်၌လည်း သပိတ်ရုပ်နှင့် ဘုရား နာမ် နှစ်တန် ကိန်းမြဲသာ။ အခြား အခြားများ၌လည်း ပစ္စည်း ရုပ်နှင့် ဘုရားနာမ် နှစ်တန် ကိန်းမြဲသာ။

ရုပ်နှင့် နာမ်စုံ ပစ္စည်းများ ဘုရားကိုယ်ပွား ဘုရားတစ်ဆူ အရာမြောက်သွားပြီ။

ယနေ့ ရွှေတိဂုံ၌ ရေသနုပ်တော်၊ ရေစစ်တော်၊ တောင် ဝှေးတော်များ ဘုရား၏ ကိုယ်ပွား ဘုရားရှင်များ ကိုးကွယ်ဘိသို့ အကျိုးထူးများ ပေးသနားတော်မူလျက်ကသာ။

သည့်အတူ. . . မကွေးမှ မြသလွန်တော်ကလည်း ဘုရား ကိုယ်ပွား ကိုးကွယ်အားထားခွင့် ချီးမြှင့်လျက်ကသာ။

မလွန်မှ မြသပိတ်တော်ကလည်း ဘုရားကိုယ်ပွား ကိုး ကွယ်အားထားခွင့် ချီးမြှင့်လျက်ကသာ။

ပါရမီ အဆီမဝှေ့ မနေ့တစ်နေ့ကမှ ပေါ်ထွန်းပြီး လူထဲက လူမျှသာဖြစ်သော ဦးအောင်ဇေယျကိုင် ဝါးရင်းတုတ် ယနေ့တိုင်



ယိုးဒယားသားများ မလှုပ်ဝံ့ ဖြစ်ခဲ့သေးလျှင် . . . အပွမာဏ အတုလရှင် ဘုရားကိုင် ပစ္စည်းများကား ဆိုစရာစကားပင် မရှိ တော့ပြီ။

ငါတို့ဆီမှ ဘန်ကောက်သွား အလုပ်ရှာသူသည် လက် ထောက် ကျောင်းအုပ်ရာထူး ရသည်ဆို၏။ ကျောင်းကား ၁- နာရီ ဘတ်-၂၀၀ ပေးသင်ရသော အင်္ဂလိပ်စာသင် ကျူရှင် ကျောင်း ဖြစ်၏။ ထိုကျောင်း၌ ကျောင်းအုပ်ကြီးက အမေရိကန်၊ ဆရာများက အင်္ဂလိပ်လူမျိုး၊ မြန်မာကား လက်ထောက်တည်း။

ထိုစဉ် ကျောင်းအုပ်ဆရာကြီးက လက်ထောက်အား အမှာ ထားရာ "မင်း ဒီမှာနေသမျှ ဝါးရင်းတုတ်မကိုင်နဲ့၊ မရွယ်နဲ့၊ မရိုက်နဲ့။ ငါ တာဝန်မယူနိုင်ဘူး တစ်ချက်လွှတ် သေဒဏ်ပေး လိမ့်မယ်။ အဲ သေနတ်နဲ့ ပစ်ခဲ့၊ ဓားနဲ့ထိုးခဲ့၊ ခုတ်ခဲ့ သေပစေ ငါတာဝန်ယူတယ်" ဟူ၏။ ဦးအောင်ဇေယျကိုင် ဝါးရင်းတုတ် ယနေ့တိုင် ထိုင်းသားတို့ မလှုပ်ရဲသည့် သာဓကတည်း။

အထက်ပါ ပရိဘောဂများအပြင် ဘုရားရှင် ၈-ဝါရ သုဝဏ္ဏ ဘူမိ ကြွစဉ်က ချီးမြှင့်ထားခဲ့သော မြသပိတ်တော်၊ မြသလွန် တော် စသည်များလည်း ရှိချေသေး၏။ ယင်းတို့လည်း အကျိုး ကြီးမား၏။

ဤကား စေတီ ကိုယ်ပွားအရာဝင် ပရိဘောဂများ၏ ဖြစ်စဉ်များ။

အထက်ပါ စေတီလေးမျိုးတို့သည်. . . ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ခါနီး ခွင့်ပြုသွားသည်များနှင့် သက်ရှိဆဲက ခွင့်ပြုထားသော ကိုယ်ပွားတော်များ ဖြစ်ကြပါသည်။

ထိုစဉ်. . . ပရိနိဗ္ဗာန် စံဝင်ခါနီး၌ လောကတွင် စေတီအဖြစ် ကိုးကွယ်ထိုက်သော ပုဂ္ဂိုလ်သုံးမျိုးကို ဟောကြားသွားပါသည်။ ယင်းတို့မှာ. . .

၁။ ဘုရား . . . ခာတ်ကြွင်းမျှဖြစ်သော်လည်း သက်ရှိပမာ ဖြစ်ခြင်း၊ ထားရာမြေ လူတို့မနင်းထိုက်ခြင်းများကြောင့်။ (ပစ္စေကများလည်း ပါနိုင်သည်)

၂။ ရဟန္တာ. . . ခာတ်ကြွင်းမျှ ဖြစ်သော်လည်း သက်ရှိပမာ ဖြစ်ခြင်း၊ ထားရာမြေ လူတို့မနင်းထိုက်ခြင်းများကြောင့်။

၃။ စကြာမင်း. . . တစ်ခေတ်လျှင် တစ်ပါး ပေါ်ထွန်းနိုင်ခဲခြင်း ကြောင့်။

ထိုအထဲမှာမှ ဘုရားရှင်နှင့် ပတ်သက်သော ခာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂ များလည်း ဘုရားနှင့်မခြား စေတီအရာထား ကိုးကွယ်နိုင်ကြောင်း အကျယ်ဟောသွားခဲ့ပါသည်။

ဘုရားတစ်ဆူ တစ်ဆူ၌. . .

(က) ဘုရားခေတ် - ဘုရား သက်တော်ထင်ရှားကာလ ပစ္စက္ခ။

(ခ) သာသနာခေတ် - ဘုရား မျက်ကွယ်လပ်ခြားကာလ အပစ္စက္ခ။



ထိုစဉ် ဧတဒဂ်ဘွဲ့ထူးရှင်များကား သက်ရှိကာလ၌သာ ထွန်းကား၏။ ပကတိ ဗောဓိရှင်သာဝကများကား သက်ရှိ သက်မဲ့ ကာလနှစ်ပါးစလုံးနှင့် ဆက်ဆံ၏။ သို့ဖြစ်ရာ. . . ဘုရားလည်း မမီ၊ ကျွတ်ထိုက်ရှိ ပါရမီကလည်း ရင့်နေပြီ။ ထိုဝေနေယျများ ဤသုံးဆယ့်တစ်ဘုံအတွင်းဝယ် အများအပြား ကျန်နေခဲ့ကြသေး၏။

ယင်းတို့သည်ကား . . .

ဤဆိုခဲ့ပြီး ကိုယ်ပွားတော်များအား သက်ရှိထင်ရှား ဘုရားအလား အားထားကြကာ ဘုရားသက်န်း ဝတ်ရုံ၊ ဘုရားသပိတ်ကိုလည်း ပိုက်၊ ဘုရားကျင့်သော အကျင့် လမ်းမှနေ နိဗ္ဗာန်သို့ လိုက်ခဲ့ကြရုံသာ။

♦ ♦ ♦

## လူတို့လက်နက် ယုံကြည်ချက်

တစ်ခါက. . .

ဘုရားရှင်သည် အာဠဝက ချွတ်ရန် သူ့ဗိမာန်သို့ ကြွရောက်ရာတွင်. . . အမျိုးမျိုးသော လက်နက်တို့ဖြင့်လည်း ဘုရားအား အသေသတ်ရန် အားထုတ်၏။ အမျိုးမျိုးသော နည်းတို့ဖြင့်လည်း ဘုရားအား အံတု ယှဉ်ပြိုင်၏။ မနိုင်ချေ။

ထိုအခါ သည်တစ်ခါတော့ ပုစ္ဆာမေး မဖြေနိုင် စားအံ့ဖြင့် ကြံကာ ပုစ္ဆာများ မေး၏။ ထိုအထဲ. . .

"လောကမှာ ဘာ အမြတ်ဆုံးလဲ" အာဠဝက မေး။

"လောကမှာ သဒ္ဓါ အမြတ်ဆုံးပဲ" ဘုရား ဖြေ။

**"သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"** ဟူ၍ပင်တည်း။

ဆိုလိုသည်မှာ. . .



**ဣဓ** - ဤလောက၌၊ ပုရိသဿ - ယောကျ်ား၏၊ **သေဋ္ဌံ** - မြတ်သော၊ **ဝိတ္တံ** - ဥစ္စာသည်ကား၊ **သဒ္ဓါ** - ယုံကြည်ချက် ပေတည်း။

ယုံကြည်ချက်သည် ပန်းတိုင်ကိုလည်း လက်ညှိုး ထိုးပြ၏။

ယုံကြည်ချက်သည် ပန်းတိုင် အထိလည်း တွန်းပို့ပေး သေး၏။

ထိုစဉ် သဒ္ဓါသည် သတိ သမာဓိတို့နှင့် တွဲမိလာသောအခါ ပညာကို နှိုးပေးကာ ပန်းတိုင်ကို ပြသပေးပါသည်။

သဒ္ဓါပါ ပညာ ပန်းတိုင်တက်။

သဒ္ဓါသည် ဆန္ဒ ဝီရိယတို့ အားဖြည့် ဝင်လာသောအခါ သိက္ခာအားလုံးကို စည်းရုံးကာ နောက်မှနေ တွန်းအားပေး၏။

သဒ္ဓါပါ သိက္ခာ ဆင့်တက် တက်။

ထိုသဒ္ဓါသည် နေရာတကာ စွာ၏။ အစစ်နှင့် အတုသာ ကွာခြား၏။ သဒ္ဓါစစ် မည်သည် သောဘနအုပ်စု၏ ရှေ့ပြေးဖြစ်ရာ ဘုရားစသည် ရတနာများအပေါ် သက်ဝင်ယုံကြည်ခြင်း၊ ယုံကြည်သည့်အတိုင်း လိုက်နာကျင့်ပွားခြင်း၊ ကျင့်ပွားသော အတိုင်း ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ် အမြင်မှန်ရခြင်းများ၌သာ။

သို့တစေလည်း . . . မဂ္ဂင်ခေါ် ခရီးသွား၏ အစိတ်အပိုင်းများ၌ အမှန်အမှား နှစ်ပါး ကွဲပြားနေဘိသို့ သဒ္ဓါသည်လည်း အစစ်၊ အတု နှစ်ခု ကွဲပြားနေမည်သာ။

အမှန်လမ်းသွားမဂ္ဂင်သည် သဒ္ဒါစစ်က လမ်းပြဖြစ်ခြင်းကြောင့်။ အမှားလမ်းသွားမဂ္ဂင်သည် သဒ္ဒါတုက လမ်းပြဖြစ်ခြင်းကြောင့်။

ထိုစဉ် ဗုဒ္ဓဝါဒီတို့ လက်သို့ မဂ်လမ်းခရီး နိဗ္ဗာန်ထီး ခိုလှုံရာ၌ အသုံးပြုလေ့ရှိကြသော မဂ္ဂင်ရှစ်ပါးနှင့် သဒ္ဒါပါ ဗိုလ်၊ ဣန္ဒြေစသည်များကား လမ်းမှန်အစစ် ဖြစ်ကြ၏။ ယနေ့ ဗုဒ္ဓဝါဒီများ အသင့်သုံး ဖြစ်နေတော့သဖြင့် သမ္မာကား အထူးမဆိုတော့ပြီ။ ထိုနှင့် မျဉ်းပြိုင်ထား သွားနေကြသော လောကနိဗ္ဗာန်လှူ မဂ္ဂင်ရှိ သဒ္ဒါတုကိုသာ ဤ၌ အထူးဆိုမည်။

"ကာလသား ရည်းစား မယုံ၊ သူ့ဘဝ ရည်းစား ပုံမအပ်။" သည်စကား အိမ်ထောင်ရှင်တိုင်း နားလည်ပြီးသားပင်။ သို့တိုင်လည်း သည်စကား၌ပါသော သဒ္ဒါသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ လက်အောက်ခံဖြစ်ခြင်းကြောင့်လည်း သဒ္ဒါစစ် မဟုတ်ချေ။ ပညာ၏ ဆန့်ကျင်ဘက် မာနဝင်နေခြင်းကြောင့်လည်း သဒ္ဒါစစ် မဟုတ်ချေ။

သည့်အတူ. . . လောကဖန်ဆင်းရှင်ကြီးများ၏ ဉာဏ်၌ နားသက်သော သဒ္ဒါများသည်လည်း အစစ်ကင်းကြ၏။ မိစ္ဆာမဂ္ဂင်ယာဉ်ကိုသာ တပ်ဆင် မောင်းနှင်နိုင်ကြသောကြောင့်တည်း။

ဆိုပါစို့ အဏုမြူထုတ်လုပ်သော ပါရဂူကြီးတစ်ယောက်. . . သူသည် ရူပဗေဒပညာ၏ အထောက်အကူဖြင့်



သူ့အစွမ်း သူ့အစကိုလည်း သူယုံ၏။ သူ့ထံရှိ ဓာတ်သတ္တုတို့၏ အစွမ်းအစများကိုလည်း သူယုံ၏။ ယုံသည့်နည်းတူ. . .

(က) မည်သူမျှ မထုတ်လုပ်ဖူးသေးသော ဤဗုံးဖြင့် စစ်ပွဲ ပြီးဆုံးမည်ကို သူမြင်နေပြီ။

(ခ) မြင်သည့်အတိုင်း အဏုမြူဗုံး ထုတ်လုပ်ရန် သူကြံစည်ဆုံးဖြတ်လိုက်တော့သည်။

မိစ္ဆာအတွက် ပညာမဂ္ဂင် နှစ်ပါး ဖဝါးထားပြီးပြီ။ ထို့နောက်

(က) မိုက်စကား များများ သူပြောတော့မည်။

(ခ) အမိုက်ကျင့်ထဲ ဆင့်ကဲ ဆင့်ကဲ လွှဲဝင်မည်။

(ဂ) မိုက်ကန်းသောအကြံ အပြန်ပြန် အလှန်လှန် ဝေဖန် သုံးသပ်တော့မည်။

မိစ္ဆာအတွက် သီလမဂ္ဂင်သုံးပါး ခံယူပြီးသွားပြီ။ တစ်ဖန် ထိုမျှအထိ ခရီးပေါက်ရောက်လာသောအခါ ထိုပါရဂူကြီး ထိုဗုံးကိစ္စ၌ပင်. . .

(က) စိတ်ထားကြောင့်ကြ ကိုယ်ထကြွ၊ လုံ့လ အားထား များနေပြီ။

(ခ) အောက်မေ့စဉ်းစား မှတ်ချက်ထား၊ သတိအားလည်း သွင်းထားသည်။

(ဂ) ဗုံးခန်း၌ပင် ကိုယ်စိတ်ယှဉ် ဘယ်တွင် ဘာမှ မသိပြီ။

မိစ္ဆာအတွက် သမာဓိမဂ္ဂင်သုံးပါး စုရုံးပြီးသားဖြစ်သွားပြီ။

ထိုအခါ ထို အဏုမြူပါရဂူကြီးမှာ. . . ရှက်ရကောင်းမှန်း လည်း မသိတတ်တော့ပြီ။ "ဘယ်သူတွေ ဘာပြောပြောပေါ့" ဖြင့်။ ကြောက်ရကောင်းမှန်းလည်း မသိတတ်တော့ပြီ။ "နောက် ဘဝ ရှိမှရှိပဲဟာ" ဖြင့်။ သူ့၌ လောကပါလခေါ် လူသားများအား အစောင့်အရှောက်ပေးနေကြသော ဟီရိ၊ ဩတ္တပ္ပ ဤတရား နှစ်ပါးပါ လွင့်စဉ်သွားတော့ရာ. . . ထို ပါရဂူကြီးရှိ သူ့လက်ကိုင် သဒ္ဓါ (ယုံကြည်ချက်)ကား အတုမျှသာ။

ဘာကြောင့် မေးခဲ့သော်. . .

မိမိရော သူတစ်ပါးတို့ကိုပါ ကောင်းကျိုးပြု ပန်းတိုင်သို့ လမ်းပြ မပေးနိုင်သောကြောင့်။

မိမိရော သူတစ်ပါးတို့ကိုပါ ကောင်းကျိုးပြုနေရာသို့ တွန်း မပို့နိုင်သောကြောင့်။

ဤ ပါရဂူကြီး နည်းတူ. . . လက်နက်အမျိုးမျိုး အပြိုင်အ ဆိုင် တီထွင်ထုတ်လုပ်နေကြသော ဖန်ဆင်းရှင်ကြီးများ၊ ပုံးအမျိုး မျိုး အပြိုင်အဆိုင် တီထွင်ထုပ်လုပ်နေကြသော ဖန်ဆင်းရှင်ကြီး များ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး အပြိုင်အဆိုင် တီထွင်ထုတ် လုပ်နေကြသော ဖန်ဆင်းရှင်ကြီးများ၊ ထိုပါရဂူ အစားစားများ သည်လည်း လူအားလုံးတို့ အားကိုးစရာအဖြစ် နေရာရနေကြ သဖြင့် လောကနတ်အမည်ကား ရသေး၏။ အများအပေါ် လွှမ်းမိုးရန် ကြံစည်စိတ်ဖြင့် တီထွင်ထားခြင်းကြောင့်ကား မိစ္ဆာ



အမည် နောက်တွဲ ပါလာခဲ့ကြရ၏။ နှစ်ခုပေါင်းက မိစ္ဆာနတ်များ။

ထိုအားလုံး သဒ္ဓါကို လက်ဦးသုံး နေရာအဖြစ် ထားပေးကြ ရ၏။ သူမပါပွဲမပြီး။

သဒ္ဓါ မပါ ဘယ်အရာမှ နေရာမတွေ့တတ်။

စေတနာမပါ ဘယ်ဟာမှ နေရာမရွေ့တတ်။

သတိ ဝီရိယမပါ ဘယ်ဥစ္စာမှ ရှေ့ထိုး နောက်ဆုတ် မကွေ့ ပတ်။

♦ ♦ ♦

## သမ္မာအတွက် ယုံကြည်ချက်

သမ္မာမဂ္ဂင်ကို ယာဉ်အဖြစ် ပြင်ဆင်၍ ခရီးပြင်း နှင်လိုသူများ၌လည်း သဒ္ဓါသည် မပါမဖြစ်သော ပဲခူးဆားပင်။

လောကီအရာ၌ အတုလိုက်၍ ပါရ၏။

လောကုတ္တရာ၌ အစစ် လိုက်၍ ပါရ၏။

ထိုစဉ်. . . လောကီမှနေ လောကုတ်နယ်မြေသို့ ခြေလှမ်း စ,ဝင်ကြရမည့်သူများ၊ အနုသယဘူမိ ဖြိုချလျက်က ပညာဘူမိဘက် ခရီးဆက်ကြမည့်သူများ၊ ထိုသူများအားလုံး . . . သဒ္ဓါကို ရှေ့ကတင် ဆန္ဒကို နောင်ဝင်ထား၊ သတိ၊ ဝီရိယ တွန်းကူအားများဖြင့်သာ သွားလာကြရမည်ဖြစ်ရာ. . . ဦးစွာ

(က) ဘုရားအပေါ်၌ သက်ဝင်ယုံကြည်ကြရပါမည်။ လမ်းပြ အဖြစ်တည်း။



(ခ) တရားအပေါ်၌လည်း သက်ဝင်ယုံကြည်ကြရပါမည်။ လမ်း မြေပုံ အဖြစ်တည်း။

(ဂ) သံဃာအပေါ်၌လည်း သက်ဝင်ယုံကြည်ကြရပါမည်။ ခရီးသွားဖော် အဖြစ်တည်း။

ယင်းတို့သည် ရွှေကွပ် ကြိုးတပ်ထားသော ပတ္တမြားပမာ တစ်တွဲတည်းသော ရတနာတည်း။

အထက်ပါရတနာတို့တွင်. . .

(က) ဘုရားသည်. . .

အရာရာ သတိဖြင့်သာသုံး စိတ်ကို စုရုံးလာခဲ့ပြီး ဖြစ်ခြင်းကြောင့် ဘာမဆို အကုန် သိမြင် သဗ္ဗညုတဉာဏ်ရှင်ဆိုသည်ကို သင်မယုံဘဲ မနေသင့်။

အကျိုးမရှိရာဆို တား၊ အကျိုးရှိရာဆို ညွှန်ကြား ဆိုသည်ကို သင်မယုံဘဲ မနေသင့်။

ထိုကိစ္စ အာဋ္ဌာဝက၊ အင်္ဂုလိမာလ တို့ကို မေးကြည့်ပါ။ သင် ယုံလာပါလိမ့်မည်။

**(ဟိတေစ ပဝတ္တနေန အဟိတေစ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတီတိ ဗုဒ္ဓေါ။)**

(ခ) တရားသည်လည်း . . .

တစ်ချက်မှတ်လျှင် တစ်ချက်ပင် ကိလေသာငြိမ်းဖြင့်ပင် လူအများအား သံသရာခရီးခဲထဲမှ ကယ်ထုတ်ပေးနေသည်ကို

သင်မယုံဘဲ မနေသင့်။

လူအများအား အပူသက်သာဆေး တိုက်ကျွေးနေပါသည်ကို သင်မယုံဘဲ မနေသင့်။

**(ဘဝကန္တာရ ဥဒ္ဓါရဏေန အဿာသဒဒ မမ္မေန သတ္တာနံ ဘယ ဟိံသတီတိ ဓမ္မော။)**

(ဂ) သံဃာသည်လည်း . . .

ဆွမ်းတစ်ဇွန်း ဒါနကပင် လူဘဝ၊ နတ်ဘဝအထိ တိုးပွားသည်ကို သင်မယုံဘဲ မနေသင့်။

မကောင်းတွေ့ တား၊ ကောင်းဟော့ဆို ညွှန်ကြားပေးနေပါသည်ကိုလည်း သင်မယုံဘဲ မနေသင့်။

ထိုကိစ္စ အင်္ကုရ နတ်သား၊ လာဇာ နတ်သမီးများအား သွားမေးကြည့်။

ဆိုခဲ့ပြီး ဓမ္မကိစ္စကား တရားရှင်မှန်သမျှ ဘယ်သူ့ မေးကြည့်ကြည့် အသိ။

♦ ♦ ♦



## ယုံမှအစွမ်းထက်သော ထိုလေးမျိုး

ဤနေရာသည်. . . နိမ္မိတကိုယ်ပွားသို့ သဒ္ဓါထားရာနှင့် ပတ်သက်၍ အစပျိုးနေရာ ဖြစ်ချေရာ. . . သဒ္ဓါနှင့် ပတ်သက်သမျှလည်း အတွဲလိုက် ပါရတော့မည်။ ယင်းမှာ. . .

၁။ ရတနာသုံးပါး၊

၂။ ဆေးဝါးများ၊

၃။ သူတော်ကောင်းများ၊

၄။ မိမိအစွမ်းသတ္တိ။

ထိုလေးမျိုးတို့သည် ယုံမှအစွမ်းထက်ကြသော အရာများတည်း။

၁။ ရတနာသည်. . .

တန်ဖိုးလက်ပြည့် အစွမ်းကုန်သိသော လူ၌သာ နားသက်

၏။ လူသော်မှ ကလေးသိ၊ လူကြီးသိလောက်နှင့် အကုန် သတ္တိမပြ၊ ပန်းထိမ်သည်၌သာ ရတနာ့ဂုဏ် အကုန် သတ္တိပြ၏။ ရတနာက လျှို့ထားသည် မဟုတ်။ လူက လိုက်မမီခြင်းသာ။

ထိုရတနာ တန်ကြေးမသိသော တိရိစ္ဆာန်တို့၌ မနားသက်။ ပတ္တမြား ကျောက်ထုပ် မျောက်အုပ်ထဲ ပစ်ကြည့် ကိုင်ကြည့်ရုံနှင့် ပြီးစီး၏။

သည့်ပမာ. . . ဘုရားအစထား ရတနာသုံးပါးလည်း ယုံသူ၌သာ နားသက်ကြမည်။ ရတနာ၌ရှိသော ဝိဇ္ဇာအရည်ဝင်၊ စရဏအရည်ဝင် သီလသည်. . . လူ၌ရှိသော သဒ္ဓါရွှေခွက်၌သာ နားသက်သောကြောင့်။ အလွှင့်ဓမ္မဓာတ်နှင့် အဖမ်းသဒ္ဓါဓာတ် အပ်မိကြမှ စပ်သည်ကို အစကပင် ဆိုခဲ့ပြီးပြီ။

ဘုရားရှင် လက်ထက်တော်က. . .

ထိုစဉ်က တိုင်းအမျိုးမျိုး . . . ယနေ့ကာလ အိန္ဒိယပြည်တစ်ရိုးသို့. . . ဘုရားရှင်နှင့် နောက်ပါသာဝကတို့သည် မနေမနား လှည့်လည်သွားလာတော်မူကြကာ. . . ကျွတ်ထိုက်ရှိသမျှ ဝေနေယျတို့အား ဓမ္မအလင်း ရစေကြပါသည်။ ကျွတ်ထိုက်ခြေရှိ ဝေနေယျလောင်းလျာတို့အားလည်း ဓမ္မာနုဂ္ဂဟ ချပေးခဲ့ကြပါသည်။

သို့တိုင်လည်း သဒ္ဓါအားကောင်းသူများလောက်သာ ကျွတ်တမ်းဝင်သွားကြ၏။ သဒ္ဓါနောက် ဆန္ဒ၊ ဝီရိယ ထောက်အား



ကောင်းသူများလောက်သာ အရာထင်ခဲ့ကြ၏။ သဒ္ဓါမပါသူများကား အရာထင်ဖို့ နေနေသာသာ ရတနာမှန်းပင် မသိတတ်ကြပြီ။ သို့ကြောင့် ရတနာသည် ယုံမှသာ အစွမ်းပြနိုင်သည်ကို သတိပြုသင့်သည်။

မြန်မာ့အသံက ဘယ်လိုလွှင့်လွှင့် ရေဒီယိုပိုင်ရှင်က ပိတ်ထား . . . အလကား။

ထိုစကား သင်ဘယ်လို သဘောထားမည်နည်း။

၂။ ဆေးဝါးများသည် နတ်ပေးများ မဟုတ်ကြ။

တောတောင်ရှိ သစ်ဉ သစ်ဖု စသည်များ စုဆောင်း ထောင်းကြိတ်ထားရာမှ ထဖြစ်လာသော ဓာတ်သတ္တိပြ အရာများ ဖြစ်ကြရာ. . . သုံးစားသူများ ယုံကြည်မှ အစွမ်းပြခွင့်ရကြပါသည်။ ဆေးက, တော်တော် သမားတော်၌ ယုံကြည်ဖို့ အလွန်အရေးကြီး၏။ သမားတော်များ၏ သမားဂုဏ် ယုံကြည်လျှင် ရောဂါတစ်ဝက်ကျိုးမျှ ညိုးသွားပြီ။

ငါတို့ရွာမှ ငါတို့၏ ဘကြီးတော်သူ ဆေးကိုင်သမားတစ်ဦးရှိခဲ့၏။ ယင်းသည် အာဝဇ္ဇန်းကောင်း၏(အပြောကောင်း၏)။ ဆေးစာအလင်္ကာ အရများ၏။ “ဝါကျမနိုင် စာမကိုင်နှင့်၊ ရာသီမနိုင် ဆေးမကိုင်နှင့်” စသည်များ။

ထိုဆရာ လူနာအနီးအပါး ရောက်မိလျှင် ပထမ လူနာအကဲခတ်၏။ လူနာ သတိအားချိ ဝေဒနာဘက်ကသာ အတင်း

ဖိနေက ဆေးကိုသာ နင်းတိုက်၏။ လူနာ သတိအားရှိ ဝေဒနာဘက်က မမိတမိ ဆိုပါက စကား နားသွင်းလိုက်၏။

အခုရာသီက ဘာ ဖြစ်လေ့ရှိ ရောဂါက ဘယ်လို ဆိုသည်ကို ကဗျာလင်္ကာများ ရွတ်ကာ ရွတ်ကာဖြင့် ဆေးဝါးများ ပြင်ဆင်နေ၏။ အချိန်ဆွဲ အကဲခတ်၏။ လူနာ အားတက်ရိပ် ပြလာပြီ။ နားစွင့်လာပြီ။ ထိုစဉ်. . . "ငါ့ဆေး တစ်ခွက်သာ ပက်ပက်စက်စက်ကြီး ဝင်သွားလျှင် မကြာခင် ထ ထိုင်မှာပါ"ဖြင့် အဆုံးသတ်လိုက်၏။ ဆေးတိုက်. . . မကြာပါချေ ထို လူနာ ထ,ထိုင်နေချေပြီ။

ထိုမှနောက် ဆရာ နာမည် ပေါက်သွားပြီ။

ထိုမှနောက် "ဆရာချမ်း အပင့်သွားပြီတဲ့" ဖြင့်ပင် ပျောက်ကင်းစေခဲ့ပြီ။ ထိုဆေးစွမ်း သမားဂုဏ် အစွမ်းဖြင့် အမွှမ်းတင်ထားခြင်းဖြစ်ရာ လူနာများ သမားဂုဏ် ယုံ ယုံသလောက် ထိုဆေးများက ကူထောက်ပြီ။

သမားဂုဏ် မယုံ၊ ဆေးဂုဏ် အစွမ်းမပြ။

သမားဂုဏ် ယုံသော်မှ ဆေးမယုံ၊ ဆေးဂုဏ် အစွမ်းမပြ။ လူနာများဘက်က။

ဆရာများဘက်မှမူကား . . . ယခင် သမားတော်များသည် ကိုယ်တိုင် ဆေးဖော်စပ်ပြီး သုံးရာ ဆေးအတွင်း၌ ဘာတွေ ဘာတွေ ပါသည်ကို သူသိနေချေရာ ကိုယ့်ဆေးကိုယ် မယုံတတ်။



**"ကိုယ်ဖော်တဲ့ဆေး ကိုယ်စားရဲလို့လား"**စကားက အထင်အရှား။

ယခု သမားတော်များကား သူတစ်ပါး ဖော်စပ်ပေးသောဆေးနှင့် သူတစ်ပါး သင်ကြားပေးထားသော နည်းပညာများဖြင့်သာ စမ်းသပ်ကု ကုသပေးမြဲဖြစ်ကြရာ. . . အစတွင် ဆေးနှင့် နည်းပညာ အပေါ်လည်းမယုံတတ်။ ကိုယ့်သတ္တိ ကိုယ်လည်း မယုံတတ်။

သို့ကြောင့် ပွဲတိုးစ ထိုသမားတော်များ . . . မိမိကိုယ်တိုင် ရောဂါဖြစ်လျှင် ဓာတ်ပိန္နောဆေးဖြင့်သာ ပြီးစီးကြရသည်။ မိမိ မိသားစု ရောဂါဖြစ်ခဲ့လျှင် အခြားသမားများနှင့်သာ ပြီးစီးစေကြရသည် **"သကြား ချိုမှ၊ သမား အိုမှ"** စကားလည်း အထင်အရှားပင်။

၃။ သူတော်ကောင်းမည်သည် ကိလေသာ ငြိမ်သက်အေးချမ်းသူများ ဖြစ်ကြ၏။ သို့ကြောင့် သဝန်မတို၊ သူတစ်ပါးအား ချောက်မတွန်း၊ သူတစ်ပါး ခုတုံးလုပ်၍ ကိုယ်ကျိုးမရှာတတ်။

**သန္တော** - ငြိမ်သက်အေးချမ်း ကိလေသာ မသရမ်းသော၊

**သပ္ပုရိသော** - နှလုံးပြည့်ဝ ဓမ္မကံထား လူယောကျ်ား။

ထို သူတော်ကောင်းများ၏ ဂုဏ်၊ သတ္တိ၊ စွမ်းပကား၊ ကျေးဇူးတရားများကလည်း မိမိသို့ ပေါင်းဖော်မှီဝဲလာသူကိုသာ ကျေးဇူး ပြုတတ်၏။ ပေါင်းဖော်လာသူများ၌ပင် အယုံ ကြီး၊

သေးလိုက်၍ အကျိုးပေး ကွဲပြားစေတတ်သေး၏။

သူတော်ကောင်းဘက်ကြောင့် မဟုတ်၊ အယုံထားသူများ၏ ဘက်ကြောင့်သာ။

လသည် အေးမြခြင်း ဂုဏ်လည်းရှိ၏။ အလင်းသတ္တိလည်းရှိ၏။ သို့တိုင်လည်း လ အောက် မရောက်လာသူများအား အကျိုးမပြုနိုင်ပါ။ လ အောက် ရောက်လာသူများသော်မှ မျက်စိကုန်အစုံလိုက် ကန်းနေသူအား အလင်းဖြင့် ကျေးဇူးမပြုသာပါ။ အဝတ်ထူထူခြုံ ကိုယ်လုံအောင် ဂုက်ထားသူအား အအေးဖြင့် ကျေးဇူးမပြုသာပါ။

သည့်ပမာ. . . သူတော်ကောင်း သန္တာန်ရှိသော သီလ၊ မေတ္တာ နှင့် သဒ္ဓါ၊ ပညာများကလည်း မိုက်ကန်းသူနှင့် မယုံသူများသို့ မည်သို့မျှ အစွမ်းမပြသာပါ။ သူတော်ကောင်း၏ သိက္ခာသည်လည်း သဒ္ဓါနှင့်ဖမ်းမှသာ အစွမ်းပြသာသောကြောင့်။

၄။ လူတို့တွင်. . .

အရေးကြီးဆုံးကား ကိုယ့်သတ္တိ ကိုယ် ယုံဖို့ပင်။

ဘာမဆို မလုပ်ခင်ကတည်းက ဖြစ်မှ ဖြစ်ပါ့မလားဆို ကိုယ့်ကိုယ်ကို ယုံရာမရောက်ပြီ။ သူတစ်ပါးအပေါ် ဘဝကုန်ပုံအပ်ထားသူ မှန်သမျှသည်လည်း ကိုယ့်ကိုယ်ကို မယုံကြည်သူများသာ။

ဓားသည် သွေးပေးမှ ထက်၏။ မသွေး မထက်။



သတ္တိသည်လည်း ပွဲတိုးပေးမှ ထက်၏။ ပွဲမတိုးဖူးက မထက်။

ထိုသို့ ကိုယ့်သတ္တိ ကိုယ် အယုံသွင်းပေးရာ၌ တာဝန်သုံးပါး ထားရသည်။ ယင်းတို့မှာ. . .

ပထမ - မြင့်မြတ်စိတ် ထားပေးပါ။

ဒုတိယ - စူးစမ်းစိတ် ရှေ့ပြေးပို့ပေးပါ။

တတိယ - စိတ်ကူးနှင့် ပုံဖော် မချော်အောင် ထားပေးပြီး အလုပ်လုပ်ပါ ဟူ၏။

ဤ၌ မြင့်မြတ်စိတ် ထားပေးပါ ဆိုသည်မှာ အကြံစည်မြင့်မားခြင်းကိုလည်း ဆို၏။ အပြစ်ကင်းစင်စေခြင်းကိုလည်း ဆို၏။ ထိုစဉ်. . . ကြံကတည်းက ကုန်စိမ်းသည်လောက် ကြံစည်ခဲ့ပါသော် အကျိုးပေးလည်း အရောင်းသွက်ပါမှ နေ့တွက် ကိုက်ရုံလေးသာ။ သို့ကြောင့် ကြံကတည်းက မတန်သည်ကို တက်ကြံရမည်။ သို့မှသာ အသာနေခွင့် မရတော့သဖြင့် ဆန္ဒ၊ ဝီရိယများ တိုးပွားလာမည်။ လက်ဝယ် တစ်သိန်း အရင်းရှိနေပါက ဆယ်သိန်း အထက်ထိအောင် အလုပ်ကို တိုးမြှင့်ပေးထားကာ မိတ်ကောင်းထံမှ အကြွေးယူ လုပ်ရမည်။ သို့မှသာ သောကဆွဖြင့် စိတ်အမြဲ နိုးထနေစေပါမည်။ ထိုလူသား သုံးနှစ် ခရီးပြင်းတိုး အကျိုး၊ အပြစ် နှစ်ခင်း တစ်ခင်းခင်း တိုးမိတော့သည်သာ။

အကျိုးထူးလည်း အယုံတိုး။

အကျိုးမထူးလည်း ပွဲတိုးဖူးသဖြင့် အယုံတိုး။

ယနေ့ရှေ့က အောင်ပွဲခံနေသူများ အစက သင့်လို သတ္တိကြောင်ချည်းသာ။ ကြောက်တတ်သော လူစွမ်းကောင်း သုံးဦး ဇာတ်လမ်း ဤ၌ အခန်းဝင်လာပြီ။ မိတ္ထီလာမှ နာမည်ကြီး ဦးမာ၊ ယခင်က သူ့နာမည် မောင်ပျော့ ဤ၌ သွင်းသင့်ပြီ။

♦ ♦ ♦



## သဒ္ဓါမချို့ ကူးတို့တက်ကြ

ဤဆိုခဲ့ပြီး ယုံကြည်ချက်များတွင်. . .

ဘုရားအပေါ်၌ အသက်ဝင် ယုံကြည်ခြင်းသည် ဤ၌အဓိက။ ဘုရားရှင်သည် ဝေနေယျတို့အကျိုး သယ်ပိုးပေးရာ၌. . . သက်ရှိတုန်းကလည်း နိမ္မိတကိုယ်ပွားထားဖြင့် ကူဖြည့်ပေးခဲ့၏။ သက်မဲ့ကာလမှာလည်း နိမ္မိတကိုယ်ပွားထားဖြင့်ပင် ကူဖြည့်ပေးနေ၏။

(က) ဓာတု၊ ဓမ္မ၊ ဥဒ္ဒိဿ၊ ပရိဘောဂ များသည် ဘုရားကိုယ်ပွား နိမ္မိတများ။

(ခ) အကျင့်တူ၊ အမြင်တူ၊ အဆင်တူဖြင့် ထားခဲ့သော သံဃာသည် ဘုရားကိုယ်ပွား နိမ္မိတများ။

ထိုစဉ် ထိုအားလုံး အထက်ကပင် ရှင်းပြခဲ့ပြီးပြီဖြစ်ရာ ဤ၌

ကား ကိုယ်ပွားအရာထား နိမ္မိတဘုရား(ဥဒ္ဒိဿဘုရား) တစ်ပါးကိုသာ သီးခြား၀,ကွက် သင့်လက်သို့ အပ်ခဲ့မည်။

ဘုရား သက်တော်ထင်ရှားစဉ်က သာဝတ္ထိပြည်၌ပင် ၁၈-ဝါ လုံးလုံး သီတင်းသုံး၏။ ထို ပြည်သူ၊ ပြည်သား အများသည် ဘုရား ပေးသောတရား စားစား သွားသွား နားနား နေနေ ယုံကြည် မြဲမြံစွာ အသုံးချ ရှုပွားနေသောကြောင့်။

ထိုစဉ်က သာဝတ္ထိ လူဦးရေသည် ခုနစ်ကုဋေ (အချို့ တစ်ကုဋေ ဆို၏)ရှိရာ. . . ငါးကုဋေကား အရိယာ၊ သောတာ၊ သကစသည့် အဖြူသမားများ၊ တစ်ကုဋေကား သရဏဂုံတည် ကလျာဏစသည့် သတိမလွတ်သမားများ၊ ကျန် တစ်ကုဋေကား ဘာသာခြား ဖြုဟ္မဏ၊ ဂျိန်းစသည့် ဘာသာဝင်များ။ တွေ့တိုင်း မယုံ၊ ယုံတိုင်းလည်း ဂုဏ်မတက် ပုံ သက်သေ အထောက်အထား။ ထိုအထဲ ဘာသာခြားမှတစ်ပါး အများအပြားတို့ကား ဒါယကာ ဒါယိကာမများ။ ထိုအထဲ ဝိသာခါ၊ အနာထပိဏ်တို့ကား ဘုရားရှင်၏ ဥပသကီ၊ ဥပသကာနှစ်ပါး။

ထိုစဉ်. . .

**ဒါယက**သည် ပေးလှူ ပူဇော်တတ်သော အယုံရှင်များ၏ အမည်ပင်။

**ဥပါသက**သည် မပြတ် ဆည်းကပ်တက်သူ အယုံရှင်များ၏ အမည်ပင်။



ဤ၌ ဥပသက ဝေါဟာရစကား စဉ်းစားကြည့်ရာတွင်. . . **ဥပ**-သည် သမီပ ကိုယ်စား အနီးအပါးကိုလည်း ညွှန်းပါသည်။ **သက**- သည် ဘောဂ၊ ဓနတို့ ကိုယ်စား ဥစ္စာများကိုလည်း ညွှန်းပါသည်။ သို့ကြောင့်. . . **ဥပသက** ဆိုသည်မှာ ဆည်းကပ်တတ်သူထဲမှ အနီးကပ်ဆုံးသော ဥစ္စာအရာ ဝင်သူများတည်း။

မိဘ၏ အနီးဆုံးဥစ္စာသည် သားသမီး၊ သားသမီးများ၏ အနီးဆုံး ဥစ္စာသည် မိဘတည်း။

လင်၏ အနီးဆုံးဥစ္စာသည် မယား၊ မယား၏ အနီဆုံးဥစ္စာသည် လင်သားပမာတည်း။

ဤတွင် ဘုရားရှင်နှင့် ဝိသာခါ၊ အနာထပိဏ်တို့ကိုကြည့်ပါ။ ဤ သတ္တနှင့် သာဝက နှစ်ဝသည်. . .

(က) အကျင့် အမြင်အားဖြင့်လည်း အရိယာနှင့် အရိယာဇာတ်ဝင်အဖြစ် နီးစပ်၏။

(ခ) တာဝန်ထမ်းရာ၌လည်း ဆရာ ဒကာအဖြစ် နီးစပ်၏။

သို့ကြောင့် ဘုရားရှင်သည်. . . ထို နှစ်အိမ်တို့သို့ အကြောင်းရှိသလို မပင့်ဘဲလည်း ကြွတော်မူ၏။ ထို နှစ်အိမ်တို့မှနေ ဟောဖော်ထားသော တရားများလည်း များစွာပင်ရှိ၏။

**ဥပသက**-အနီးကပ်ဆုံးသော ဥစ္စာ၏ သင်္ကေတများတည်း။

ထိုစဉ် ဝိသာခါသည်လည်း ဘုရားကြွလာလျှင် သီတင်းသုံး

ရန် သီးခြားကျောင်းတော်အဖြစ် အိမ်ဦး၌ အခန်းဖွဲ့ထား၏။ အနာထပိဏ်သည်လည်း ဘုရားကြွလာသော် သီတင်းသုံးရန် သီးခြားကျောင်းဆောင်အဖြစ် အိမ်ဦး၌ အခန်းဖွဲ့ထား၏။ ယနေ့ ဗုဒ္ဓဝါဒီတို့ အိမ်ဦးခန်းရှိ ဘုရားဆောင်များကား ဤမှ ဆင်းသက်လာ၏။ ထို သီးခြားနေရာတော်သို့ ဘုရားရှင် မှတစ်ပါး မည်သူမျှ ထိုင်ခွင့်မရချေ။

ယနေ့သည်ကား . . .

သက်တော်ထင်ရှား ဘုရားကား ကြွမလာနိုင်တော့ပြီ။ ကျောင်းဆောင်များကား ဝိသာခါ၊ အနာထပိဏ်တို့ ရှိစဉ် တုန်းကအတိုင်း ဗုဒ္ဓဝါဒီတို့ နေအိမ်မှန်သမျှတွင် အထင်အရှားပင် ရှိနေပါသေးသည်။ သို့ကြောင့် ကျောင်းထား ဘုရားလည်း ဧကန်ပင် ကြွရောက်ရပါမည်။ သည်တွင် ဗုဒ္ဓဝါဒီတို့ လက်တွင် သဒ္ဓါလက်နက် အသက်ဝင်ဖို့ လိုလာပါသည်။

သဒ္ဓါဖြင့်ပင် ဘုရား ပင့်ရန်တည်း။

သဒ္ဓါဖြင့်ပင် ဘုရားဆည်းကပ်ကြရန်တည်း။

သဒ္ဓါဖြင့်ပင် ပြုစုလုပ်ကျွေးကြရန်တည်း။

သစ်သားကား သစ်သားပင်၊ သဒ္ဓါအသက်ဝင်က ဘုရားအသက်ရှင် ဖြစ်လာပါမည်။ သစ်သားကား သစ်သားပင်၊ ပညာဉာဏ်ယှဉ်က ဘုရားအသက်ဝင် ဖြစ်လာပါမည်။

သဒ္ဓါကား ပြည့်ဝ၏။ ပညာမရှိက သစ်သားမှာပင် လမ်းဆုံးသည်။

ပညာကား ရှိလှ၏။ သဒ္ဓါရည်မလှည့်က သစ်သားမှာပင် လမ်းဆုံးပြီ။

သဒ္ဓါနှင့် ပညာအကြား သမာဓိကြားခံထားပေးမှ ဝိသာခါ အနာထပိဏ် အရာဝင်ပါမည်။ သဒ္ဓါနှင့် ပညာအကြား သမာဓိ ကြားခံထားပေးမှ သစ်သားနှင့် ဘုရား ကိုယ်ပွားအရာ ဝင်ပါမည်။

**သဒ္ဓါသည် ကူးတို့ဆိပ်သွား လှေဖောင်စီးရာ၏ ရှေ့ထားတည်း။**

♦ ♦ ♦

## ဖုန်းနံပါတ် လှည့်ပေးပါ

လောကတွင်. . .

အလှမ်းဝေးသမားချင်း စကားပြောလိုရာ၌ ကြားခံအဖြစ် တယ်လီဖုန်းများ တပ်ဆင်ထားကြရပါသည်။ ထို တယ်လီဖုန်းများတွင်လည်း လက်ညှိုးထည့်၍ လှည့်ကြရန် နံပါတ် အသီးအသီး တပ်ပြီးပင် ရှိနေပါသည်။ သို့တိုင်လည်း . . . နံပါတ်မှားက ကိုယ်လိုရာနှင့် စကားပြောခွင့် မရပါ။ လိုင်းပျက်နေကလည်း ကိုယ်လိုရာဘက် ဆက်သွယ်ခွင့် မရပါ။

နံပါတ်လှည့်လည်း တည့်နေပြီ။ လိုင်းလည်း ကောင်းနေပြီ ဆိုပါက "နံပါတ်ကြို"နှင့် "ဟာလို"သည် ရှေ့ဆင့် နောက်ဆင့်ပင် အလိုလို ပေါ်ထွက်လာပါသည်။

ကိုယ်လိုရာဘက်က ထိုသို့ နှုတ်ခွန်းဆက် ထွက်ပြူလာ



သောအခါ. . . နှစ်ဖက်စလုံးပင် ကိုယ့်ရှေ့ရှိ တယ်လီဖုန်း စိတ်လုံးလုံး မရောက်ကြတော့ပါ။ နှစ်ဖက်စလုံးပင် အဝေးရှိ အနီးဝင်ချင်း စကားတင်း နားသွင်းပြုတော့သည်။ ထိုတယ်လီဖုန်းကား လူချင်းများ၏ ကြားခံမျှသာ။

သည့်ပမာ. . .

ဗုဒ္ဓဝါဒီတို့ အိမ်ဦးရှိ ကိုယ်ပွားတော်များသည်လည်း ဓမ္မဓာတ်မျှ ပွင့်လျက်ရှိသော နိဗ္ဗာန်ဝင် ဘုရားနှင့် မနောဓာတ်ဖွင့်လျက်က အာရုံယူနေကြသော ဥပသကာများတို့၏ အကြားတွင် နိမ္မိတကိုယ်ပွား အာရုံဝင်စားရာ ကြားခံမျှသာ။

အကယ်တိတိ. . . ဥပါသကာ (ဥပသကီလည်းပါ)တို့ဘက်က သဒ္ဓါဓာတ်ကလည်း ဓာတ်အား ကောင်းကောင်းဖြင့် ဖမ်းပေးမည်။ ဆန္ဒ၊ ဝီရိယ ဓာတ်အားများကလည်း ဘုရားထံတော်မှောက်သို့ စိတ်ဝင်စေတနာများကို တွန်းပို့ပေးနိုင်မည် ဆိုပါက ဘုရားဂုဏ် ကိုးပါး တစ်ပါးပါး ပွားရုံဖြင့် ဘုရားပုံသွင် အာရုံစဉ် ထင်လာစေပါသည်။

လက်သန်းလောက်မျှသော ဓာတ်ခဲခြောက် နှစ်လုံးတပ် ရေဒီယိုငယ်လေးဖြင့် ကမ္ဘာ့နောက်ဖျားက လွှင့်ထုတ်ပေးသော ရေဒီယိုအသံများ ဖမ်းမရသည်ကို သတိပြု။

ထိုသို့ ဘုရားပုံသွင် မိမိစိတ်၌ အာရုံ ထင်လာသောအခါ ဦးစွာ သီလခံယူပါ။ ထို့နောက် ရဟန်းတစ်ပါးအား ပင့်ဖိတ်

ဆွမ်းကျွေးရာ၌ ပြင်ဆင်ထားရှိသော နေရာ အသန့်အပြန့် ဆွမ်းဘောဇဉ် ထည့်သိုရာ ပန်းကန်ခွက်များ၊ ဆွမ်း ဘောဇဉ် တင်၍ ကပ်လှူရာခုံ၊ ထို့နောက် ဆွမ်းမစားမီ စားပြီး အသုံးပြုသော သုံးရေ သောက်ရေများ၊ ဆပ်ပြာ လက်သုပ်ပဝါ စသည်များနှင့် အဆများစွာ သာလွန်သော အပြင်အဆင်ဖြင့်. . .

ဘုရားရှင် သက်ရှိထင်ရှားကဲ့သို့ ရိုသေစွာကပ်လှူပါ။

ဘုရားရှင် သက်ရှိထင်ရှားကဲ့သို့ ရိုသေစွာ ချဉ်းကပ်ပါ။

ဘုရားရှင် သက်ရှိထင်ရှားကဲ့သို့ အချိန်ကို အတူထား စောင့်နေပါ။

သည်သို့သာ ယနေ့ နောက်နှောင်းနေ ဝေနေယျတို့ဘက်မှ ပြုကျင့်တတ်ခဲ့ပါသော်. . . အကျိုးပေးများသည် ဘုရားရှိတုန်းက အတိုင်း မဆိုင်း အကျိုးပေးနေပြီသာ။ အကျိုးပေးများသည် ကံဆိုကံ၊ ဈာန်ဆိုဈာန်၊ ဉာဏ်ဆို ဉာဏ်၊ သန်ရာ မြားလှည့်ပေးနေပြီသာ။

ကလေးများ သကြားလုံး စားသုံးကြရာ၌ လူကြီးများက
"နင် ဘာစားနေသလဲ" မေး . . . "သကြားလုံး"၊
"နင့်ပါးစပ်ထဲက ဘာလဲ" မေး . . . "သကြားလုံး"
ပြောမည့်သာ ပြော၏။ တကယ် မျိုချလိုက်သောအခါတွင်ကား ကိုယ့်တံတွေးကိုယ်သာ။

သည့်ပမာ နိမ္မိတကိုယ်ပွားမှတစ်ဆင့် ဘုရားပေးသော



အမွေတော်ကား ဓမ္မဓာတ် ဗုဒ္ဓဓာတ် (ခေါ်) အချိုဓာတ်၊ အချဉ်ဓာတ်မျှသာ။ အနီးတွင်း ချဉ်းကပ်လေသူ ဥပါသကာ၊ ဥပါသကာတို့ရှိ သဒ္ဓါအားကသာ မိမိဘဝအကြား(ခန္ဓာအကြား) မုချအကျိုး၊ ဆင့်ပွားအကျိုးများအဖြစ် တိုးစေပါသည်။

ဤ နိမ္မိတကိုယ်ပွားဖြင့်ပင် ရှေ့တန်းဝင် အရှင်များ ဘုရားနှင့် ဖဝါးထပ် နိဗ္ဗာန်အထိ လိုက်ပါခွင့် ရသွားခဲ့ကြပြီ။ ဤ နိမ္မိတကိုယ်ပွားဖြင့်ပင် ထောက်ပို့မှ ဥပါသကာ၊ ဥပါသကာများလည်း ဘုရားရှင် ကြွသွားရာ နိဗ္ဗာန်အထိ လိုက်ပါခွင့် ရရှိသွားခဲ့ကြပြီ။

သက်ရှိထင်ရှား ဘုရားနှင့် တွေ့ခွင့်ရနှစ်ကား ၄၅-နှစ်၊

နိမ္မိတကိုယ်ပွားနှင့် တွေ့ခွင့်ရနှစ်များကား ၂၅၄၇-နှစ်၊

ဗုဒ္ဓနှင့် ဗုဒ္ဓနိမ္မိတ သတ္တဝါတို့ကို ဖူးခွင့်ပေးရာ၌ သည်မျှကွာခြားနေသဖြင့် တစ်ဖန် ဆက်စဉ်းစားလိုက်ပါဦး။

သက်ရှိထင်ရှားဘုရားနှင့်အတူ ကျွတ်တမ်းဝင်ကား ၂၆-ကုဋေနှင့် တစ်သိန်း၊

နိမ္မိတဘုရားကြောင့် ကျွတ်ခွင့်ရနေသူများကား . . .

(က) ပြီးခဲ့သော သာသနာနှစ်များအတွင်းကလည်း ဘယ်လောက် ဘယ်လောက် မှန်းမသိ။

(ခ) ယခုရောက်ဆဲ သာသနာနှစ်အတွင်းလည်း ဘယ်လောက် ဘယ်လောက် မှန်းမသိ။

(ဂ) နောင် သဒ္ဓါ မဆိတ်သုဉ်းသမျှတွင်လည်း ဘယ်လောက်

ဘယ်လောက် မှန်းမသိ။
သီဟိုဠ်ခေတ် တစ်ခေတ်ထဲမှာပင် အသချေ်နောက် အနန္တ ပေါက်ခဲ့၏။ ထိုမှနောက် အိန္ဒိယ၌ ကျန်နေသေးသော လက်ကျန် ဝေနေယျများ၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ ထေရဝါဒနိုင်ငံများရှိ လက်ကျန်ဝေနေယျများ၊ အခြား ကမ္ဘာအရပ်ရပ်ရှိ လက်ကျန် ဝေနေယျအစားစား၊ ယင်းတို့ပါ ပေါင်းယူသော် ယခင်ကပင် ဘယ်လောက် ဘယ်လောက် မှန်းမရခဲ့ပြီ။ ယခုလည်း ဘယ်လောက် ဘယ်လောက် မှန်းမရ။ နောင်လည်းပဲ ထို့အတူသာ။

ဤသည်မှာ နိမ္မိတကိုယ်ပွားတော်က စောင့်ခေါ်နေခြင်း အကျဉ်းတည်း။

ဤ၌ အပြန်အားဖြင့် မှတ်သားစေချင်သေးသည်မှာ ထို နိမ္မိတကိုယ်ပွားတော်အား သစ်သားပဲ၊ ကျောက်ဆစ်ရုပ်ပဲ၊ စက္ကူပေါ် ပန်းချီဆေးရေးပဲ ဆိုတာ မရှိမသေ ပြုကျင့်မိမှားကလည်း သက်ရှိဘုရား ဒေဝဒတ်၊ စိဉ္စမာနတို့ ဆက်ဆံပုံနှင့်မခြား အပြစ်ရများလည်း တစ်သားတည်းသာ။ ဘုရားကမဟုတ်၊ မိမိစေတနာကြောင့်။

♦ ♦ ♦



## သင့်အား အမေးထားချင်၏

ဤ စာစဉ်သည်. . .

ဘုရားကိုယ်စား ကိုယ်ပွားတော်အဖြစ် ကိုးကွယ်အားထားသော ဘုရားက အကျိုးပေးပုံများကို ပြဆိုထားရာ ဖြစ်သဖြင့် **“သိဒ္ဓန္တ နိမ္မိတ ကထာ”** အမည်တွင်၏။

**သိဒ္ဓန္တ** - အကျိုးခရီး ပြီးဆုံးစေနိုင်သော၊

**နိမ္မိတ** - ဘုရားအလား ကိုယ်ပွားထား ဘုရား။

ထိုသို့ ပြဆိုရာ၌. . . ဗုဒ္ဓဝါဒီတို့၏ ကိုယ်ပွားထား ကိုးကွယ်ရခြင်း အကြောင်းကိုလည်း ကောင်းကောင်း သိစေချင်၏။ ဗုဒ္ဓဝါဒီတို့၏ စိတ်အစဉ်ဝယ် ယုံကြည်ချက် သက်ဝင်တတ်ရန်လည်း ဖြစ်၏။

သို့ဆိုသော်. . . ငါတို့ဘက်မှ တာဝန်ကား ကျေပါပြီ။

သင့်ဘက်ကသာ လင်ထားမယားနေများလောက် အယုံလုံလောက်ဖို့ လိုပါတော့သည်။ လင်ယူမယားထား၌သွားသော ဆန္ဒအားလောက် ဖွားမြောက်ဖို့ လိုပါတော့သည်။

သင့်၌ သည်လောက် မရှိချင် နေပါစေဦး။ သင့်ဘက်ကသာ ထမင်းဆာသလောက် သဒ္ဓါ ဆန္ဒအားများ လားလားလောက်ဖို့သာ လိုပါတော့သည်။ မီးဘေး၊ မင်းဘေးများ ကြောက်သလောက် အပါယ်ဒုက္ခ ကြောက်နေဖို့သာ လိုပါတော့သည်။

သင်သည် ထိုဆိုခဲ့ပြီးသောအတိုင်း . . .

ဤနိမ္မိတ ကိုယ်ပွားအပေါ်၌ အယုံထား အသွားများ၏လော။

ဤနိမ္မိတ အကူဖြင့် ဓမ္မဓာတ်များ အားသွင်းပါ၏လော။

ဤနိမ္မိတ အကူပေးဖြင့် အပါယ်ဘေးမှ ကင်းဝေးစေပြီးပြီလော။

♦ ♦ ♦



## ကျမ်းပြီးနိဂုံး

**ဗုဒ္ဓဿစ ပမာဏာယံ၊ ရူပကံနိမ္မိတံ ကတံ၊**
**သရဏံ ဗုဒ္ဓမေဝါတိ၊ သမေတိ ဘဇ ဖလကံ။ ။**

**ယော** - သူတော်ကောင်း အစားစား အကြင်ဗုဒ္ဓဝါဒီများသည်ကား၊
**ဗုဒ္ဓဿ** - သက်တော်ရှိ ဘုရားရှင်နှင့်၊
**ပမာဏံစ** - အလားတူပင်လျှင်၊
**နိမ္မိတံ** - ကိုယ်ပွားစင်စစ် ရုပ်စဉ် နာမ်ကိန်းဖြစ်သော၊
**ရူပကံ** - စိတ်အာရုံပြု ရုပ်တော်စုကို၊
**ကတံ** - ပြုစုစီရင် ရှိဦးတင်လျက်က၊
**အယံ** - ဤသည်ကား၊

**ဗုဒ္ဓမေဝ** - သက်ရှိလျှင်ဖြစ် ဘုရားရှင် အစစ်ပေတကား။
**ဣတိ** - ဤသို့၊
**သရဏံစ** - သက်ရှိအမှတ် အဖန်ဖန် အထပ်ထပ် အောက်မေ့လတ်သော် လည်းကောင်း၊
**ဘဇံစ** - ဆွမ်း၊ ပန်း၊ ရေချမ်း လှူဒါန်းပုံသေ ရှိသေပျပ်ဝပ် မှန်ဆည်းကပ်သော် လည်းကောင်း၊
**ဗုဒ္ဓမေဝ** - သက်ရှိဘုရား ဖြစ်ငြား သူ့ရှေ့သွားရောက် တွေ့ခွင့်ရအလားပင်။
**ဖလကံ** - အကျိုးလက်ပြည့် ကိုယ်တိုင်မိကား၊
**သမေတိ** - ညီမျှစေသည် တကား။ ။

**မဟာဗောဓိမြိုင်ဆရာတော်**
၁၃၆၅-ခုနှစ် တပို့တွဲလဆန်း ၅-ရက်နေ့။